www.burmeseclassic.com

# ပျောက်ဝေ့ဝန်းသူ

## ခင့်လှတ်ခြင်း သုနီး

နှင့်

မိုပါဆွန်း

ဝတ္ထုတိုများ

www.burmeseclassic.com

၁၊ ဧပြီလ၊ ၂၀၀၁

မောင်လွင်ပြင်
စီစဉ်သည်

အာရုဏ်ကောင်းကင်
စာအုပ်တိုက်

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်**
**မြန်မာနိုင်ငံသား အားလုံး၏ တာဝန်ဖြစ်သည်။**

www.burmeseclassic.com

# မောင်ထွန်းသူ

အမည်ရင်း ဦးတင်ထွန်း၊ ဦးဖေတင်၊ ဒေါ်ဖြူတို့မှ ၁၉၃၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့၌ မွေးဖွားခဲ့၊ ပျော်ဘွယ်၊ ရမည်းသင်းနှင့် ပျဉ်းမနားမြို့များရှိ အမျိုးသားအထက်တန်းကျောင်းနှင့် အစိုးရတန်းမြင့်ကျောင်းများ၌ ပညာသင်ကြားခဲ့။ ၁၉၅၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ၁၉၅၅ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ စင်ကာပူနိုင်ငံရှိ မာလာယုတက္ကသိုလ် (University of Malayu) ၌ ပညာသင်ကြားခဲ့။ ၁၉၅၈ ခုနှစ်တွင် မာလာယုတက္ကသိုလ်မှ လူမှုသိပ္ပံ ဒီပလိုမာဘွဲ့ ရရှိခဲ့။

၁၉၅၈ ခုနှစ်မှ ၁၉၈၃ ခုနှစ်အတွင်း လူမှုဝန်ထမ်းဌာန၊ ပြန်ကြားရေးဌာန၊ အထူးစုံစမ်း စစ်ဆေးရေးဌာနတို့၏ အစိုးရအရာရှိအဖြစ် တာဝန် ထမ်းဆောင်ခဲ့။ ၁၉၇၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ပညာသင်ဆု ရရှိခဲ့သဖြင့် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ကာ လူမှုသိပ္ပံသင်တန်းများ တက်ခဲ့။ ၁၉၈၃ ခုနှစ်တွင် ဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့။

အထက်တန်းကျောင်းသားဘဝကတည်းက စာတိုပေစများ ရေးသားခဲ့၊ ၁၉၆၂ ခုနှစ်တွင် မောင်ထွန်းသူ၊ ထွန်းနိုင်ဦး၊ ဉာဏလုပ်သားတစ်ဦး စသော ကလောင်အမည်များဖြင့် ဆောင်းပါး၊ ဝတ္ထုတိုများ စတင်ရေးသားခြင်းဖြင့် စာပေနယ်အတွင်းသို့ ဝင်ရောက်ခဲ့။

ယနေ့အချိန်ထိ လုံးချင်းဘာသာပြန် ဝတ္ထုပေါင်း ခုနှစ်ဆယ်ကျော်မျှ ထွက်ခဲ့ပြီးဖြစ်။ ယင်းတို့အနက် 'တောင်ပံမဲ့သည့် ငှက်ငယ်များ (ပင်ကို)၊ ရဲတိုက်၊ ကင်မီလီ၊ တက်စ်၊ သံမဏိကြက်ခြေ၊ ဒေါသမာန်၊ တို့ပိုင်တဲ့မြေ၊ တို့ဘဝ တို့ကမ္ဘာ၊ သစ္စာရှင်၊ နှစ်လောက၊ ဇာစ်မြစ်၊ နောက်ဆုံးမြေ၊ တော်လ်စတွိုင်း ဝတ္ထုတိုများနှင့် ဆိုင်ဂုံ' စသည့် စာအုပ်များ ထင်ရှားခဲ့။ ပထမဆုံး ဘာသာပြန်ဝတ္ထု 'ရဲတိုက်'ဖြင့် ၁၉၈၃ ခုနှစ်၊ အမျိုးသားစာပေ (ဘာသာပြန်ရသ) ဆု ရရှိခဲ့။

၁၉၈၃ ခုနှစ်မှ စတင်၍ စာပေလောကတွင်းသို့ လုံးဝ ဝင်ရောက်ခဲ့သော မောင်ထွန်းသူသည် ယခုအချိန်ထိ စာပေများကို ရေးသားပြုစုနေဆဲ။

www.burmeseclassic.com

## ကြည်နိုင်၏ ထုတ်ဝေပြီး စာအုပ်များ

၁။ ကျောင်းသားဝန်းကျင် ခေတ်အမြင် (မူလတန်း စာစီစာကုံး)
၂။ ကျောင်းသားဝန်းကျင် ခေတ်အမြင် (အလယ်တန်း စာစီစာကုံး)
၃။ အလင်္ကာပန်းခင်း (အထက်တန်း စာစီစာကုံး)
၄။ ဆယ့်နှစ်လရာသီနှင့် နေ့ထူးနေ့မြတ်များ (စာစီစာကုံး)
၅။ မှတ်သားဖွယ်ရာ မြန်မာစကားပုံ ပုံပြင်များ
၆။ သက်တံရောင် ရသစာတမ်း
၇။ ခနဗေဒ-အလှဗေဒ ရသစာတမ်း
၈။ ရွှေလက်တို့ (အရုဏ်ကောင်းကင် စာအုပ်တိုက်)

■

## ကြည်နိုင်၏ ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၁။ နာရီခွဲသူများ (ရသစာတမ်း)
၂။ ပုဏ္ဏားတိုင် (ရသစာတမ်း
၃။ ခမ္မာစရိယကိုကိုနှင့် ဝတ္ထုတိုစု
၄။ ပုံပြင်ကမ္ဘာကြီးထဲက ကဗျာဇာတ်ကောင်များ (အရုဏ်ကောင်းကင် စာအုပ်တိုက်)
၅။ မောင်ကျန်တစ်တို့နှင့် မြန်မာစကားပုံ ပုံပြင်များ(အရုဏ်ကောင်းကင် စာအုပ်တိုက်)
၆။ နှံ့စုတ်ငှက်ငယ် ပညာကြွယ်နှင့် မြန်မာစကားပုံ ပုံပြင်များ
(အရုဏ်ကောင်းကင် စာအုပ်တိုက်)
၇။ ပစ်မှတ်၊ အောင်ဆုနှင့် လေးသည်တော် (ရသစာတမ်း စုစည်းမှု)
၈။ ကျားဆရာကြောင်နှင့် မြန်မာစကားပုံ ပုံပြင်များ (အရုဏ်ကောင်းကင် စာအုပ်တိုက်)

■

www.burmeseclassic.com

## မောင်ထွန်းသူ၏ ထုတ်ဝေပြီး စာအုပ်များ

၁။ တောင်ပံမဲ့သည့် ငှက်ငယ်များ (စာပေဗိမာန်၊ ၁၉၈၀)
၂။ ခေတ်တစ်ခေတ်၏ ကြေးမုံပြင် (စာပေဗိမာန်၊ ၁၉၈၁)
၃။ ရဲတိုက် (ပ၊ ဒု) (ဘဝတက္ကသိုလ်၊ ၁၉၈၃)
၄။ ကင်မီလီ (ဘဝတက္ကသိုလ်၊ ၁၉၈၄)
၅။ ဆဌမသုခရိပ်မြိုင် (ဘဝတက္ကသိုလ်၊ ၁၉၈၄)
၆။ ရှာပုံတော် (ပ၊ ဒု) (ဘဝတက္ကသိုလ်၊ ၁၉၈၄)
၇။ တက်စ် (ပ၊ ဒု) (ဘဝတက္ကသိုလ်၊ ၁၉၈၄)
၈။ အကျဉ်းစံ (ဘဝတက္ကသိုလ်၊ ၁၉၈၄)
၉။ သံမဏိကြက်ခြေ (ပ၊ ဒု) (ဘဝတက္ကသိုလ်၊ ၁၉၈၅)
၁၀။ ဆိုင်းလတ်မာနာ (ဘဝတက္ကသိုလ်၊ ၁၉၈၅)
၁၁။ ဒေါ်သမာန် (ပ၊ ဒု) (ဘဝတက္ကသိုလ်၊ ၁၉၈၆)
၁၂။ ရှန်ဂရီလာ (ဘဝတက္ကသိုလ်၊ ၁၉၈၇)
၁၃။ အနီးနှင့်အနက် (ပ၊ ဒု) (ဘဝတက္ကသိုလ်၊ ၁၉၈၇)
၁၄။ တို့ပိုင်တဲ့မြေ (ဘဝတက္ကသိုလ်၊ ၁၉၈၇)
၁၅။ တို့ဘဝ တို့ကမ္ဘာ (ဘဝတက္ကသိုလ်၊ ၁၉၈၇)
၁၆။ ကာမင်း (ဘဝတက္ကသိုလ်၊ ၁၉၈၇)
၁၇။ စိမ်းရက်လေအား (ဆွေတင်နုစာပေ၊ ၁၉၈၉)
၁၈။ မြိုင်ခေမာ (ဘဝတက္ကသိုလ်၊ ၁၉၉၀)
၁၉။ သား (ဆုစာအုပ်တိုက်၊ ၁၉၉၁)
၂၀။ အိုလက်ဆီယာ (ယောမင်းကြီးစာပေ၊ ၁၉၉၁)
၂၁။ နှင်းကြွင်းတစ်ပြိုက် နွေတရှိုက် (အားမာန်သစ်စာပေ၊ ၁၉၉၁)
၂၃။ ဇာစ်မြစ် (ပ၊ ဒု၊ တ) (လောကသစ်စာပေ၊ ၁၉၉၂)
၂၄။ နှစ်လောက (ပ၊ ဒု) (ယောမင်းကြီးစာပေ၊ ၁၉၉၂)
၂၅။ မေတ္တာနှောင်ကြိုး (ပ၊ ဒု၊ တ၊ စ) (အားမာန်သစ်စာပေ၊ ၁၉၉၂)
၂၆။ ချစ်လူဆိုး (ပ၊ ဒု၊ တ) (အားမာန်သစ်စာပေ၊ ၁၉၉၂)
၂၇။ သစ္စာရှင် (ပ၊ ဒု၊ တ) (ဘဝတက္ကသိုလ်၊ ၁၉၉၃)
၂၈။ ဆိုင်ဂုံ (ရှစ်တွဲ) (ဘဝတက္ကသိုလ်၊ ၁၉၉၃)
၂၉။ အစိမ်းရောင်နှစ်များ (ပ၊ ဒု) (ကောင်းကင်ပြာစာပေ၊ ၁၉၉၃)
၃၀။ ချစ်သောမာယာ (ကောင်းကင်ပြာစာပေ၊ ၁၉၉၃)
၃၁။ တို့ယာမြေ (မျိုးမြန်မာစာပေ၊ ၁၉၉၃)
၃၂။ နောက်ဆုံးမြေ (အားမာန်သစ်စာပေ၊ ၁၉၉၃)

www.burmeseclassic.com

၃၃။ သွေးကန္တာရ (ပ၊ ဒု) (အားမာန်သစ်စာပေ၊ ၁၉၉၃)
၃၄။ ည (ပ၊ ဒု) (အားမာန်သစ်စာပေ၊ ၁၉၉၃)
၃၅။ ဆင်ကုန်သည် (ပ၊ ဒု) (အားမာန်သစ်စာပေ၊ ၁၉၉၄)
၃၆။ ထောင်ချောက် (ပ၊ ဒု) (အားမာန်သစ်စာပေ၊ ၁၉၉၄)
၃၇။ နာနာ (ပ၊ ဒု၊ တ) (အားမာန်သစ်စာပေ၊ ၁၉၉၄)
၃၈။ စိတ်ထားဝတီ (ပ၊ ဒု) (ကောင်းကင်ပြာစာပေ၊ ၁၉၉၄)
၃၉။ အိပ်မက်တောင်ကြား (ကောင်းကင်ပြာစာပေ၊ ၁၉၉၄)
၄၀။ ဟင်နရီရိုး (ကောင်းကင်ပြာစာပေ၊ ၁၉၉၃)
၄၁။ ချစ်ကြွေးမပြေ (ကောင်းကင်ပြာစာပေ၊ ၁၉၉၄)
၄၂။ အမေ့အိမ်နှင့် အခြားဝတ္ထုတိုများ (သောင်းမြမိုးစာပေ၊ ၁၉၉၄)
၄၃။ ပြေးနှင့် အခြားဝတ္ထုတိုများ (အောင်ပန်းဝေစာပေ၊ ၁၉၉၅)
၄၄။ တော်လ်စတွိုင်း၏ ဝတ္ထုတိုများ (မိတ်ကောင်းစာပေ၊ ၁၉၉၆)
၄၅။ ချစ်သွေးသစ္စာ (ပ၊ ဒု) (ကောင်းကင်ပြာစာပေ၊ ၁၉၉၅)
၄၆။ အသော့အထွေ့ ဝတ္ထုတိုများ (မိတ်ကောင်းစာပေ၊ ၁၉၉၆)
၄၇။ မာန် (ကံ့ကော်ဝတ်ရည်စာပေ၊ ၁၉၉၆)
၄၈။ ကြောက်စရာ့ရောမနှင့် မော်ရေးဗီးယား ဝတ္ထုတိုများ
(အရုဏ်ကောင်းကင် စာအုပ်တိုက်၊ ၁၉၉၉)
၄၉။ ပြုံးတမဲ့မဲ့-နိုင်ငံရပ်ခြား ဟာသဝတ္ထုတိုများ
(ကံ့ကော်ဝတ်ရည်စာပေ၊ ၁၉၉၉၊ ဇူလိုင်)
၅၀။ လူနာစောင့်ခဝါသည်နှင့် နိုင်ငံတကာဝတ္ထုတိုများ
(အရုဏ်ကောင်းကင် စာအုပ်တိုက်၊ ၁၉၉၉ နိုဝင်ဘာ)
၅၁။ သေရွာပြန် မြင်းသည်တော်နှင့် နိုင်ငံတကာဝတ္ထုတိုများ
(အရုဏ်ကောင်းကင် စာအုပ်တိုက်၊ ၂၀၀၀၊ နိုဝင်ဘာ)
၅၂။ စစ်နှင့် အနိဋ္ဌာရုံ (အရုဏ်ကောင်းကင် စာအုပ်တိုက်၊ ၂၀၀၀၊ ဒီဇင်ဘာ)
၅၃။ ခွင့်လွှတ်ခြင်းသူခိုးနှင့် မိုပါဆွန်းဝတ္ထုတိုများ
(အရုဏ်ကောင်းကင် စာအုပ်တိုက်၊ ၂၀၀၁၊ ဧပြီ)

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၂၀၄/၂၀၀၁ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၃၈/၂၀၀၁ (၅)

■

**ပုံနှိပ်ခြင်း**

အုပ်ရေ - ၁၀၀၀
ပထမအကြိမ် - ၂၀၀၁ ၊ မေ

■

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးမင်းဟန် (၀၄၁၅၄)၊ မင်္ဂလာသောင်းပုံနှိပ်တိုက်
အမှတ် ၂၂၂၊ အကွက် ၆၄၊ သံလွင်လမ်း၊
စက်မှုဇုန် (၂)၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်။

■

**အတွင်းပုံနှိပ်သူ**

ဦးတင်အောင်ဝင်း (၀၃၃၀၉)၊ ဘိုးရာဇာ ပုံနှိပ်တိုက်
အမှတ် ၁၆၂၊ ၄၅ လမ်း၊ ရန်ကုန်။

■

**ထုတ်ဝေသူ**

ဦးအောင်ကြီး၊ ရွှေပုရပိုက်စာပေ၊
အမှတ် ၅၊ တင့်ဆန်းလမ်း၊ ဝွတ္တလစ်၊ ဗဟန်း၊ ရန်ကုန်။

■

**ကွန်ပျူတာစာစီ**

အေးမြတ်မိုး ကွန်ပျူတာ
၂၁၊ အသောကလမ်း၊ တာမွေ။ ဖုန်း-၅၄၅၃၂၃

■

**စာအုပ်ချုပ်**

ပန်ဒါ၊ စာအုပ်ချုပ်လုပ်ငန်း
၁၆၂၊ ၄၅ လမ်း၊ ရန်ကုန်။

■

**မျက်နှာဖုံးဒီဇိုင်း**

ကျော်ခိုင်

■

**တန်ဖိုး**

၂၅၀-ကျပ်

www.burmeseclassic.com

အရုဏ်ကောင်းကင်စာအုပ် (၃၅)

# ခွင့်လွှတ်ခြင်း သူခိုး

နှင့်

# မိုပါဆွန်းဝတ္ထုတိုများ

မောင်ထွန်းသူ

အရုဏ်ကောင်းကင် စာအုပ်တိုက်
အမှတ် ၄၄ (တတိယထပ်)၊ ၈၇ လမ်း၊ ကန်တော်ကလေး
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်
ဖုန်း - ၂၈၇၄၃၁

www.burmeseclassic.com

## မာတိကာ

- မြန်မာပြန်သူ၏အမှာ
၁။ ခွင့်လွှတ်ခြင်း ... ... ... ... ... ... ... ... ... ... ၁
၂။ သူခိုး ... ... ... ... ... ... ... ... ... ... ... ... ၁၃
၃။ လီလီလာလာ ... ... ... ... ... ... ... ... ... ... ၂၁
၄။ မိန်းမမာယာ ... ... ... ... ... ... ... ... ... ... ၃၀
၅။ တွင်း ... ... ... ... ... ... ... ... ... ... ... ... ၄၁
၆။ မဒမ်မွိုင်ဇယ်ဖီဖီ ... ... ... ... ... ... ... ... ... ၅၄
၇။ ဝံပုလွေ ... ... ... ... ... ... ... ... ... ... ... ၇၃
၈။ အရူးမ ... ... ... ... ... ... ... ... ... ... ... ၈၃
၉။ ယုန်ထောင်ကြောင်မိ ... ... ... ... ... ... ... ... ၉၀

www.burmeseclassic.com

## မြန်မာပြန်သူ၏အမှာ

'ခွင့်လွှတ်ခြင်းသူခိုးနှင့် မိုပါဆွန်းဝတ္ထုတိုများ' ဟုအမည်ပေးထားသော ဤစာအုပ်တွင် ဘာသာပြန်ဝတ္ထုတို (၉)ပုဒ် ပါသည်။ အားလုံး ပြင်သစ်စာရေးဆရာ မိုပါဆွန်း၏ လက်ရာများချည်း ဖြစ်သည်။ မိုပါဆွန်းသည် ရုရှားစာရေးဆရာ ချက်ကော့နှင့် အမေရိကန် စာရေးဆရာ အိုဟင်နရီတို့လိုပင် ဝတ္ထုတိုအဖွဲ့အနွဲ့၌ ထူးခြားထင်ရှားသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည်။

မိုပါဆွန်းသည် မြန်မာစာဖတ်ပရိသတ်နှင့် အထိအတွေ့အများဆုံးသော နိုင်ငံရပ်ခြား စာရေးဆရာဖြစ်သည်။ မိုပါဆွန်းအား ပထမဆုံး မြန်မာစာဖတ်ပရိတ်သတ်ထံ ပို့ပေးခဲ့သူမှာ စာရေးဆရာကြီး မောင်ထင် ဖြစ်သည်။ ဆရာမောင်ထင်သည် မိုပါဆွန်း၏ The Necklace အမည်ရှိ ဝတ္ထုကို 'စိန်ပန်းကုံး' ဟူသော အမည်ဖြင့် ရှေးဦးစွာ ဘာသာပြန်ခဲ့သည်။ ထိုဝတ္ထုတိုသည် ၁၉၃၈ ခုနှစ် ဇန်နဝါရီလထုတ် 'ဂန္ထလောကမဂ္ဂဇင်း'တွင် ပါလာခဲ့၏။ ထိုဝတ္ထုတိုသည် လူကြိုက်အလွန်များ၍ ထင်ရှားကျော်ကြားသော ဝတ္ထုတိုတစ်ပုဒ် ဖြစ်လေသည်။

'စိန်ပန်းကုံး' ဝတ္ထုတိုကို စာဖတ်ပရိသတ်များက လက်ခံလာသည့်အခါ ဆရာမောင်ထင်သည် မိုပါဆွန်း ဝတ္ထုတိုများထဲမှ

www.burmeseclassic.com

ကောင်းနိုးရာရာများကို ဆက်လက်ဘာသာပြန်ရန် ရည်ရွယ်ခဲ့သည်။ သို့သော်လည်း ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသဖြင့် ဆရာမောင်ထင်၏ ရည်ရွယ်ချက်သည် မဖြစ်မြောက်ခဲ့ချေ။ စစ်ကြီးပြီးသွားသည့်အခါ ဆရာ ဒဂုန်တာရာ၏ 'တာရာ မဂ္ဂဇင်း' ၌ မိုပါဆွန်း ဘာသာပြန်များသည် ဆက်တိုက်ပါလာခဲ့ပြန်သည်။ ယင်း မိုပါဆွန်း ဝတ္ထုတိုများသည် ဆရာမောင်ထင်၏ လက်ရာများချည်း ဖြစ်လေသည်။

ထို့နောက် တာရာ မဂ္ဂဇင်း ရပ်သွားသဖြင့် မိုပါဆွန်း ဝတ္ထုတိုများသည် ပြတ်သွားပြန်၏။ သို့သော်လည်း ၁၉၆၁ ခုနှစ် ဖွန်လထုတ် 'ငွေတာရီ မဂ္ဂဇင်း' မှစ၍ ၁၉၆၂ ခုနှစ် အောက်တိုဘာလထုတ်အထိ မိုပါဆွန်း ဝတ္ထုတိုများသည် ဆက်လက် ပါရှိလာခဲ့ပြန်သည်။ ဤသို့ဖြင့် ဆရာကြီး မောင်ထင် ဘာသာပြန်ခဲ့သည့် မိုပါဆွန်း ဝတ္ထုတိုပေါင်း ၂၆ ပုဒ်မျှ ရှိခဲ့ရာ ယင်းတို့ကို ၁၉၆၆ ခုနှစ်တွင် ရာပြည့်စာအုပ်တိုက်မှ တတိယအကြိမ် ထုတ်ဝေသွားခဲ့လေသည်။

ကမ္ဘာကျော် ပြင်သစ်စာရေးဆရာ ဂိုင်ဒီမိုပါဆွန်း (Guy de Maupassant) အား ပြင်သစ်နိုင်ငံ နော်မန်ဒီပြည်နယ်၊ ရူအင် (Rouen) မြို့အနီးမှ ကျေးရွာတစ်ရွာ၌ ၁၈၅၀ ခုနှစ်တွင် မွေးဖွားခဲ့သည်။ မိုပါဆွန်း၏မိခင်သည် စာတတ်ပေတတ် ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ မိမိသားကို မိမိကိုယ်တိုင် စာသင်ပေးရုံမျှမက သူမကိုယ်တိုင် မွေ့လျော်ကျက်စားခဲ့သော စာပေ၌ သားဖြစ်သူ မွေ့လျော်လာအောင် ပြုစုပျိုးထောင်ပေးခဲ့သည်။ သူ့မိခင်သည် ကမ္ဘာကျော် အင်္ဂလိပ် ပြဇာတ်ဆရာကြီး ရှိတ်စပီးယား၏ ပြဇာတ်များကို နှစ်သက်စွဲလမ်းခဲ့သည့်အားလျော်စွာ မိမိ၏သားကိုလည်း

www.burmeseclassic.com

ရှိတ်စပီးယား ပြဇာတ်များ၏ အရသာကိုခံနိုင်အောင် ငယ်ရွယ်စဉ်ကတည်းက လေ့ကျင့်ပေးခဲ့သည်။

မိခင်၏ သင်ပြပေးမှုကြောင့် အသက် ခပ်ငယ်ငယ်ကတည်းက စာဖတ်တတ် ရေးတတ်လာခဲ့သော မိုပါဆွန်းသည် ဆယ့်သုံးနှစ်အရွယ်တွင် ရွာခရစ်ယန် ဘုန်းကြီးကျောင်း၌ ပညာဆက်လက်သင်ကြားခဲ့သည်။ သို့သော်လည်း ဆရာဘုန်းကြီးနှင့် မိုပါဆွန်းတို့၏ ဆက်ဆံရေး အဆင်မပြေမှုကြောင့် မိုပါဆွန်းသည် ကျောင်းမှ ထွက်လိုက်ရ၏။ သား၏ ပညာရေးတွင် အမြဲတစေ အလေးအနက်ပြုလေ့ရှိသော မိုပါဆွန်း၏မိခင်သည် သူ့သား မိုပါဆွန်းအား ရူအင်မြို့မှ စာသင်ကျောင်းသို့ပို့၍ ပညာဆက်လက်သင်ယူစေခဲ့ရာ ပညာကို ကောင်းစွာသင်ယူခွင့် ရခဲ့လေသည်။

ရူအင်မြို့၌ ပညာသင်ယူနေစဉ်အတွင်း မိုပါဆွန်းသည် မဒမ်ဘိုဗာရီ (Madame Bovary)ဝတ္ထုဖြင့် ထင်ရှားကျော်ကြားလျက်ရှိသော ပြင်သစ်စာရေးဆရာ ဖလော်ဘဲယား (Flaubert) နှင့် တရင်းတနှီး နေထိုင်ခွင့်ရခဲ့သည်။ စာရေးဆရာ ဖလော်ဘဲယားမှာ မိုပါဆွန်း၏မိခင်နှင့် အလွန်ခင်မင်ရင်းနှီးသည်ဖြစ်ရာ မိုပါဆွန်းအား ကောင်းစွာ သွန်သင်ဆုံးမသည်။

မိုပါဆွန်း၏ ပထမဆုံးလက်ရာ ဝတ္ထုတိုမှာ Boule de Suif ဖြစ်သည်။ ယင်းဝတ္ထုကို စာဖတ်ပရိသတ်က အလွန်ကြိုက်ကြသည်ဖြစ်ရာ မိုပါဆွန်းသည် ချက်ချင်းပင် နာမည်ကြီးလာသည်။ ဝတ္ထုတိုများကိုလည်း တစ်ပုဒ်ပြီးတစ်ပုဒ် အဆက်မပြတ်ရေးခဲ့လေရာ ထိုခေတ်က ဝင်ငွေအရှင်ဆုံးသော စာရေးဆရာအဖြစ် ထင်ရှားလာခဲ့လေသည်။

ထို့နောက် ဝတ္ထုတိုပေါင်း ၃၀၀ ကျော်၊ ဝတ္ထုရှည် ၆ အုပ်နှင့် ဆောင်းပါးအမြောက်အမြား ရေးသားခဲ့သည်။ သူ စာရေးခဲ့သည့် သက်တမ်းမှာ ဆယ်နှစ်မျှသာရှိ၍ အလွန်တိုတောင်းလှသည်ဟု ပြောစမှတ်ပြုခဲ့ကြသည်။ သို့သော်လည်း ထိုတိုတောင်းလှသော ကာလအတွင်း ရေးခဲ့သမျှသော ဝတ္ထုတို၊ ဝတ္ထုရှည်များသည် ပြင်သစ်စာပေနယ်၌သာမက ကမ္ဘာ့စာပေနယ်၌ပါ အလွန်ထင်ရှားကျော်ကြားသော ဝတ္ထုများ ဖြစ်လာခဲ့လေသည်။

'မိုပါဆွန်း'သည် မြန်မာ စာဖတ်ပရိသတ်နှင့် အထိအတွေ့ အများဆုံးသော နိုင်ငံရပ်ခြား စာရေးဆရာတစ်ဦး ဖြစ်ကြောင်း အထက်တစ်နေရာ၌ ဆိုခဲ့ပြီးပြီ။ မိုပါဆွန်းအား လူသိများအောင် ဆောင်ကြဉ်းပေးခဲ့သူမှာ စာရေးဆရာ မောင်ထင် (ယခုဆရာကြီးမောင်ထင်) ဖြစ်ပါသည်ဟုလည်း ပြောခဲ့ပြီးပြီ။

ဆရာကြီးမောင်ထင်သည် မိုပါဆွန်း ဝတ္ထုတိုများကို ၁၉၃၈ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ဘာသာပြန်၍ မဂ္ဂဇင်းများတွင် ဖော်ပြခဲ့၏။ ထို့နောက် ထိုကာလအတွင်းက ဆရာကြီးပြန်ဆိုထားခဲ့သော မိုပါဆွန်း ဝတ္ထုတိုများကို စုစည်း၍ 'မိုပါဆွန်း ဝတ္ထုတိုများ' ဟူသောအမည်ဖြင့် ၁၉၆၆ ခုနှစ်တွင် ပုဂံ စာအုပ်တိုက်မှ ပထမအကြိမ် ထုတ်ခဲ့၏။

ယခုဤစာအုပ်တွင် မိုပါဆွန်း၏ ဝတ္ထုတိုများထဲမှ ကျွန်တော် နှစ်သက်ရာများကို ရွေးချယ်ပြန်ဆိုထားခြင်း ဖြစ်သည်။ ဤဝတ္ထုများကို အခြားစာရေးဆရာများ ပြန်ဆိုထားခြင်း မရှိသေးဟု ကျွန်တော်ထင်သည်။ ထို့ကြောင့်လည်း ကျွန်တော့်နှုတ်မှ ကျွန်တော့်ထုတ်ဝေသူအား ''ဒီဝတ္ထုတိုတွေကို ဘယ်သူမှမပြန်ကြ

www.burmeseclassic.com

သေးဘူးထင်တယ်'' ဟု ပြောမိသည်။ ထုတ်ဝေသူကလည်း ကျွန်တော့်စကားကို အခိုင်အမာ လက်ခံထားဟန် တူပါသည်။ ဤစာအုပ် မျက်နှာဖုံး၌ 'မည်သည့် ဘာသာပြန်ဆရာမှ ဘာသာပြန်ဆိုခြင်း မပြုရသေးသော မိုပါဆွန်း ဝတ္ထုတိုများ' ဟု ဆိုထားပါသည်။

ထိုစကားသည် အတိအကျ မှန်ကန်ခဲ့ပါမူ အထူးပြောစရာ မရှိပါ။ သို့သော်လည်း မိုပါဆွန်းဝတ္ထုတိုများသည် မြန်မာစာရေးဆရာများရော မြန်မာ စာဖတ်ပရိသတ်ပါ နှစ်သက်ကြသည် ဖြစ်ရာ ဤစာအုပ်ပါ ဝတ္ထုတိုများထဲမှ တစ်ပုဒ် သို့မဟုတ် နှစ်ပုဒ်ကို အခြားတစ်ဦးတစ်ယောက်က ပြန်ဆိုထားခဲ့သည်ကို တွေ့ခဲ့သည်ရှိသော် ဘာသာပြန်သူ ကျွန်တော့်အတွက် စိတ်သက်သာဖွယ်ရာ ရှိလိမ့်မည် မဟုတ်ပါ။ သို့ပါ၍ 'မည်သည့် ဘာသာပြန်ဆရာမှ ဘာသာပြန်ဆိုခြင်း မပြုရသေးသော မိုပါဆွန်း ဝတ္ထုတိုများ' ဟူသော စကားအတွက် (အကယ်၍များ) မှန်ကန်ခဲ့သည် ရှိသော် ထုတ်ဝေသူအား ချီးကျူးရန် ဖြစ်ပါသည်။ အကယ်၍ မှားခဲ့သည် ဆိုပါမူကား ထိုစကားအတွက် ဘာသာပြန်သူ ကျွန်တော့်၌ တာဝန်ရှိသည်ဟု မှတ်ယူစေလိုပါသည်။

မည်သို့ပင်ဖြစ်စေ မိုပါဆွန်း၏ ဝတ္ထုတိုများထဲတွင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာဘာသာသို့ မပြန်ရသေးဘဲ ကျန်နေသည်များရှိပါသေးသည်။ အခွင့်အခါသင့်ပါက ယင်းဝတ္ထုတိုများကို ပြန်ချင်သောဆန္ဒ ထက်သန်နေဆဲ ဖြစ်ပါသည်။ အကယ်၍ အခြားပုဂ္ဂိုလ်များ ပြန်ဆိုထားသည့် ဝတ္ထုတိုများထဲမှ ကျွန်တော်ကြိုက်နှစ်သက်သည့် ဝတ္ထုတိုကလေးများကို တွေ့ပါကလည်း ထပ်မံပြန်ဆိုလိုသောစိတ် ရှိနေဆဲ ဖြစ်ပါသည်။

အရှုဏ်ကောင်းကင် စာအုပ်တိုက်

www.burmeseclassic.com

အကယ်၍ အခြားပုဂ္ဂိုလ်များ ပြန်ဆိုထားသည်ကို ကျွန်တော် ထပ်မံ၍ ပြန်ဆိုမိပါကလည်း ဘာသာပြန်လုပ်ငန်းတွင် စိတ်ပါဝင်စားသူများအဖို့ ပုဂ္ဂိုလ်နှစ်ဦး၏ မတူညီသော အယူအဆနှင့် အရေးအသားများကိုကြည့်၍ သင်ခန်းစာ များစွာရရှိနိုင်ကြလိမ့်မည်ဟု ကျွန်တော်မျှော်လင့်မိပါသည်။

**မောင်ထွန်းသူ**

၇–၄–၂၀၀၁

www.burmeseclassic.com

# ခွင့်လွှတ်ခြင်း

သူမသည် ဘယ်သူနှင့်မှ ပေါင်းသင်းဆက်ဆံခြင်းမပြုဘဲ ပတ်ဝန်းကျင်လောကတစ်ခုလုံးနှင့် ကင်းကင်းကွာကွာ နေထိုင်တတ်သော မိသားစုထဲ၌ မွေးဖွားကြီးပြင်းလာရသူ ဖြစ်သည်။ သူမ၏ မိသားစုသည် ထူးခြားသော နိုင်ငံရေးဖြစ်ရပ်များ အပေါ်တွင်လည်း စိတ်ဝင်စားလေ့မရှိ။ ယင်းဖြစ်ရပ်များကို စားပွဲ၌ မိသားစုဆုံမိသည့်အခါ အပျင်းပြေ ပြောစရာကိစ္စများအဖြစ်သာ သဘောထားကြသည်။ အစိုးရ အပြောင်းအလဲများမှာလည်း သူတို့နှင့် အလွန်အလှမ်းကွာလေလှသည်ဖြစ်ရာ လူဝီဘုရင် ၁၄ နတ်ရွာစံခြင်းနှင့် နပိုလီယံ အာဏာရလာခြင်း စသောပြောင်းလဲမှုများသည် သာမန်ဖြစ်ရိုးဖြစ်စဉ် သမိုင်းဖြစ်ရပ်များ အဖြစ်သာ ရှုမြင်သုံးသပ်ကြသည်။ ထို အရေးအခင်းများအပေါ်တွင် ထိုမျှထက်ပို၍ အာရုံဝင်စားခြင်း မရှိကြပေ။

ဓလေ့ထုံးစံများသည် ပြောင်းလဲနေသည်။ ဆင်ယင်ထုံးဖွဲ့မှုများသည်လည်း ပြောင်းလဲနေကြသည်။ အဝတ်အစား ဖက်ရှင်များသည် တစ်မျိုးပြီးတစ်မျိုး သစ်ဆန်းလာနေသည်။ သို့တစေလည်း ရှေးရိုးရာ ဓလေ့ထုံးစံများအတိုင်းသာ အမြဲတစေ လိုက်နာနေထိုင်လျက်ရှိသော သူတို့မိသားစုအဖို့ ထိုပြောင်းလဲဆန်းသစ်မှုများသည် ထူးခြားသည့်အရာများ မဟုတ်ပေ။

အရှုဏ်ကောင်းကင် စာအုပ်တိုက်

www.burmeseclassic.com



အကယ်၍ သူတို့နေထိုင်ရာ ရပ်ကွက်ထဲရှိ အိမ်နားနီးချင်း မိသားစုအချို့ အသိုင်းအဝိုင်းထဲ၌ မယုံကြည်နိုင်လောက်အောင် ထူးခြားသည့်ဖြစ်ရပ်များ ပေါ်ပေါက်နေပါကလည်း ယင်းဖြစ်ရပ်များသည် သူတို့မိသားစု၏ အိမ်ဝ ရောက်သည့်အခါ ပျောက်ပျက်သွားသည်သာ ဖြစ်၏။

ညအချိန် အဖေနှင့်အမေ နှစ်ဦးတည်း စားပွဲ၌ကျန်ရစ်ခဲ့သည့်အခါ၊ ယင်းကိစ္စမျိုးကို ပြောလေ့ရှိကြ၏။ ပြောရာ၌လည်း အိမ်နံရံများ၌ နားများ ရှိနေသဖြင့် ကြားသွားမည်ကို စိုးရွံ့ကြောက်လန့်နေကြသည့်နှယ် နှစ်ကိုယ် ကြားလေသံဖြင့် ဆီမန်းမန်းသလို တိုးတိုးလေး ပြောတတ်ကြ၏။ အဖေ ဖြစ်သူက အလွန်သတိကြီးစွာထား၍ ပြောလိုက်သောလေသံဖြင့် ''ရီဒ္ဒိုင်း မိသားစုထဲမှာ ဖြစ်သွားတဲ့ ကြောက်စရာအဖြစ်ကို မင်း သိပြီးပြီလား'' ဟုမေးသည်။ ထိုအခါ မိခင်က ''သိပြီးပြီ၊ ဒီကိစ္စကို ဘယ်သူက ယုံမလဲ နော်၊ တော်တော်ဆိုးတဲ့ကိစ္စပဲ'' ဟု ပြန်ပြောသည်။

ကလေးများသည် လူကြီးများပြောသမျှကို ယုံကြည်လက်ခံကြသည်။ လူကြီးများပြောသမျှ စကားများအပေါ်တွင် ဘာသံသယမျှ မရှိကြချေ။ သူတို့သည် သူတို့၏ မျက်လုံးများနှင့် စိတ်များကို အဝတ်ဖြင့်စည်းနှောင် ပြီးနေသလို နေထိုင်ခဲ့ကြခြင်း ဖြစ်၏။ ထို့ကြောင့်လည်း လူကြီးတစ်ယောက် က ပြောခဲ့သည့်စကားသည် ပြောသည့်အတိုင်း ဟုတ် မဟုတ်၊ မှန် မမှန် ဝေဖန်ခြင်းမပြု။ သူလုပ်သည့်အတိုင်းပြောတာမှ ဟုတ်ပါလေစဟုလည်း တွေးတောဆင်ခြင်သည် မရှိ။ ဤလောကအတွင်း၌ အသက်ရှင်နေထိုင် ရာ၌ ကမ္ဘာကြီးနှင့် စစ်ခင်း၍ နေတန်လျှင် နေကြဖို့ လိုအပ်သည်ဟူသော အချက်ကိုလည်းမသိ။ လောက၌ အလိမ်အညာ အလှည့်အဖြားခံရတတ် သည့် သဘောသဘာဝကိုလည်း နားမလည်။

ဤမိသားစုဝင်အချို့သည် ကွယ်လွန်ချိန်အထိ ရိုးသားမှု၊ သစ္စာ စောင့်သိမှုနှင့် ဂုဏ်သိက္ခာ မြင့်မားမှုဟူသော အရာများအပေါ် မျက်ကန်း သဖွယ် အကြွင်းမဲ့ ယုံကြည်လက်ခံကာ နေထိုင်သွားကြသည်။ အလွန်အမင်း

www.burmeseclassic.com



ရိုးသားဖြောင့်မတ်လွန်းသဖြင့် ဘယ်အရာကမှ သူတို့မျက်လုံးများကို ပွင့်လာအောင် ဖွင့်မပေးနိုင်ကြ။ တချို့ကျတော့လည်း အခြားလူများ၏ အလှည့်အပတ် အဖြီးအဖြန်းကို မခံရသည့်တိုင်အောင် သူတို့ပတ်ဝန်းကျင်အကြောင်းများများစားစား မသိရဘဲနှင့် လူ့လောကတွင်းမှ ထွက်ခွာသွားခဲ့ကြရလေသည်။

ဆာဗီနို မိသားစုသည် သူတို့၏သမီး အသက်ဆယ့်ရှစ်နှစ်ပြည့်ချိန်တွင် အိမ်ထောင်ချပေးရန် စီစဉ်ခဲ့ကြသည်။ သူတို့၏သမီးအား ပါရီမြို့တော်မှ ငွေကြေးရောင်းဝယ်မှုလုပ်ငန်းဖြင့် အသက်မွေးနေသော ဂျော့ဘာတန်အမည်ရှိ လူငယ်တစ်ဦးနှင့် လက်ထပ်ပေးခဲ့သည်။ ဂျော့ဘာတန်သည် ဆွဲဆောင်မှုအပြည့်ရှိသောလူငယ် ဖြစ်၏။ စကားပြောလျှင် ချိုသာသိမ်မွေ့ပြီး ယဉ်ကျေးဖွယ်ရာသည်။ သူသည် အပေါ်ယံရွှေမှုန်ကြဲ ဟူသမျှကို လိုအပ်သောအရာများဟု နားလည်လက်ခံထားသူ ဖြစ်၏။ သို့သော်လည်း သူ၏ နှလုံးသားထဲ၌မူ သူ၏ အလွန်ရိုးသားဖြောင့်မတ်ကြသော ယောက္ခမများအား လှောင်ပြောင်သရော်ချင်စိတ် ရှိသည်။ သူ့မိတ်ဆွေ အပေါင်းအသင်းများနှင့်တွေ့လျှင် သူ့ယောက္ခမများအား ''ကျွန်တော့်ရဲ့ ချစ်လှစွာသော တေးအိုကြီးများ'' ဟု ခေါ်ဝေါ်ပြောဆိုလေ့ရှိ၏။

ဂျော့ဘာတန်သည် မျိုးရိုးကောင်းသော မိဘများမှ ဆင်းသက်လာသူဖြစ်၍ မိန်းကလေးမှာ အလွန်ချမ်းသာကြွယ်ဝသူ ဖြစ်သည်။ လက်ထပ်အပြီးတွင် ဂျော့ဘာတန်သည် မိန်းကလေးအား သူနှင့်အတူနေထိုင်ရန် ပါရီမြို့တော်သို့ ခေါ်ဆောင်လာခဲ့သည်။

သူမသည် ပါရီမြို့တော်၌ အလွန် ဗဟုသုတနည်းပြီး တောဆန်လွန်းလှသည့်မိန်းကလေး ဖြစ်လျက်ရှိ၏။ သူမသည် မြို့တော်ကြီး၏ ကြီးကျယ်ခမ်းနားမှုများ၊ အလွန်ယဉ်ကျေးရည်မွန်သော မြို့တော်သူ မြို့တော်သားများ၊ မြို့တော်ကြီး၏ စည်းစိမ်ခံစရာ သာယာပျော်ရွှင်မှုများနှင့် ဓလေ့ထုံးစံများကိုလည်း လုံးဝမသိပေ။ မြို့တော်ကြီးအတွင်းရှိ ဘဝများ၏ လျှို့ဝှက်

www.burmeseclassic.com



ချက်များ၊ သစ္စာမဲ့မှုများ၊ လော်လီဖောက်ပြားမှုများနှင့် ယုတ်မာကောက်ကျစ်မှုများကိုလည်း လုံးဝနားမလည်ချေ။

သူမသည် အိမ်ထဲ၌သာ ကုပ်နေခဲ့သည်ဖြစ်ရာ သူမ၏ နေအိမ်ရှိရာ လမ်းအမည်ကိုပင် မသိပေ။ တစ်ခါတစ်ရံ စွန့်စွန့်စားစား အနီးအနားမှ ရပ်ကွက်တစ်ခုတွင်းသို့ သွားမိသည့်အခါ သူမအဖို့ အလွန်အလှမ်းကွာဝေးသည့် ခရီးရှည်ကြီးတစ်ခုကို သွားရသည့်နှယ် ခံစားရသည်။ သူမ မတွေ့ဖူး၊ မမြင်ဖူး၊ မသိဖူးသော အထူးအဆန်း ဒေသကြီးတစ်ခုဆီသို့ ရောက်သွားခဲ့ရသည့်နှယ် ခံစားရသည်။ ညပိုင်း သူမ၏ ယောက်ျား ပြန်လာသည့်အခါ ''ဒီနေ့ ကျွန်မ လမ်းမကြီးတွေ ဖြတ်ခဲ့ရတယ်'' ဟု ပြောပြလေ့ရှိ၏။

သူမ၏ ယောက်ျားက သူမအား တစ်နှစ်လျှင် နှစ်ကြိမ် သုံးကြိမ်ခန့် ဇာတ်ပွဲသို့ လိုက်ပို့လေ့ရှိသည်။ ထိုနေ့ထိုရက်များသည် သူမအဖို့တော့ မမေ့နိုင်သည့် ပွဲတော်ရက်ကြီးများ ဖြစ်သည်။ မကြာခဏလည်း တမ်းတသတိရကာ ထုတ်ဖော်ပြောလေ့ရှိ၏။ ဇာတ်ရုံ၌ ပြဇာတ်တစ်ပွဲကြည့်ပြီး သုံးလခန့်အကြာတွင်မှ သူမသည် စားပွဲ၌ ထိုင်နေရင်း ရုတ်တရက် ရယ်တတ်သည်။ ''ရှင် မှတ်မိသေးလား၊ ဟို ကြက်ဖတွန်သလို တွန်တဲ့ မင်းသားဟာလေ၊ တော်တော့်ကိုရယ်စရာကောင်းတာပဲ'' ဟုလည်း ပြောတတ်သည်။

သူမ၏ စိတ်ဝင်စားမှုများသည် တစ်ဖက်နှင့်တစ်ဖက် ခင်မင်ရင်းနှီးနေကြသော မိသားစုနှစ်စု၏ နယ်နိမိတ်အတွင်း၌သာ တည်ရှိသည်။ ထိုနယ်နိမိတ်မျဉ်းများ၏ အပြင်သို့ ထွက်လာလေ့မရှိ။ သူမ၏ ယောက်ျားမှာမူ သူကြိုက်သလိုသာ နေထိုင်သည်။ အိမ်သို့ သူပြန်လာလိုသည့် အချိန်ကျမှ ပြန်လာသည်။ တစ်ခါတစ်ရံတွင် သူသည် မိုးလင်းခါနီးကျမှ ပြန်လာတတ်သည်။ အလုပ်အလွန်များလေဟန်ဆောင်၍ နေထိုင်ခြင်းဖြစ်သဖြင့် အလွန်ရိုးအအနိုင်လှသော မိန်းကလေးအနေဖြင့် သူမ၏ယောက်ျား ပြောသည့်အတိုင်းသာ လက်ခံယုံကြည်ရှာ၏။ ယောက်ျားအပေါ် နည်းနည်းကလေးမှ သံသယမဝင်ပေ။

www.burmeseclassic.com



သို့သော်လည်း တစ်နေ့သောနံနက်တွင် သူမသည် ရေးသူအမည် မပါသော စာတစ်စောင်ကို ရရှိသည်။ သူမသည် များစွာအံ့အားသင့်လျက် ရှိ၏။ စာကို ဖတ်မိသည့်အခါ ပေါ့ပေါ့တန်တန် သဘောထား၍မရသည့် အဖြစ်နှင့် ရင်ဆိုင်နေရသည်။ စာရေးသူက သူမ၏ သာယာပျော်ရွှင်မှုကို လိုလားခြင်းနှင့် မကောင်းမှုဒုစရိုက်ကို မုန်းတီးရွံရှာပြီး အမှန်တရားကို ချစ်မြတ်နိုးခြင်း စသည်တို့ကြောင့် ဤစာကိုရေးရခြင်း ဖြစ်ပါသည်ဟု ဆိုထားသဖြင့် သူမအနေဖြင့် အလေးအနက်မထား၍ မဖြစ်။ သူမ၏ ရိုးသားဖြူစင်သော နှလုံးသားသည် စာထဲ၌ပါရှိလာသော စွပ်စွဲပြောဆိုချက်များကို ကောင်းစွာနားမလည်။

စာအရ သူမ၏ယောက်ျား မယားငယ်တစ်ယောက် ယူထားသည်မှာ နှစ်နှစ်ရှိခဲ့ပြီ။ ထိုမယားငယ်မှာ မစွက်ရိုးဆက်အမည်ရှိ မုဆိုးမတစ်ဦး ဖြစ်၍ ညတိုင်း သူမ၏ယောက်ျားသည် ထိုမိန်းမ၏အိမ်၌အိပ်ကြောင်း သိရသည်။ သူမသည် ရိုးသားဖြောင့်မတ်သူ ဖြစ်သည့်အားလျော်စွာ ဤကိစ္စကို မသိလေဟန်လည်း မဆောင်တတ်။ တိတ်တဆိတ်လျှို့ဝှက်၍ စုံစမ်းရမှန်းလည်းမသိ။ ဤကိစ္စကို ပေါ်ပေါက်အောင် မည်သည့်နည်းကိုမှ မသုံးတတ်။

ဤသို့ဖြင့် သူမသည် သူမ၏ယောက်ျား နေ့လယ်စာစားရန် ပြန်လာသည့်အခါ စာကို သူမ၏ယောက်ျားထံ ပစ်ပေါက်ပေးခဲ့ပြီး သူမ၏ အိပ်ခန်းတွင်းသို့ ပြေးဝင်သွားခဲ့သည်။ သူမ၏ယောက်ျားသည် ဤပြဿနာကို ဖြေရှင်းရန် အချိန်ယူ၍စဉ်းစားသည်။ မည်ကဲ့သို့ တုံ့ပြန်ရမည်ကို အကွက်စေ့အောင် ပြင်ဆင်သည်။ ထို့နောက် သူ့ဇနီးသည်၏ အခန်းတံခါးကို အသာအယာခေါက်သည်။ သူ့မိန်းမက တံခါးကို ချက်ချင်းဖွင့်ပေးသည်။ သူမသည် ယောက်ျား၏မျက်နှာကို မကြည့်။ သူမ၏ယောက်ျားကမူ သူမအားပြုံးပြီး ကြည့်နေသည်။ တစ်နေရာ၌ ဝင်ထိုင်ကာ သူမအား ပွေ့ဖက်ပြီး သူ့ဒူးပေါ်၌ ထိုင်စေသည်။ ပြီးတော့ အလွန်သာယာချိုအေးသည့်လေသံဖြင့် သူပြောလိုသည့်စကားကို ပြောသည်။

www.burmeseclassic.com



''အချစ်ကလေးရယ် . . .၊ မစ္စရိုးဆက်ဆိုတာက မောင့်ရဲ့သူငယ်ချင်းမ တစ်ယောက်ပါ။ မောင်နဲ့သူနဲ့ ရင်းနှီးခင်မင်လာတာ ဆယ်နှစ်တောင် ရှိနေပါပြီ။ မောင်ကလည်း သူ့ကိုသိပ်ခင်တယ်။ မောင့်မှာ အလွန်ခင်မင်ရင်းနှီးတဲ့ မိသားစုနှစ်ဆယ်လောက် ရှိသေးတယ်။ ဒီနေ့အထိ မင့်ကို အသိမပေးရသေးဘူး။ မင့်အနေနဲ့ ဒီလူတွေနဲ့ ခင်မင်ရင်းနှီးအောင် နေထိုင်တတ်တဲ့ အလေ့အထ မရှိဘူးထင်လို့ ထုတ်မပြောဘဲနေခဲ့တာပါ။

''အဲဒီတော့ အခု ဒီကိစ္စမှာ မောင်တို့နှစ်ယောက် ရာသက်ပန် တစ်ယောက်အပေါ်တစ်ယောက် အမြင်ရှင်းသွားအောင် မောင် လုပ်လိုက်ချင်တယ်။ အဲဒီတော့ အခုနေ့လယ်စာ စားပြီးရင် မင်း အဝတ်အစားလဲပါ။ အခု ဒီစာထဲမှာပါတဲ့ အမျိုးသမီးကလေးဆီ မောင်တို့ သွားလည်ကြမယ်။ ဒီအမျိုးသမီးလေးဟာ မင်းနဲ့ အလွန်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက် ဖြစ်လာမှာပါ''

သူမသည် သူမ၏ယောက်ျားအား တစ်ချက်မျှ တလေးတစားကြည့်ကာ တအားဖက်ထားသည်။ အထူးအဆန်းဆိုလျှင် သိချင်တတ်သည့် မိန်းမတို့၏ သဘာဝအတိုင်း သူမနှင့်မသိသော မျက်နှာစိမ်းအမျိုးသမီးထံ သွားလည်ရမည့်ကိစ္စတွင် များစွာ စိတ်ဝင်စားသွားသည်။ သူမ၏စိတ်ထဲရှိ သံသယစိတ်သည် လုံးဝပျောက်ကွယ်သွားခြင်း မရှိသေးသော်လည်း အထိုက်အလျောက်တော့ ရင်ထဲ၌ ပေါ့ပါးသက်သာသွားသည်။

သူတို့လင်မယားသည် လေးထပ်ရှိ အခန်းတစ်ခန်းထဲသို့ရောက်သွားသည်။ အခန်းမှာ တခမ်းတနားနှင့် လှလှပပဖြစ်အောင် မွမ်းမံထားသောအခန်း ဖြစ်၏။ သူတို့ ဧည့်ခန်းထဲ၌ ငါးမိနစ်ကြာ ထိုင်မိအပြီးတွင် အခန်းတစ်ခန်းထဲမှ မိန်းမငယ်တစ်ယောက် ထွက်လာသည်။ သူမသည် အသားညိုစိမ့်စိမ့်၊ အရပ်ပုပု၊ ကိုယ်လုံးကိုယ်ထည် ခပ်တုတ်တုတ် ဖြစ်သည်။ သူမ၏မျက်နှာမှ အပြုံးရိပ်သည် ပျောက်ကွယ်မသွားသော်လည်း အံ့အားသင့်သွားသည့် လက္ခဏာကိုတော့ ဖုံးကွယ်မထားနိုင်ချေ။ ဂျော့ဘာတန်က ''ဒီဟာ ကိုယ့်ဇနီးပဲ မဒမ်ဂျူလီရိုးဆက်'' ဟု မိတ်ဆက်ပေးသည်။

www.burmeseclassic.com



မုခဆိုးမ အမျိုးသမီးငယ်သည် တအံ့တဩဖြစ်သွားဟန်ဖြင့် တစ်ချက်မျှ ရေရွတ်လိုက်သည်။ လက်နှစ်ဖက်ကိုဆန့်တန်းကာ ရှေ့သို့တိုးလာပြီး မစွက်ဘာတန်အား ဖက်ထားသည်။ မစွက်ဘာတန်သည် အလွန်ရိုးသား၍ အိမ်ထဲမှာပင် အေးအေးဆေးဆေး နေတတ်သူတစ်ဦးဟု ကြားခဲ့ဖူးသဖြင့် အခုလို လာရောက်လည်ပတ်လိမ့်မည်ဟု မမျှော်လင့်မိကြောင်း၊ အခုလို ရောက်လာသည့်အခါ သူမများစွာ ပျော်ရွှင်ဝမ်းသာရကြောင်း၊ ဂျော့ဘာတန်မှာ သူမနှင့် အလွန်ခင်မင်သောမိတ်ဆွေဖြစ်၍ ဂျော့ဘာတန်၏ဇနီးနှင့်ပါ ခင်မင်ရင်းနှီးလိုသောဆန္ဒ များစွာပြင်းပြခဲ့ကြောင်း စသည်ဖြင့် ဝမ်းသာအားရ ပြောသည်။

တစ်လခန့်ကြာသည့်အခါ ဤအမျိုးသမီး သူငယ်ချင်းနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ကြာကြာခွဲနေ၍ မရတော့ပေ။ သူတို့သည် နေ့စဉ် လူချင်းတွေ့ကြသည်။ တစ်ခါတစ်ရံ တစ်နေ့နှစ်ကြိမ် ဆုံကြသည်။ အမြဲတမ်းလိုလို နှစ်ယောက်အတူတူတွဲ၍ ညစာ စားကြသည်။ ဂျော့ဘာတန်သည် ယခင်ကလို အပြင်သို့ သိပ်မထွက်တော့။ အလုပ်များလွန်း၍ အိမ်သို့ စောစောပြန်မရောက်ဟူသော အချိုးမျိုးလည်း ချိုးစရာမလိုတော့။

နောက်ဆုံးတွင် နှစ်နှစ်တာမျှ အချိန်ကုန်လွန်သွားသည်။ ထိုကာလအတွင်း သူတို့နှစ်ဦး၏ မိတ်ဆွေဘဝသည် တိုးတက်ခိုင်မြဲသည်ထက် ခိုင်မြဲလာသည်။ ကိုယ်ရောစိတ်ပါ နှစ်ကိုယ့်တစ်စိတ် ဖြစ်လာသည်။ တစ်ဦးကိုတစ်ဦး ချစ်ကြသည်၊ ကြင်နာကြသည်၊ လေးစားကြသည်။ ဂျော့ဘာတန်၏ဇနီးသည် မစ္စဘာတန် သို့မဟုတ် ဘာသာသည် စကားပြောတိုင်း ဂျူလီရိုးဆက်၏ နာမည်မပါဘဲ ပြောလေ့မရှိ။ သူမအဖို့ ရိုးဆက်နှင့် ခင်မင်စွာနေရသည့်အတွက် စိတ်ချမ်းသာကြည်နူးမှုကို အပြည့်အဝ ရရှိခံစားနေရသည်။

သို့သော်လည်း တစ်ရက်တွင် မဒမ်ဂျူလီယာရိုးဆက်သည် နာဖျား

www.burmeseclassic.com



မကျန်း ဖြစ်သည်။ ဘာသာသည် ရိုးဆက်အနားမှ တစ်ဖဝါးမခွာ။ ညပေါင်းများစွာပင် လူနာကို ပြုစုစောင့်ရှောက်ရင်း အချိန်ကုန်သည်။ သူမ၏ယောက်ျားခများလည်း ရိုးဆက်၏အဖြစ်ကိုကြည့်ကာ စိတ်ထိခိုက်နေရသည်။ တစ်မနက်တွင် လူနာအား လာရောက်ကြည့်ရှုသော ဆရာဝန်သည် ကိစ္စပြီးသွားသည့်အခါ ဘာတန်တို့လင်မယားအား အပြင်သို့ ခေါ်ထုတ်သွားသည်။ သူတို့မိတ်ဆွေ၏ အခြေအနေသည် စိုးရိမ်ဖွယ်ရာအဖြစ်သို့ ဆိုက်ရောက်နေပြီဟု အသိပေးသည်။

လင်မယားနှစ်ယောက်သည် ထိုညတစ်ညလုံး လူနာ၏ အိပ်ရာနားမှ မခွာ၊ ဘာသာက သူငယ်ချင်းမလူနာအား ပွေ့ဖက်ကာ တယုတယ ပြုစုအားပေးသည်။ သူမ၏ယောက်ျားက ခုတင်ခြေရင်းမှရပ်ကာ အမျိုးသမီးနှစ်ယောက် ကြေကွဲဖွယ်ရာအဖြစ်ကိုကြည့်၍ ဝမ်းနည်းယူကျုံးမရ ဖြစ်သည်။ လူနာ၏အခြေအနေသည် နောက်တစ်ရက်တွင် ပိုဆိုးလာသည်။

နောက်ဆုံး ညပိုင်းရောက်သည့်အခါ လူနာက သူမ၏အခြေအနေမှာ ကောင်းလာပြီဖြစ်၍ အိမ်ပြန်ပြီး ညစာစားကြရန် အတင်းတိုက်တွန်းသည်။ သူတို့လင်မယားသည် ညစာစားပွဲ၌ ထိုင်နေကြသော်လည်း ဘာကိုမှ ဟုတ်တိပတ်တိ မစားနိုင်ကြ။ ထိုအခိုက်တွင် အိမ်စေမကလေးတစ်ယောက်သည် ဂျော့ဘာတန်အား စာအိတ်တစ်အိတ် လာပေးသည်။ ဂျော့ဘာတန်သည် စာအိတ်ကို ဖောက်ဖတ်သည်။ မျက်နှာပျက်သွားပြီး ထိုင်ရာမှ ထသည်။

''မောင့်ကိုခွင့်ပြုဦး၊ မောင် မင့်ကို ခဏလောက်ထားခဲ့ရလိမ့်ဦးမယ်၊ နောက်ဆယ်မိနစ်ဆိုရင် ပြန်ရောက်မှာပါ၊ မင်း ဘယ်ကိုမှ မသွားပါနဲ့'' ဟု ပြောသည်။ ထို့နောက် သူ့အခန်းထဲသို့ ကပျာကယာဝင်သွားပြီး ဦးထုပ်ကို ယူ၍ ပြန်ထွက်လာသည်။

ဘာသာသည် ကြောက်ရွံ့စိတ်အသစ်ဖြင့် သူမ၏ယောက်ျား ပြန်အလာကို စောင့်မျှော်သည်။ သူ ပြန်မလာမချင်း သူမ၏သူငယ်ချင်းအား သွားမကြည့်သေးဟု စိတ်ကူးထားသည်။ သူမ၏ယောက်ျား ရုတ်တရက်

www.burmeseclassic.com



ပြန်မရောက်လာသည့်အခါ ဘာသာသည် ထိုင်နေရာမှထကာ သူမ၏ ယောက်ျားအခန်းထဲသို့ ဝင်သည်။ လက်အိတ်တွေကိုမှ စွပ်သွားရဲ့လား ဟူသော စိုးရိမ်စိတ်ဖြင့် ဝင်သွားခြင်းဖြစ်၏။ အခန်းထဲ ရောက်လျှင်ရောက်ချင်း လက်အိတ်များကို လှမ်းမြင်သည်။ အနီးတွင်လည်း ကြေမွနေသည့် စက္ကူတစ်ရွက် . . .။

သူမသည် စက္ကူကို ချက်ချင်းမှတ်မိသည်။ ဤစာရွက်ကြောင့် သူမ၏ယောက်ျား ထွက်သွားခြင်းဖြစ်သည်ကိုပါ သတိရလာသည်။ သူမ၏ စိတ်ထဲတွင် ထိုစာကို ဖတ်လိုစိတ် အပြင်းအထန် ဖြစ်ပေါ်လာသည်။ သူမ၏ ရိုးသားသန့်စင်သောစိတ်ကလည်း ထိုကိစ္စကို မလုပ်သင့်ဟု ဟန့်တားလျက် ရှိသည်။ သို့သော်လည်း သိချင်စိတ်၏ လွှမ်းမိုးမှုကြောင့် သူမ၏လက်သည် စာကိုကောက်ယူကာ ဖတ်မိသည်။ လက်ရေးမှာ ဂျူလီရိုးဆက်၏ လက်ရေး ဖြစ်၏။ စာမှာ . . .

''မောင်တစ်ယောက်တည်းလာပြီး ဂျူလီကို တယုတယ ပွေ့ထား ပေးပါဦး၊ ဂျူလီ သေရတော့မှာပါ''

ဘာသာသည် စာ၏အဓိပ္ပာယ်ကို ရုတ်တရက်ချက်ချင်း နားမလည်၊ သဘောမပေါက်။ သူမသည် အချိန်အတန်ကြာမျှ တွေဝေငေးမောနေသည်။ ခေါင်းထဲတွင် သေခြင်းတရားအကြောင်းကိုသာ တွေးနေမိ၏။ ထို့နောက် ဖျတ်ခနဲ အသိတစ်ခု ဝင်လာသည်။ ထိုအသိသည် သူမ၏စိတ်ကို ဖမ်းဆီး ချုပ်ကိုင်ထားသည်။ ထိုအသိသည် သူမ၏ ဘဝတစ်ခုလုံးကို အလင်းရောင် ပေးလိုက်သည့်နှယ် ခံစားရသည်။ ထိုအခါ အမှန်တရားကို မြင်လာသည်။ သူတို့၏ သစ္စာမဲ့မှုများနှင့် ယုတ်မာမှုများကို သိနားလည်လာသည်။

အခုကျတော့လည်း သူတို့၏ ကောက်ကျစ်စဉ်းလဲမှုများသည် အပီအပြင် ပေါ်လာသည်။ သူတို့၏ တိတ်တခိုးအကြည့်များနှင့် အပြုအမူများကို မြင်ယောင်လာသည်။ သူမ၏ ယုံကြည်ကိုးစားမှုကို သူတို့က အလွဲသုံးစား ပြုခဲ့ကြခြင်း ဖြစ်၏။ သူမ၏ရှေ့မှောက်၌ သူတို့ချင်း အပြန်အလှန် ကြည့်

www.burmeseclassic.com



နေကြသည့် မျက်နှာထားများသည် သူမ၏စိတ်အာရုံတွင် ထင်ဟပ်လာသည်။

သူမ၏နှလုံးသားတွင် ဒေါသဝင်လာသည်။ နာကြည်းမှုသည်လည်း ပြင်းထန်လာသည်။ ခြေသံများကြားလိုက်ရသည့်အခါ သူမသည် ထိုင်ရာမှ ဖျတ်ခနဲထက သူမ၏အခန်းထဲသို့ ပြေးဝင်သွားပြီး တံခါးကိုပိတ်ထားလိုက်သည်။ အပြင်မှ ဂျော့ဘာတန်၏ခေါ်သံကို ကြားရသည်။ ''ဘာသာ မြန်မြန်ထွက်ခဲ့ပါ၊ မဒမ်ရိုးဆက် သေခါနီးနေပြီ''

ဘာသာက တံခါးဝမှရပ်ကာ တုန်ယင်နေသောအသံဖြင့် အဖြေပေးသည်။ ''ရှင်တစ်ယောက်တည်းပဲ သွားပါ၊ ရိုးဆက်က ကျွန်မကို တွေ့ချင်မှာ မဟုတ်တော့ပါဘူး''

ဂျော့ဘာတန်သည် ဘာသာ၏မျက်နှာကို လှမ်းကြည့်သည်။ ''မြန်မြန်လုပ်ပါကွာ၊ သူသေတော့မယ်'' ဟု ထပ်ပြောသည်။

''ရှင်တစ်ယောက်တည်းလာတာကို သူက ပိုပြီးကြိုက်မှာပါ'' ဟု ဘာသာက ဖြေသည်။ ထိုအခါ ဂျော့ဘာတန်သည် အဖြစ်မှန်ကို ရိပ်စားနားလည်သွားဟန် ရှိ၏။ ဂျူလီရိုးဆက်ထံသို့ ပြန်သွားသည်။ သူသည် ခုတင်ဘေး၌ရပ်ကာ ရိုးဆက်၏အဖြစ်ကိုကြည့်ပြီး ငိုကြွေးသည်။ အနား၌ သူ့မိန်းမ မရှိသဖြင့် အရှက်ကင်းမဲ့စွာ၊ အကြောက်အလန့် ကင်းမဲ့စွာ ငိုကြွေးနိုင်၏။

သူ့မိန်းမ ဘာသာသည် ထိုနေ့ ထိုအချိန်မှစ၍ သူ့အား စကားမပြောတော့ပေ။ သူ့မျက်နှာကိုပင် မကြည့်တော့ပေ။ အမြဲတစေ တံခါးကို ပိတ်၍ အခန်းထဲ၌ အောင်းနေတတ်သည်။ နေ့ရောညပါ ဘုရားသခင်ထံ၌ ဆုတောင်းခြင်းဖြင့်သာ အချိန်ကုန်လျက်ရှိလေသည်။

သူတို့သည် အတူတူနေထိုင်လျက်ရှိသော်လည်း အဆင်ပြေမှုကတော့ မရှိပေ။ တစ်စားပွဲတည်း အတူတူထိုင်၍ မျက်နှာချင်းဆိုင်၍ စားသောက်နေကြသော်လည်း တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ကြပေ။

www.burmeseclassic.com



ကာလအတန်ကြာသည့်အခါ ဂျော့ဘာတန်သည် ဘာသာအား ချော့မော့ရန် ကြိုးစားသည်။ သို့သော်လည်း ဖြစ်ခဲ့သမျှကို မေ့မရနိုင်သော ဘာသာက လက်မခံ။ သူတို့ဘဝသည် ဆက်လက်၍သွားနေသော်လည်း ကြီးမားသော အခက်အခဲကြီးနှင့် ရင်ဆိုင်နေသည်။ တစ်နှစ်တာ ကုန်လွန်သွားခဲ့ပြီ ဖြစ်၏။ ထိုကာလအတွင်း သူတို့သည် ထိုပုံစံအတိုင်း နေထိုင်လျက် ရှိကြသည်။ တစ်ယောက်နှင့်တစ်ယောက် လူစိမ်းများသဖွယ် ဖြစ်နေကြသည်။ ဘာသာမှာမူ စိတ်ဆင်းရဲခြင်းဒဏ်ကို ရှုံးမတတ် ခံစားနေရလေ၏။

တစ်နေ့သောနံနက် အရုဏ်တက်ချိန်တွင် ဘာသာသည် အပြင်သို့ ထွက်သွားသည်။ ရှစ်နာရီခန့်တွင် အိမ်သို့ပြန်ရောက်လာသည်။ သူမ၏ လက်နှစ်ဖက်သည် နှင်းဆီပန်းစည်းကြီးတစ်စည်းကို ပွေ့လာသည်။ နှင်းဆီပန်းများမှာ အဖြူရောင်များ ဖြစ်၏။ ရောက်လျှင်ရောက်ချင်း သူမယောက်ျားအား ခဏတွေ့လိုသည်ဟု အကြောင်းကြားခိုင်းသည်။ သူမ၏ယောက်ျားသည် သူမထံသို့ ရောက်လာသည်။

''ကျွန်မတို့ အပြင်ထွက်ကြရအောင်'' ဟု ဘာသာက ပြောသည်။ ''ဒီပန်းတွေကို ရှင်သယ်ခဲ့ပါ၊ လေးလွန်းလို့ ကျွန်မ မနိုင်ဘူး''

သူမ၏ယောက်ျားက ပန်းစည်းကြီးကိုပွေ့ကာ သူမ၏နောက်မှ လိုက်ခဲ့သည်။ မြင်းရထားတစ်စီးသည် သူတို့အား စောင့်ကြိုနေသည်။ သူတို့နှစ်ယောက် မြင်းရထားပေါ် ထိုင်မိသည်နှင့်တစ်ပြိုင်နက် မြင်းရထားသည် ထွက်ခွာသည်။

မြင်းရထားသည် သုသာန်တစ်ခု၏ ဂိတ်တံခါးရှေ့၌ ရပ်သည်။ မျက်လုံးအစုံတွင် မျက်ရည်များဖြင့်ပြည့်နေသော ဘာသာက ''ကျွန်မကို ဂျူလီရိုးဆက်ရဲ့ မြေပုံဆီ ပို့ပေးပါ'' ဟု ပြောသည်။ ဂျော့ဘာတန်သည် ဘာ့ကြောင့်မှန်းမသိ၊ တစ်ကိုယ်လုံး တုန်နေသည်။ သူသည် ပန်းစည်းကို ပွေ့ကာ ရှေ့မှလျှောက်သွားသည်။ နောက်ဆုံးတွင် ကျောက်ဖြူဖြင့်တည် ဆောက်ထားသော အုပ်ဂူတစ်လုံးရှေ့၌ ရပ်လိုက်ပြီး သူ့ဇနီးအား လက်ညှိုး ထိုးပြသည်။

www.burmeseclassic.com



ဘာသာသည် ဂျော့လက်ထဲမှ ပန်းစည်းကို လှမ်းယူသည်။ အုတ်ဂူရှေ့၌ ဒူးထောက်ထိုင်ကာ လက်ထဲမှပန်းစည်းကို အုတ်ဂူခြေရင်း၌ အသာအယာ ချထားလိုက်သည်။ ထို့နောက် အချိန်အတန်ကြာမျှ ခေါင်းငုံ့ကာ ငြိမ်ဆိတ်နေသည်။ သူမ၏ယောက်ျားကတော့ သူမ၏နောက်တွင် ရပ်လျှက်။ အတိတ်က ဖြစ်ရပ်များကို ပြန်လည်သတိရကာ မျက်ရည်ကျနေသည်။

ဘာသာသည် ထိုင်ရာမှထရပ်ပြီး လက်နှစ်ဖက်ကို ဂျော့ဘာတန်ထံ ဆန့်တန်းပေးသည်။ ပြီးတော့ ''တကယ်လို့ ရှင့်မှာ ဆန္ဒရှိနေသေးတယ် ဆိုရင်တော့ ကျွန်မတို့ မိတ်ဆွေတွေအဖြစ် ပြန်ဆက်ဆံကြတာပေါ့'' ဟု ပြောသည်။ ။

**Forgiveness**
**by Guy De Maupassant**

■

www.burmeseclassic.com

## သူရိုး

ထူးဆန်းအံ့သြဖွယ်ကောင်းသည့် ဖောက်ထွင်းခိုးယူမှုများနှင့် ရဲဝံ့စွန့်စားသော လုပ်ရပ်များပါဝင်သည့် ရာဇဝတ်မှုများအကြောင်းကို ငြိမ်ဆိတ်စွာ ထိုင်၍နားထောင်နေသော ဒေါက်တာ ဆော့ဘီးယားသည် ''သိပ်မှန်တာပေါ့ဗျာ'' ဟု ရေရွတ်လိုက်သည်။ နားထောင်နေစဉ်အတွင်း သူသည် အခြားသောအရာတစ်ခုကို ပြန်လည်သတိရကာ စဉ်းစားနေဟန်လည်းရှိ၏။

''ခင်ဗျားပြောတာ မှန်ပါတယ်၊ ဘာကိုမှ မသိနားမလည်သေးတဲ့ မိန်းကလေးတစ်ယောက်ကို တဒင်္ဂသာယာမှုကလေးပေးပြီး ဖျက်လိုဖျက်ဆီး လုပ်သွားတာလောက် ဆိုးညစ်ယုတ်မာတဲ့လုပ်ရပ်ဟာ ဒီလောကမှာ မရှိသေးဘူးလို့ပဲ ကျုပ်ထင်မိတယ်။ မိန်းကလေးမှာကတော့ ဘာဆိုဘာမှ နားလည်သေးတာ မဟုတ်ဘူး။ ပထမ ရာဂနဲ့ပတ်သက်တဲ့ သာယာမှုကို ပေးတယ်။ ပြီးတော့ အဲဒီအပေါ်မှာ စွဲလန်းသွားတဲ့ လူ့အားနည်းချက်ကို အခြေပြုပြီး မိန်းကလေးရဲ့ဘဝကို ပျက်စီးနစ်မွန်းအောင် လုပ်တာလို့ပဲ ကျုပ်ကတော့ မြင်တယ်။

''စဉ်းစားကြည့်လေ၊ အတွေ့အထိဆိုတဲ့ အာရုံခံစားမှုကို ပေးလိုက်တော့ မိန်းကလေးခမျာ ဘာသိမှာလဲ၊ အဲဒီ ခံစားမှုထဲမှာ နစ်သွားတာပေါ့။

www.burmeseclassic.com



ဒီအချိန်မှာ မိန်းကလေးအဖို့တော့ အသိဆိုတာ ကင်းမဲ့သွားပြီ။ သူ့တစ်ကိုယ်လုံးထူပူပြီး ကိုယ်ကာယထဲမှာရှိနေတဲ့ သွေးသားရဲ့တောင်းဆိုမှုက လွဲလို့ တခြားဘာကိုမှ မသိတော့ဘူး။ အဲဒီ တဒင်္ဂအချိန်ကလေးမှာ သူဟာ စေသည့်ကျွန်၊ ထွန်သည့်နွား ဆိုတဲ့ဘဝမျိုး ဆိုက်နေပြီ။ တစ်ဖက်လူ ပြုသမျှ နုပါတော့မယ်လို့ လက်မြှောက်အရှုံးပေးထားရတဲ့ အနိုင်ခံဘဝကို ရောက်နေပြီ။ ရမ္မက်ဆန္ဒရဲ့အလိုကို ငါ လိုက်–လိုက်ရင် ပြန်ပြီးပြုပြင်လို့ မရနိုင်လောက်အောင် ငါ့ဘဝ ပျက်တော့မှာပါလားဆိုတဲ့ အတွေးမျိုး အသိမျိုးလည်း မဝင်တော့ဘူး။ အဲဒီ အားနည်းချက်ကလေးကို အခွင့်ကောင်း ယူပြီး ကျူးလွန်တာဟာ အလွန့်အလွန်ကို ယုတ်မာဆိုးညစ်တဲ့အလုပ်လို့ ကျုပ်ကတော့ ယူဆတာပဲ။

''အဲသလိုအဖြစ်မျိုးမှာ ကျုပ်ကတော့ ကျူးလွန်သူကို လုံးဝ ခွင့်မလွှတ်နိုင်ဘူး။ အခြေအနေအရပ်ရပ်က ဒီအဖြစ်မျိုးရောက်အောင် တွန်းပို့လို့ပါလို့ ဆင်ခြေပေးနိုင်သည့်တိုင်အောင် ကျုပ်ကတော့ ခွင့်လွှတ်နိုင်မယ် မထင်ဘူး။ ဥပမာအားဖြင့် လူတစ်ယောက်ကို အင်မတန်လှပတဲ့ စားပွဲတစ်လုံးမှာထိုင်ဖို့ ဖိတ်ကြားခံရတယ်၊ အရသာထူးပါပေ့ဆိုတဲ့ဝိုင်နဲ့ တည်ခင်းဧည့်ခံတယ်၊ သောက်ပါလို့လည်း တိုက်တွန်းခံနေရတယ်ဆိုရင် သူ မသောက်ဘဲ ဘယ်နေနိုင်ပါ့မလဲ။ ဒါပေမဲ့ . . .

''သူ့မှာ အကောင်းအဆိုး ခွဲခြားသိမြင်တတ်တဲ့ ဦးနှောက်နဲ့ အသိဉာဏ်က ရှိနေတယ်။ ဖြစ်ပေါ်လာမယ့် မကောင်းကျိုးတွေဟာ မှားမလား၊ မှန်မလားဆိုတဲ့ ဝေဖန်ပိုင်းခြားမှု၊ အနာဂတ်ကာလမှာ နှစ်ဦးနှစ်ဖက် ရရှိခံစားရမယ့် အကျိုးဆက်တွေ . . ၊အဲဒါတွေကို ဆင်ခြင်သုံးသပ်ပြီး ကိုယ့်စိတ်ကိုယ် ချုပ်တည်းနိုင်စွမ်း ရှိသင့်တယ်လို့ ကျုပ်ကတော့ ထင်တယ်။

''အမှန်တော့ ဒီကိစ္စမျိုးဟာ ယောကျ်ားတစ်ယောက်ရဲ့ ထူးခြားတဲ့ အရည်အသွေးနဲ့ ဆက်စပ်ပတ်သက်နေတယ်။ ဒီကိစ္စမျိုးမှာ ကိုယ့်ကိုယ်ကို ထိန်းချုပ်ရတာဟာ ခက်ခဲလည်း ခက်ခဲတယ်၊ ပင်ပန်းလည်း ပင်ပန်းတယ်၊

www.burmeseclassic.com



ဆန္ဒရမ္မက်ရဲ့အလိုကို တွန်းလှန်တိုက်ခိုက်ရတာမို့ စိတ်ဆင်းရဲမှုဒဏ်ကိုလည်း ခံစားရတယ်။ ဒါပေမဲ့ အနာဂတ်ကာလမှာ ကိုယ်ခံစားနေရမယ့် ဝေဒနာတွေ၊ ပျက်စီးသွားရမယ့် ကိုယ့်ဘဝရဲ့ သာယာပျော်ရွှင်မှုတွေကို တွေးတောဆင်ခြင်လိုက်မယ်ဆိုရင် လောလောဆယ် ကိုယ်ရင်ဆိုင်ရမယ့် အခက်အခဲတွေဟာ ကျော်လွှားနိုင်စရာ ရှိပါတယ်။

''အခု ကျုပ်ပြောနေတာတွေဟာ ကိုယ်ကျင့်တရားရဲ့ ရောင်ပြန်ဟပ်မှုတွေလို့ ဆိုချင်လည်း ဆိုနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ဒါတွေနဲ့ ပတ်သက်လို့ တကယ်ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းကလေးတစ်ပုဒ် ရှိခဲ့တယ်။ အလွန်ဝမ်းနည်းကြေကွဲစရာကောင်းတဲ့ ဇာတ်လမ်းကလေးပါ။ ဒီဇာတ်လမ်းကို ခင်ဗျား စိတ်ဝင်စားလိမ့်မယ်လို့ ကျုပ်ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ဇာတ်လမ်းထဲမှာ ထူးခြားတဲ့ အာဇာနည်စိတ်ကလေးကို မြင်နေရလို့ပါ''

ဒေါက်တာ ဆော့ဘီးယားသည် အချိန်အနည်းငယ်ကြာမျှ စကားကို ဆက်မပြောဘဲ ငြိမ်ဆိတ်နေသည်။ သူ၏မှတ်ဉာဏ်ကို ပြန်လည်ဆန်းစစ်နေဟန်ရှိ၏။ သူသည် ပက်လက်ကုလားထိုင် လက်တန်းများပေါ်၌ သူ့တံတောင်နှစ်ဖက်ကိုတင်ကာ အဝေးသို့ မျှော်ကြည့်နေသည်။ ထို့နောက် ဆေးကျောင်းသား ကျောင်းသူများအား ဘာသာရပ်တစ်ခု သင်ကြားပို့ချပေးနေသည့် ဆရာဝန် ပါမောက္ခတစ်ယောက် လေသံဖြင့် စကားကိုဆက်ပြောသည်။

''သူက ကျုပ်အဘိုးတွေ ပြောပြတဲ့အတိုင်းဆိုရင် စွန့်စားတတ်တဲ့ လူတစ်ယောက်ပဲ။ အမြဲတစေ ပြဿနာနောက်လိုက်နေတဲ့ လူစားမျိုးထဲ ပါတယ်လို့ ဆိုရလိမ့်မယ်။ ပေါ့ပေါ့တန်တန်နဲ့ တေတေပေပေ နေတတ်တဲ့ လူစားမို့ လူဆိုးလို့လည်း ဆိုနိုင်မှာပေါ့။ ဒါပေမဲ့ ဒီလူက ဘေးတို့ အန္တရာယ်တို့ကို ကြောက်တတ်တဲ့လူစား မဟုတ်ဘူး။ တစ်ရှူးထိုး တဇောက်ကန်း လုပ်တတ်တဲ့ မိုက်ရူးရဲတစ်ယောက်ပဲ။ အပျော်အပါး လိုက်စားရာမှာလည်း

www.burmeseclassic.com



ဝါသနာကြီးတယ်။ သူ့မှာရှိသမျှငွေဟာ လောင်းကစားနဲ့ မိန်းမလိုက်စား ရင်း ကုန်တာပဲ။ ဒီလူက ဘယ်အချိန်မှာ ဘယ်လိုအပျော်ရှာရမလဲ ဆိုတာ လောက်ပဲ စဉ်းစားနေတဲ့လူ။ အဲဒီအချိန်က သူဟာ ဗာဆေးမြို့မှာ နေတယ်။

ကျုပ် သူနဲ့ ရင်းနှီးခဲ့ပါတယ်။ သူ့စိတ်နေစိတ်ထားကိုလည်း ကောင်းကောင်းကြီး သိခဲ့ရတယ်။ ကျုပ်ကလည်း လူပျိုလူလွတ် ဦးလေး တစ်ယောက်က တူတစ်ယောက်ကို ချစ်သလို ချစ်ခဲ့ပါတယ်။ သူကလည်း ကျုပ်ကို သူ့ရဲ့ ယုံကြည်စိတ်ချကိုးစားရတဲ့ လူယုံတစ်ဦးအဖြစ် သတ်မှတ် ခဲ့ပါတယ်။ သူ့ရဲ့ အလှည့်အပတ် အဖြီးအဖြန်းကလေးတွေနဲ့ ပြည့်နေတဲ့ လုပ်ကွက်ကလေးတွေကိုလည်း အသေးအဖွဲကအစ ပြောပြလေ့ ရှိပါတယ်။ ပြောတဲ့အခါမှာတော့ သူ့အကြောင်းလို့ ထုတ်ဖော်မပြောဘူး။ သူ့သူငယ် ချင်းတွေထဲက တစ်ဦးတစ်ယောက်ရဲ့ အဖြစ်လိုလို ဘာလိုလို ပြောလေ့ ရှိပါတယ်။

ဘယ်လိုဖြစ်ဖြစ်ပေါ့လေ၊ လူငယ်သဘာဝ ထင်ရာမြင်ရာကို တစ် ဖွတ်ထိုးလုပ်တတ်တဲ့အကျင့်ကလေးတွေ၊ အပူအပင်အကြောင့်အကြ ကင်းမဲ့လွန်းလှတဲ့ သာယာပျော်ရွှင်မှုတွေဟာ အားကျစရာပါ။ ဒါပေမဲ့ ကိုယ်က လိုက်မလုပ်နိုင်တော့ သူလုပ်နေတာတွေကိုကြည့်ပြီး ငြူစူစိတ် ဝင်ရပါတယ်။ လူကလည်း ခပ်ချောချော၊ စိတ်ကလည်း အမြဲတစေ ပျော် နေလေတော့ သူ့ကိုကြည့်ပြီး အားကျမိတာတော့ အမှန်ပဲ။ ဒါပေမဲ့ သူ့ကို ထင်ရာမြင်ရာတွေ မလုပ်ဖို့တော့ သတိပေးချင်ပါလျက်နဲ့ မပေးရဲခဲ့ဘူး။ လမ်းမှန်ကိုရောက်အောင်လည်း မညွှန်ပြခဲ့မိဘူး။

ဒီလိုနဲ့ပဲ တစ်ချိန်မှာတော့ သူဟာ မိန်းကလေးတစ်ယောက်နဲ့ တပူးတွဲတွဲ ဖြစ်လာတယ်။ တစ်ယောက်နဲ့တစ်ယောက် ခွဲလို့ခွာလို့ မရနိုင် လောက်အောင် ဖြစ်လာကြတယ်။ သူတို့နှစ်ယောက်ဟာ ဘယ်သူမှမသိ အောင် မကြာခဏ ချိန်းတွေ့ကြတယ်။ ဘာကိုမှ အလေးအနက်မထားတတ် တဲ့ ကျုပ်လူဟာ နောက်ဆုံးကျတော့ 'အချစ်' ဆိုတာကို ရှာဖွေတွေ့ရှိ

www.burmeseclassic.com



သွားတယ်။ တကယ့်အချစ်စစ် အချစ်မှန်ကို တွေ့သွားပြီဆိုတော့လည်း အချစ်ဆိုတာ ဘာလဲလို့ သဘောပေါက်သွားတာပေါ့လေ။ သူ့နှလုံးသားနဲ့ ဦးနှောက်ထဲမှာ အချစ်ဆိုတဲ့အရာ တည်ရှိလာပြီဆိုတော့လည်း သူဟာ အချစ်ရဲ့ ကျေးကျွန် ဖြစ်လာရတာပေါ့။ သူဟာ မိန်းမချော မိန်းမလှလေး အပေါ်မှာ စွဲစွဲလန်းလန်း ချစ်နေပြီ၊ အရူးအမူး ချစ်နေပြီ။ မိန်းကလေး ကလည်း လှတော့လှပါရဲ့၊ စည်းနဲ့ကမ်းနဲ့ စနစ်တကျ မွေးဖွားကြီးပြင်း လာရတာမဟုတ်တော့ စိတ်ကလည်း မတည်ငြိမ်ဘူး။ ဆိုဆုံးမဖို့လည်း မလွယ်ဘူး။ ထင်ရာစိုင်းချင်တတ်တဲ့ အကျင့်စရိုက်ကလေးက ရှိတယ်။

ဒါပေမဲ့ အမျိုးသမီးလေးက သူ့အပေါ် အတော်မြတ်နိုးပါတယ်။ အရူးအမူးကို ချစ်ခင်စွဲလန်းနေတဲ့သဘော ရှိပါတယ်။ သူမရဲ့ အဆင်အခြင် ကင်းမဲ့တဲ့ မိဘတွေကလည်း သူမကို ကြိုက်သလို လုပ်ကိုင်နေထိုင်ခွင့် ပေးထားလေတော့ သူတို့နှစ်ဦးရဲ့အချစ်ဟာ တိုးသည်ထက်သာ တိုးလာ နေပါတယ်။ ကွန်ဗင့်ကျောင်းသူ ဘဝကတည်းက ဘာမဆို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရခဲ့တဲ့ မိန်းကလေးအဖို့ သူမရဲ့ ချစ်ရေးချစ်ရာကိစ္စမှာ ဘယ်လို အတားအဆီးမှ မရှိဘူးလို့ ထင်စရာပေပေါ့။

ဒီနေရာမှာ ခက်တာတစ်ခုက သူမရဲ့ မိဘတွေပဲ။ မိခင်ရော ဖခင်ရော မျိုးရိုးဂုဏ်ကို အမြတ်တနိုးကိုးကွယ်ပြီး မာန်မာနသိပ်ကြီးတယ်။ ပြီးတော့ ငွေကြေးဥစ္စာနေကိုလည်း အလွန်မက်ကြတယ်။ အဲဒီတော့ သူမနဲ့ သူ့ကို လက်ထပ်သည်အထိတော့ ခွင့်ပြုမှာ မဟုတ်ဘူးလို့ မိန်းကလေးက နားလည်ထားတယ်။ ကျုပ်တို့လူကလည်း လူက ချောပေမယ့်၊ ဟန်ရှိပေ မယ့် အဆန်ကမရှိတဲ့ အခြေအနေမှာ ရှိတယ်။ သူက စိတ်ကူးနဲ့ အကြွေးသာ ရှိတဲ့ အလယ်အလတ်တန်းစားထဲက လူဆိုတော့ မိန်းကလေးမိဘတွေက ဘယ်နည်းနဲ့မှ သဘောတူမှာမဟုတ်ဘူးပေါ့။ မိန်းကလေးကတော့ ဒါတွေ ကို အကုန်လုံး ဘေးဖယ်ထားပြီး သူမရဲ့ချစ်သူနဲ့ နီးစပ်ဖို့လောက်သာ အဓိကထားတယ်။

www.burmeseclassic.com



ကျုပ်တို့လူအနေနဲ့လည်း အမှန်တကယ် ချစ်လာပြီဆိုတော့ ဘာမှ မစဉ်းစားနိုင်တော့ဘူး။ အရင်ကရှိခဲ့တဲ့ စိတ်ခေတ်အင်အားဟာ မရှိတော့ဘူး။ သူ့နှလုံးသားဟာ အရင်ကနဲ့ အတူတော့ဘူး။ သိပ်ကို နူးညံ့လာတယ်။ အချစ်ဆိုတဲ့ ရေစီးကြောင်းထဲမှာ အလိုက်သင့် မျောပါသွားနေတယ်။ နောက်ဆုံးမှာတော့ လှိုင်းပုတ်တဲ့ဒဏ်ကြောင့် ကမ်းခြေမှာ သွားတင်နေရတယ်။ ဒါပေမဲ့ သူ့ဘဝဟာ လေလွင့်နေတဲ့ လူတစ်ယောက် အဖြစ်မျိုးကို ဆိုက်သွားတယ်။

မိဘတွေရဲ့ ပိတ်ပင်တားမြစ်မှုကြားကပဲ တစ်ယောက်ဆီ တစ်ယောက် စာတွေရေးကြတယ်။ တစ်ယောက်နဲ့ တစ်ယောက် နေ့စဉ်တွေ့ကြတယ်။ ပါတီပွဲတွေနဲ့ ကပွဲတွေမှာလည်း ဆုံကြတယ်။ သွားရင်းလာရင်း အမှတ်မထင် ဆုံမိသလိုလို ဘာလိုလိုနဲ့ တွေ့ကြတာမျိုးတွေ ရှိသလို တမင်ချိန်းဆိုပြီး တွေ့ကြတာမျိုးတွေလည်း ရှိတယ်။ နောက်ဆုံးမှာတော့ မိန်းကလေးက ကျုပ်တို့လူကို သူမရဲ့ အခန်းမှာ လက်ခံပြီးတွေ့တဲ့အဆင့်ထိ ရှိလာတယ်။

ဒေါက်တာဆော့ဘီးယားသည် စကားကိုဖြတ်၍ ရပ်ထားသည်။ သူ့မျက်လုံးအစုံတွင် မျက်ရည်စများဖြင့် ပြည့်နေသည်။ တစ်ချိန်က သိခဲ့ရသော ကြေကွဲဖွယ်ရာ အဖြစ်များသည် သူ့စိတ်ကို ထိခိုက်စေသည်မှာ ထင်ရှားသည်။ ထို့နောက် သူသည် ပြောလက်စဇာတ်လမ်းကို ဆက်ပြောသည်။

ကျုပ်တို့လူဟာ ညတိုင်း လပေါင်းများစွာ ကြာတဲ့အထိ ဥယျာဉ်အုတ်တံတိုင်းကို ဖက်တက်တယ်။ ပြီးတော့ ပတ်ဝန်းကျင်က အသံဗလံကို နားစွင့်ပြီး တံတိုင်းရဲ့ တစ်ဖက်ကို ကျော်ခွဆင်းတယ်၊ ကောင်မလေး အိမ်ထဲကို သူခိုးတစ်ယောက်ဝင်သလို ဝင်တယ်။ ဝင်တော့လည်း အစေခံတွေနေတဲ့ နောက်ဖေးဘက်တံခါးက ဝင်ရတာ။ အဲဒီတံခါးကို မိန်းကလေးက အသင့်ဖွင့်ပေးထားလေ့ရှိတယ်။ အဲဒီတံခါးကဝင်ပြီး စကြံလမ်းအတိုင်း

www.burmeseclassic.com



ဖိနပ်မပါတဲ့ ခြေထောက်တွေနဲ့ ခြေသံမကြားအောင်လျှောက်၊ ဒုတိယထပ်မှာ ရှိတဲ့ သူချစ်သူရဲ့ အခန်းကိုရောက်ဖို့ လှေကားကနေတက်၊ အခန်းထဲ ရောက်သွားရင် သူ ချစ်သူနဲ့ တစ်ညလုံးနီးပါးနေ။

တစ်ညမှာတော့ သူဟာ ခါတိုင်းသွားနေကျ အချိန်ထက် နောက်ကျပြီး ရောက်သွားတယ်။ အိမ်ထဲမှာ အမှောင်ထုကလည်း ကြီးမားနေတယ်။ ချစ်သူဆီ မြန်မြန်ရောက်ဖို့ကိုသာ ဆန္ဒစောနေတဲ့ ကျုပ်တို့လူဟာ အိမ်ရှေ့ခန်းထဲက ပရိဘောဂတချို့ကို ဝင်တိုက်မိတယ်။ ပစ္စည်းတွေဟာ ကျွမ်းထိုးမှောက်ခုံ လဲကျကုန်တာပေါ့။ အဲဒီအချိန်မှာ စာဖတ်နေလို့ပဲလား၊ ဒါမှမဟုတ် ခေါင်းကိုက်လို့ပဲလား မသိဘူး၊ ရုတ်တရက် အိပ်မပျော်သေးတဲ့ အမေလုပ်သူဟာ အသံတွေကြောင့် ထိတ်လန့်တကြား ဖြစ်သွားတယ်။

အမေလုပ်တဲ့လူဟာ အိပ်ရာပေါ်ကခုန်ဆင်းပြီး အခန်းတံခါးကို ဖွင့်ထွက်လာတယ်။ အပြင်ရောက်လို့ ထွက်ပြေးသွားတဲ့ အရိပ်မည်းမည်း တစ်ခုကိုလည်းမြင်ရော အိမ်ထဲကို သူခိုးဝင်နေပြီလို့ တွေးတယ်။ ချက်ချင်းပဲ အလန့်တကြားဖြစ်ပြီး သံကုန်ဟစ်အော်တော့တာပေါ့။ သူ့အော်သံကြောင့် သူ့ယောက်ျားရော၊ အစေခံတွေပါ နိုးလာကြတယ်။ ကံမကောင်းရှာတဲ့ ကျုပ်တို့လူဟာ သူ ဘာဖြစ်နေပြီဆိုတာ သိတယ်။ သူ့ကိုတွေ့သွားလို့ သူခိုးတစ်ယောက်လို့ထင်ရင် အကြောင်းမဟုတ်ဘူး။ သူ့ချစ်သူနဲ့ သူနဲ့ ချိန်းတွေ့ကြတဲ့ကိစ္စကို သိသွားရင် သူ့ချစ်သူရဲ့ဂုဏ်သိက္ခာ ကျတော့မှာကို မြင်တယ်။ ဒါကြောင့်မို့လည်း အမိခံရရင် သူ့ကို သူခိုးလို့ထင်အောင် ညှော်ခန်းထဲ ပြေးဝင်သွားပြီး အဖိုးတန်ပစ္စည်းတချို့ကို ကောက်ယူပြီး သူ့အိတ်ကပ်တွေထဲ ထိုးထည့်ထားတယ်။ ပြီးတော့ ညှော်ခန်းထဲက စန္ဒရားကြီးရဲ့ နောက်ထဲ ဝင်ပုန်းနေတယ်။

ဖယောင်းတိုင်တွေထွန်းပြီး ပြေးဝင်လာကြတဲ့ အစေခံတွေက သူ့ကို တွေ့သွားကြတော့ ဆဲဆိုရိုက်နှက်ပြီး ဖမ်းကြတယ်။ ချက်ချင်းပဲ သူ့ကို ဒရွတ်သီထိုးဆွဲခေါ်ပြီး အနီးဆုံးရဲစခန်းပို့ကြတယ်။ ရက်စိတ် ကြောက်

www.burmeseclassic.com



စိတ်နဲ့ မှန်ထုနေတဲ့ ကျုပ်တို့လူဟာ အစေခံတွေပြုသမျှကို ငြိမ်ခံပြီး ပါသွားရှာတယ်။ သူ့အမှုကိုရုံးတင်တော့ သူဟာ သူ့ကိုယ်သူ ထိန်းသိမ်းချုပ်တည်းရှာတယ်။ သူချစ်သူကချိန်းလို့ လာတွေ့တာပါဆိုတဲ့စကားကို လုံးဝမပြောဘူး။ သူ့ရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာ ဘယ်လိုပဲကျကျ မိန်းကလေးရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာကို မကျအောင် ထိန်းသိမ်းစောင့်ရှောက်သွားခဲ့တယ်။ သူဟာ ရာဇဝတ်ပြစ်မှု ကျူးလွန်သူတစ်ယောက်အဖြစ်နဲ့ ထောင်ကိုပဲ သွားခဲ့တယ်။

သူဟာ ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းဒဏ်ကိုခံစားပြီး ထောင်ထဲ မှာပဲ သေဆုံးသွားခဲ့ရှာတယ်။ သူ့ချစ်သူ မိန်းမချောလေးအတွက် အနစ်နာ ခံသွားတဲ့ သူ့အဖြစ်ဟာ ကြေကွဲစရာပါ။ သေခါနီးမှာတော့ သူဟာ သူ့ရဲ့ သေတမ်းစာကို သရဏဂုံလာတင်ပေးတဲ့ ဘုန်းကြီးလက်ထဲ အပ်ခဲ့ပါတယ်။ ဒီသေတမ်းစာကို ကျုပ်လက်ထဲရောက်အောင် ပို့ပေးပါလို့လည်း မှာသွားခဲ့ တယ်။ သေတမ်းစာထဲမှာ ဘယ်သူ့နာမည်ကိုမှ ထိခိုက်နစ်နာအောင် ဖော်ပြမထားပါဘူး။ အဖြစ်အပျက်ကိုလည်း အသေးစိတ် ရေးမထားပါဘူး။ ဒါပေမဲ့ သူ့အပေါ် စွပ်စွဲထားတဲ့ကိစ္စဟာ မမှန်ပါဘူးဆိုတာသိသွားအောင် ရှင်းထားတဲ့အချက်တော့ ပါ ပါတယ်။ သူ့ချစ်သူကို ကာကွယ်ဖို့အတွက် ဒီလောက်ကြီးလေးလှတဲ့ တာဝန်ကြီးကို သေခါနီးအချိန်ထိ မျိုသိပ်သွားရှာတာပါ။

ဘာ့ကြောင့်ရယ်လို့တော့ ကျုပ်မသိဘူး။ ကျုပ်စိတ်ထဲမှာ ကြိတ်ပြီး တွေးနေမိတာတစ်ခုရှိတယ်။ သူ့ချစ်သူဟာ အိမ်ထောင်ကျလို့ ကလေးတွေ မွေးလာရင် သူမရဲ့ သားသမီးတွေကို စည်းကမ်းတင်းတင်းကျပ်ကျပ်နဲ့ ဘာသာတရားကို ကြည်ညိုလေးစားတဲ့လူတွေ ဖြစ်လာအောင် ပြုစုပျိုးထောင် ပေးသွားလိမ့်မယ်လို့ ယူဆနေမိတဲ့အတွေးပါ။

**The Thief**
**by Guy De Maupassant**

■

## လီလီလာလာ

ကျွန်တော် သူ့ကို ပထမဆုံးအကြိမ် မြင်တွေ့လိုက်ရတဲ့အချိန်က ကျွန်တော့်နှလုံးသားများကို လှိုက်လှိုက်လှဲလှဲ စွဲလန်းနှစ်သက်ခဲ့ဖူးတဲ့ တေးသီချင်းတစ်ပုဒ်ကို ပြေးပြီးသတိရခဲ့မိပါတယ်'' ဟု လူဝီဒီ အေရန်ဒယ်လ်က ပြောသည်။ သူ့မျက်နှာထားသည် အိပ်မက်မက်နေသူတစ်ဦးနှင့် တူသည်။ တစ်စုံတစ်ရာကို ပြန်လည်သတိရဖို့ အားထုတ်ရေသူတစ်ဦးနှင့်လည်း တူလှသည်။ ''ကျွန်တော် သတိရတဲ့သီချင်းက တစ်ချိန်က ကျွန်တော် ကြားခဲ့ဖူးတဲ့ သီချင်းပါ။ ဘယ်သူစပ်သွားတယ်ဆိုတာကတော့ ကျွန်တော် မမှတ်မိတော့ဘူး။ ဒီသီချင်းက ဆံပင်လှလှနဲ့ မိန်းမတစ်ယောက်အကြောင်း စပ်ဆိုထားတာပါ။ သူမရဲ့ဆံပင်တွေက ပိုးသားလိုပဲ နူးညံ့တယ်။ ရွှေရောင်သမ်းနေတယ်။ ဆံပင်တွေက သိပ်ကိုလှလွန်းတဲ့အတွက် သူမရဲ့ချစ်သူက သူမ ကွယ်လွန်သွားတဲ့အခါမှာ ဆံပင်တွေကို ဖြတ်ယူထားလိုက်တယ်။ အဲဒီနောက်တော့ အဲဒီတယောက ထွက်လာသမျှ တေးသီချင်းတွေဟာ ကြားရသူတွေအတွက် ချစ်ရာ မြတ်နိုးစရာ ဖြစ်လာသတဲ့။

သူမရဲ့ မျက်လုံးတွေထဲမှာတော့ လျှို့ဝှက်နက်ရှိုင်းတဲ့ရေတွေ ရှိနေ

www.burmeseclassic.com



တယ်။ အဲဒီမျက်လုံးတွေကို ကြည့်မိတဲ့လူဟာ အလွန်နက်လှတဲ့ရေထဲကို နစ်မြုပ်သွားသလို ခံစားရတယ်။ သူမရဲ့ နှုတ်ခမ်းတွေပေါ်မှာတော့ အလွန်အကြင်နာကင်းမဲ့မယ့် အပြုံးရိပ်ကို မြင်နေရတယ်လို့ ဆိုပါတယ်။ ယောက်ျားတွေအပေါ်မှာ ရက်စက်ကြမ်းကြုတ်မယ့် ဘုရင်မ တစ်ယောက်နဲ့ တူလွန်းလှပါတယ်–တဲ့။ ကြောက်တဲ့လန့်တဲ့စိတ် နည်းနည်းကလေးမှရှိပုံ မပေါ်ပါဘူးတဲ့။ အဲဒါဟာ သီချင်းထဲက စကားတွေပါ။

ကျွန်တော် သူ့ကိုစတွေ့တော့ နတ်မိမယ်တမျှ ချောမောလှပတဲ့ သူမရဲ့ ရုပ်အဆင်းအင်္ဂါကို ချက်ချင်း သတိထားခဲ့မိပါတယ်။ ဆံပင်တွေက ရွှေရောင်းသမ်းနေပါတယ်။ အရပ်အမောင်းကလည်း မြင့်မားလှပါတယ်။ ကိုယ်ခန္ဓာကလည်း သေးသွယ်ပြီး ကြော့ရှင်းပြေပြစ်လှပါတယ်။ ဖြူဖွေးနူးညံ့တဲ့ အသားအရေနဲ့ ထူးထူးခြားခြား သေးသွယ်ပျော့ပြောင်းတဲ့ လက်ချောင်းကလေးတွေကလည်း ချစ်စရာကောင်းလှပါတယ်။ သူမရဲ့ 'လီလီလာလာ' ဆိုတဲ့ နာမည်ကလည်း ကျွန်တော့်အတွက်တော့ အထူးအဆန်းတစ်ခု ဖြစ်နေပါတယ်။

ပြဇာတ်အသစ်တင်တဲ့ ပထမဦးဆုံးညဆိုရင် ဇာတ်ရုံထဲက အထူးသီးသန့်ခန်းထဲမှာ သူ ရောက်နေစမြဲပါ။ အများအားဖြင့် သူဟာ တစ်ယောက်တည်းပါ။ သူ့အနားမှာ အဖော်တစ်ယောက်မှ မရှိတော့ သိပ်ပြီးအထီးကျန်နိုင်တယ်လို့ ထင်ရပါတယ်။ နောက်ပိုင်း ကျွန်တော်နဲ့ ခင်မင်ရင်းနှီးလာတော့ သူ့ဘာဝဟာ စိုပြည်လာသလိုပါပဲ။

လီလီရဲ့အသံဟာ ကျောင်းသူမလေးတစ်ယောက်ရဲ့ အသံနဲ့ တူပါတယ်။ အင်မတန်ရိုးသားဖြူစင်တဲ့ ကလေးမလေးတစ်ယောက်ရဲ့ အသံမျိုးပါ။ ရယ်လိုက်ပြန်ရင်လည်း ချိုအေးသာယာလှပါတယ်။ တစ်ခါတလေ ကျွန်တော်ဟာ နောက်တဲ့ပြောင်တဲ့အနေနဲ့ သူမရဲ့ရှေ့မှာ ဒူးထောက်ထိုင်ပြီး လက်နှစ်ဖက်ကို ယှက်ထားလေ့ရှိပါတယ်။ ကျွန်တော် သူမကို ချစ်စနိုးနဲ့ ကျီစယ်တာပါ။

www.burmeseclassic.com



တစ်ညမှာတော့ သူနဲ့ ကျွန်တော်တို့ဟာ ဗိုတ်ဗိုင်းယပ်စ် ဆိပ်ကမ်းမှာ ရောက်နေကြပါတယ်။ ကောင်းကင်ဟာ မှုန်မှိုင်းနေပါတယ်။ ပင်လယ်ပြင်ဟာ မည်းမှောင်နေတယ်။ လှိုင်းလုံးကြီးတွေဟာ တစ်လုံးပေါ်တစ်လုံး ဆင့်ပြီး လှုပ်ရှားနေကြပါတယ်။ ထူးထူးခြားခြား စိတ်လှုပ်ရှားနေပုံရတဲ့ လီလီဟာ သူမရဲ့ဖိနပ်ဦးနဲ့ သဲပြင်ပေါ်မှာ အပေါက်ကလေးတွေဖြစ်လာအောင် ထိုးဖောက်ပေးနေပါတယ်။ အဲသလိုလုပ်နေရာက ရုတ်တရက် သူမရဲ့နှုတ်က မမျှော်လင့်တဲ့စကားတွေ ထွက်လာပါတယ်။ သူမရဲ့စကားတွေဟာ မျိုသိပ်ဖုံးဖိထားရာကနေပြီး ပွင့်ထွက်လာတဲ့ စကားမျိုးတွေပါ။ ပြောလို့ပြီးခါမှ နောင်တရသွားတတ်တဲ့ စကားမျိုးတွေပါ။

ကျွန်မရဲ့ ချစ်လှစွာသော မိတ်ဆွေရယ်၊ ကျွန်မဟာ သူတော်စင်စာရင်းထဲ သွင်းနိုင်လောက်အောင် ဖြူစင်သန့်ရှင်းတဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူး။ ကျွန်မရဲ့ဘဝက အလွန့်ကို ဖောက်ဆန်လှပါတယ်။ ကျွန်မ မှတ်မိသလောက်ဆိုရင် ကျွန်မကို မိန်းမတစ်ယောက်က အနှီးကလေးတစ်ထည်နဲ့ထုပ်ပြီး ပွေ့လာတဲ့အဖြစ်ပါပဲ။ ပွေ့လာတဲ့မိန်းမဟာ ကျွန်မကို မကြာမကြာ ငုံ့ငုံ့ပြီး နမ်းတတ်ပါတယ်။

အဲဒီအနမ်းတွေဟာ ကလေးတိုင်း မျှော်လင့်တောင့်တကြတဲ့ အနမ်းတွေပါ။ ဒီအနမ်းတွေဟာ ကလေးတွေရဲ့ဘဝကို သာယာပျော်ရွှင်စေနိုင်သလို၊ လိုတာထက် ပိုသွားပြန်ရင်လည်း ကလေးတွေရဲ့ဘဝကို ပျက်စီးစေနိုင်ပါတယ်။ အဲဒီအချိန်က ကျွန်မရခဲ့တဲ့ အနမ်းတွေဟာ သိပ်ကိုချိုမြတယ်ဆိုတာ ကျွန်မ သိနေပါတယ်။ အဲဒီအနမ်းတွေရဲ့ ချိုမြမှုကို အခုအချိန်ထိ ကျွန်မ ခံစားနေရတုန်းပါ။ ဒီအနမ်းကလေးတွေဟာ ကျွန်မရဲ့ နှလုံးသားထဲက နေရာတစ်နေရာမှာ ကြည်လင်တောက်ပနေဆဲပါ။

ပြီးတော့လည်း မြူနှင်းတွေထဲမှာ ပျောက်ကွယ်သလို ဖြစ်နေတဲ့ မပီမပြင် မသဲမကွဲ ရှုမျှော်ခင်းတွေဟာလည်း အခုထက်ထိ ကျွန်မရဲ့ စိတ်ကူးအာရုံထဲမှာ ရှိနေဆဲလို့ ထင်ပါတယ်။ လေတိုက်တိုင်း ယိမ်းထိုးလှုပ်ရှား

www.burmeseclassic.com



နေကြတဲ့ သစ်ပင်ကြီးတွေကလည်း ကျွန်မစိတ်ကို အခုထက်ထိ ချောက်ချား အောင် လုပ်နေဆဲပါ။ ပြီးတော့ ငန်းတွေ ရေကူးနေကြတဲ့ ရေကန်ကလေး တွေဟာ အခုအချိန်တိုင်အောင် ကျွန်မရဲ့ စိတ်ကူးအာရုံထဲမှာ ထင်ဟပ် နေတုန်းပါ။

ပြီးတော့လည်း ကျွန်မကိုယ်ကျွန်မ ကြည့်ချင်မြင်ချင်လို့ မှန်ရှေ့မှာ ရပ်ကြီးကြည့်လိုက်တိုင်း မှန်ထဲမှာ ထင်ဟပ်နေတဲ့ ကျွန်မရဲ့ ရုပ်ပုံလွှာဟာ ကျွန်မငယ်ငယ်က ကျွန်မကို မကြာခဏနမ်းခဲ့တဲ့ မိန်းမကို သတိရစေခဲ့ရုံ မကဘူး၊ သူမက ကျွန်မကို အလွန်ချစ်ခင်တဲ့လေသံနဲ့ ပြောခဲ့ဆိုခဲ့တဲ့ စကားပြောသံတွေကိုပါ ပြန်လည်ကြားယောင်မိပါတယ်။ ဒါပေမဲ့ ...အဲဒီ နောက်တော့ ဘာတွေဖြစ်သွားခဲ့ပါလိမ့်။

ကျွန်မကို ခေါ်သွားတာလား၊ ဒါမှမဟုတ် အကျင့်ပျက်ပြားနေတဲ့ အစေခံတစ်ယောက်က ကျွန်မကို ခိုးယူသွားပြီး တစ်မြို့က တစ်မြို့ကို လှည့် ပတ်သွားလာနေတဲ့ ဆပ်ကပ်အဖွဲ့ ပိုင်ရှင်တစ်ယောက်ဆီမှာ ရောင်းစားခဲ့ သလား။ ဒါကို ကျွန်မ မသိတော့ဘူး၊ မှတ်လည်း မမှတ်မိတော့ဘူး။ ဘယ်လိုပဲစဉ်းစား စဉ်းစား အဖြေထွက်မလာတော့ဘူး။

ဒါပေမဲ့ ကျွန်မ မှတ်မိနေတာက ကျွန်မရဲ့ ကလေးဘဝတစ်ခုလုံး ဟာ တစ်နယ်က တစ်နယ်၊ တစ်မြို့က တစ်မြို့ လှည့်ပတ်သွားလာ ကပြ နေတဲ့ ဆပ်ကပ်ထဲမှာပဲ အချိန်ကုန်ခဲ့ရတဲ့ အဖြစ်ပဲ။ စီတန်းသွားနေတဲ့ လေးဘီးလှည်းကြီးတွေ၊ တန်းစီသွားနေကြတဲ့ တိရစ္ဆာန်တွေ၊ ပြီးတော့... ဆူဆူညံညံ တီးမှုတ်နေတဲ့ တေးဂီတသံတွေ၊ ကျွန်မရဲ့ ပတ်ဝန်းကျင်မှာ အမြဲရှိနေတဲ့ အဲဒါတွေကိုတော့ ကျွန်မ မေ့မသွားဘူး။

ဆပ်ကပ်ထဲမှာတော့ ကျွန်မဟာ ပိုးမွှားလေးတစ်ကောင်နဲ့တူတဲ့ အသေးဆုံး သတ္တဝါလေးပါ။ သူတို့က ကျွန်မကို ဆပ်ကပ်နဲ့ဆိုင်တဲ့ ပညာ ရပ်တွေကို သင်ပေးကြပါတယ်။ ကြိုးတန်းပေါ် လမ်းလျှောက်နည်းနဲ့ ကနည်း၊ တန်းလန်းကျနေတဲ့ ကြိုးကိုဆွဲပြီး ကနည်း ခုန်နည်း စတဲ့ နည်း

www.burmeseclassic.com



အမျိုးမျိုးကို သင်ရတာပါ။ ကျွန်မ စားရတာက နေ့စဉ် ပေါင်မုန့်ခြောက် တစ်ချပ်၊ အသားစားရဖို့ဆိုတာက နည်းနည်းကလေးမှ မနီးစပ်ပါဘူး။ ဒါပေမဲ့ တစ်ရပ်မှာ ကျွန်မဟာ ကုန်တင်လှည်းကြီးတစ်စီးရဲ့ ရွက်ထည် ပေါင်းမိုးကြီးအောက်က တိုးဝင်ပြီး စွပ်ပြုတစ်ပန်းကန် ခိုးသောက်ခဲ့ရ တယ်။ စွပ်ပြုတ်က ခွေးလိမ္မာသုံးကောင်အတွက် ဆပ်ကပ်လူပြက်ကြီး တစ်ယောက်က ကြိုထားတဲ့ စွပ်ပြုတ်ပါ။ ကျွန်မက ခွေးတွေဆီက ရှယ်ယာ ခွဲယူခဲ့တဲ့ သဘောပေါ့။

ကျွန်မမှာ သူငယ်ချင်း အပေါင်းအသင်းလည်း မရှိ၊ ဆွေမျိုး ညာတိလည်း မရှိတော့ တစ်ကောင်ကြွက်ဘဝပါ။ ဆပ်ကပ်ထဲမှာ လုပ်ရတဲ့ အလုပ်ကလည်း အညစ်ပတ်ဆုံးအလုပ်တွေကို လုပ်နေရတာပါ။ မြင်းဇောင်း ထဲက အမှိုက်သရိုက်ရှင်းဖိုးနဲ့ မြင်းချေးကျုံးဖို့တာဝန်ကို ယူထားရတာပါ။ တစ်ကိုယ်လုံးမှာလည်း အပွန်းအပဲ့၊ အရှအနာ ဒဏ်ရာဒဏ်ချက်တွေနဲ့ ပြည့်နေတာပါပဲ။

ဆပ်ကပ်အဖွဲ့ တစ်ဖွဲ့လုံးမှာ ကျွန်မကို အရိုက်ဆုံး၊ အနှိပ်စက်ဆုံး လူတစ်ယောက် ရှိပါတယ်။ သူဟာ ကျွန်မအပေါ် နှိပ်စက်နေရတာကိုပဲ သာယာနေတဲ့လူပါ။ တခြားလူ မဟုတ်ပါဘူး။ ဆပ်ကပ်အဖွဲ့ရဲ့ မန်နေဂျာ လည်းဖြစ်၊ ပိုင်ရှင်လည်းဖြစ်တဲ့လူပါ။ သူဟာ အလွန်ရက်စက်ယုတ်မာတဲ့ လူပါ။ လူတိုင်းက သူ့ကို ကြောက်လည်းကြောက်၊ ရွံလည်းရွံကြပါတယ်။ လူတိုင်းက သူ့ကို ပလိပ်ရောဂါဆိုး ရှောင်သလို ရှောင်ကြပါတယ်။

သူကလည်း တကယ့်ကို ဆိုးပါတယ်။ ဘယ်သူ့အပေါ်မှာမှ အညှာ အတာ မရှိပါဘူး။ ငွေများများရဖို့ကလွဲပြီး တခြားဘာမှစဉ်းစားတဲ့လူ မဟုတ်ပါဘူး။ ရသမျှငွေကို သူ့မွေ့ရာထဲမှာဝှက်ပြီး သူ့ဆပ်ကပ်ထဲမှာ ငွေရင်းငွေနှီး မြှုပ်နှံနေဖို့လောက်ပဲ နားလည်တဲ့လူပါ။ အဖွဲ့ဝင် အလုပ်သမား တွေနဲ့ကျတော့ အပြစ်အမျိုးမျိုးရှာပြီး လစာဖြတ်ဖို့ပဲ ကြိုးစားနေတဲ့လူပါ။

သူနာမည်က ရာဖာဂျီနက်စ်တောက်တဲ့။ ကျွန်မသာ မဟုတ်ဘဲ

www.burmeseclassic.com



တခြားကလေးတွေသာဆိုရင် ဒီလူရဲ့ နှိပ်စက်ညှဉ်းပန်းမှုဒဏ်ကို ဘယ်လို နည်းနဲ့မှ ခံနိုင်မယ်မထင်ဘူး။ ကျွန်မကတော့ အညှဉ်းပန်းအနှိပ်စက်တွေကို ခံနေရတဲ့ကြားကပဲ တဖြည်းဖြည်း ကြီးပြင်းလာခဲ့ပါတယ်။ ကျွန်မဟာ အရွယ်ရောက်လာလေလေ ပိုပြီး လှလာချောလာလေဆိုတော့ ကျွန်မ အသက် ဆယ့်ငါးနှစ်အရွယ်လည်းရောက်ရော ယောက်ျားတွေက ချစ်ရေး ဆိုတဲ့ ရည်းစားစာတွေဟာ ကျွန်မဆီကို တဖွဲဖွဲ ရောက်လာတာပဲ။

ဆပ်ကပ်ပြပွဲရဲ့ ကွင်းထဲမှာ ကျွန်မဆီကို ပစ်ပေါက်ပေးနေတဲ့ ပန်းစည်းတွေလည်း တစ်နေ့တခြား များသည်ထက် များလာပါတယ်။ ဆပ်ကပ်အဖွဲ့ထဲမှာ ရှိနေသမျှ ယောက်ျားတွေကလည်း ကျွန်မကိုပဲ မျက်ခြည် မပြတ် စောင့်ကြည့်နေကြတယ်ဆိုတာ ကျွန်မ သိနေပါတယ်။ သူတို့လူစု ဟာ ကျွန်မကို လိုချင်တပ်မက်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေကြတယ် ဆို တာလည်း ကျွန်မ နားလည်နေပါတယ်။ သူတို့ရဲ့ တဏှာရာဂစိတ်နဲ့ ကြည့်နေတဲ့ မျက်လုံးအကြည့်တွေဟာ အင်မတန်မှ သိသာပါတယ်။ ကျွန်မ ဝတ်စားထားတဲ့ အင်္ကျီကျပ်ကျပ်တွေဟာ ကျွန်မရဲ့ ကိုယ်ခန္ဓာအလှကို မြင်သာနေတယ် မဟုတ်လား။

သူတို့ဟာ ကျွန်မကို စကားပြောရင်လည်း အရင်ကနဲ့ မတူတော့ ပါဘူး။ ချိုသာအေးမြတဲ့ လေသံတွေနဲ့ ပြောကြပါတယ်။ ကျွန်မ အဝတ် အစားလဲနေရင်လည်း ကျွန်မရဲ့ အဝတ်လဲခန်းထဲကို အကြောင်းမရှိ အကြောင်းရှာပြီး ဝင်လာတတ်ကြပါတယ်။ ရာဖာဂျီနက်စ်တောက်ဆိုရင် ကျွန်မအနားကိုရောက်တိုင်း သူ့ကိုယ်သူ့ကွန်ထြိုမဆည်နိုင်လောက်အောင် အဖြစ်သည်းနေလေ့ရှိပါတယ်။ မျက်နှာကလည်းပြောင်ပဲ့။ သူ့မျက်နှာကို ကြည့်ပြီး ကျွန်မ အော့နှလုံးနာမိပါတယ်။ ဒီလူကြီးကို ကျွန်မ အလွန် မုန်းတီးစက်ဆုပ်ခဲ့ပါတယ်။ တစ်ချိန်က ကျွန်မအပေါ်မှာ သူညှဉ်းပန်း နှိပ်စက်ခဲ့သလို ပြန်ပြီး ညှဉ်းပန်းနှိပ်စက်ချင်တဲ့စိတ်ဟာ သိတ်ကို ပြင်းထန် ကြီးမားလှပါတယ်။ ဒါကြောင့်မို့လည်း သူဟာ ကျွန်မရဲ့ အဓိကပစ်မှတ်ကြီး ဖြစ်လာခဲ့ပါတယ်။

www.burmeseclassic.com



အမှန်အတိုင်းပြောရရင် ကျွန်မဟာ ကောက်ကျစ်စဉ်းလဲတဲ့ ပရိယာယ်မာယာတွေကို အမျိုးစုံသုံးပြီး သူ့ကို ဒုက္ခပေးဖို့ အားထုတ်ခဲ့တယ်။ သူ့ကို ကျွန်မရှေ့မှာ ဒူးထောက်ပြီး ခြေထောက်ကို နမ်းရှုံ့နေတဲ့ တိရစ္ဆာန်တစ်ကောင်လိုဖြစ်လာအောင် လုပ်ခဲ့တယ်။ သူ ကျွန်မကိုချစ်တယ်ဆိုတာ တကယ့်ကို ချစ်တာပါ။ သူချစ်နေပုံက သက်ကြီးရွယ်အိုကြီးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို အရူးအမူးချစ်နေသလိုမျိုး ချစ်တာပါ။ အဲဒီတော့ ဒီလူကြီးဟာ ကျွန်မလက်ခုပ်ထဲကရေလို ဖြစ်လာတယ်။ သွန်လိုသွန်မှောက်လိုမှောက် ကျွန်မလုပ်ချင်သလို လုပ်လို့ရတဲ့ဘဝကို ရောက်လာတယ်။

ဒါပေမဲ့ ကျွန်မကို သူ့လက်ဖျားနဲ့တောင် အတို့မခံဘူး။ ဆပ်ကပ်အဖွဲ့မှာ သူ မန်နေဂျာ မဟုတ်တော့ဘူး။ ကျွန်မက မန်နေဂျာ၊ သူဟာ ကျွန်မခိုင်းသလို လုပ်ရတယ်။ ကျွန်မ ညွှန်ကြားသမျှကို မလိုက်နာလို့ မရဘူး။ သူဟာအရင်ကနဲ့ မတူတော့ဘူး။ တဖြည်းဖြည်းနဲ့ ပိန်ချုံးလာတယ်။ ကျန်းမာရေးလည်း ချို့ယွင်းလာတယ်။ ရူးသလို ကြောင်သလိုလည်း ဖြစ်လာတယ်။

သူဟာ ကျွန်မကို လက်ထပ်ခွင့်ရဖို့အတွက် အမြဲတစေ အသနားခံတယ်၊ တောင်းပန်တိုးလျှိုးတယ်။ လက်ထပ်ခွင့်တောင်းနေတဲ့အချိန်ဆိုရင် သူ့မျက်လုံးတွေထဲမှာ မျက်ရည်တွေက အပြည့်ပဲ။ ကျွန်မကတော့ သူ့စကားကို နားထောင်ပြီး အော်ရယ်ပစ်လိုက်တာချည်းပဲ။ အဲဒီ အချိန်မှာဆိုရင် သူ ကျွန်မကို ရိုက်နှက်ထိုးကြိတ်ခဲ့တာတွေ၊ ညှင်းပန်းနှိပ်စက်ခဲ့တာတွေနဲ့ အရှက်သိက္ခာကင်းမဲ့အောင် လုပ်ခဲ့တာတွေကို ပြန်ပြီး သတိရအောင် ပြောပြတယ်။ အဲဒီအခါကျရင် သူဟာ ကျွန်မအနားက ကပျာကယာ ထွက်သွားတယ်။ ဂျင်နဲ့ ဝီစကီပုလင်းတွေ ထောင်ပြီး မမူးမချင်း တစ်ခွက်ပြီးတစ်ခွက် သောက်တော့တာပဲ။ နောက်ဆုံး စားပွဲအောက်မှာ မှောက်သွားပြီဆိုမှ ရပ်တာ။ အဲသလိုဖြစ်သွားပြီဆိုတော့မှပဲ သူရဲ့ နောင်တတွေ၊ ကြေကွဲဝမ်းနည်းမှုတွေနဲ့ ဆန္ဒရမ္မက်တွေကို သူ မေ့သွားတာ။

www.burmeseclassic.com



သူဟာ ကျွန်မကို သူ့မယားဖြစ်ဖို့အတွက် နည်းမျိုးစုံ သုံးခဲ့ တယ်။ စိန်ရွှေရတနာတွေ ဝယ်ပေးခဲ့တယ်။ ကျွန်မ ဘာလိုချင်သလဲ၊ ကျွန်မ လိုချင်တာမှန်သမျှ အကုန်လုပ်ပေးတယ်။ ကျွန်မမှာ ဘဝအတွေ့ အကြုံ မရင့်ကျက်သေးပေမယ့် သူလုပ်ကိုင်နေသမျှ လုပ်ငန်းတွေနဲ့ပတ် သက်လို့ ဘယ်လိုလုပ်ရကိုင်ရမလဲဆိုတာ ကျွန်မနဲ့ တိုင်ပင်တယ်။ တစ်ည မှာတော့ ကျွန်မက သူ့ပါးကို တစ်ချက်ရိုက်အပြီးမှာ သူ့ကို ကျွန်မအတွက် သေတမ်းစာရေးပေးဖို့ ခိုင်းတယ်။ သူ စုဆောင်းထားသမျှ ငွေကြေးအားလုံး နဲ့ သူ့ရဲ့ ဆပ်ကပ်လုပ်ငန်း တစ်ခုလုံးအပြင် သူပိုင်ဆိုင်သမျှ အရာရာတိုင်း ကို ကျွန်မနာမည်နဲ့ လွှဲပေးရမယ့် သေတမ်းစာပါ။

အချိန်က ဆောင်းရာသီ အလယ်ပါ။ ကျွန်မတို့အဖွဲ့ဟာ မော်စကို မြို့တော်နားမှာ ရောက်နေပါတယ်။ ဆီးနှင်းတွေကလည်း ကျနေလိုက်တာ အဆက်မပြတ်ပဲ။ အေးလွန်းအားကြီးလို့ ကိုယ့်ကိုယ်ကို မီးလောင်ချင်လည်း လောင်ပစေတော့လို့ မီးဖိုနားမှာ ကပ်နေရမယ့်အချိန်ပါ။ ပိုင်ရှင် ရက်ဖာ ဂျိနက်စ်တောက်ဟာ သူ့ရဲ့လှည်းကြီးထဲမှာ ညစာစားဖို့ ပြင်ဆင်နေပါတယ်။ ဆပ်ကပ်ပွဲက ပြီးစပေါ့။ ကျွန်မတို့အားလုံး စားကြသောက်ကြ လုပ်နေ ကြတဲ့အချိန်ပေါ့။

ကျွန်မကလည်း သူ့အပေါ် သဘောအလွန်ကောင်းနေတဲ့အချိန် ပါ။ သူ့အတွက် အရက်ကို တစ်ခွက်ပြီးတစ်ခွက် ငှဲ့ပေးနေရုံမကဘူး၊ ကျွန်မက သူ့ဒူးနှစ်လုံးပေါ် တက်ထိုင်ပြီး သူ့နှုတ်ခမ်းကိုတောင် နမ်းနေ ပါတယ်။ အရက်ကလည်း အရှိန်တက်နေလို့ သူ့ခေါင်းတစ်ခေါင်းလုံး ချာချာလည်နေပါပြီ။ နောက်ဆုံးမှာ သူဟာ အသားကုန်မူးပြီး မိုးကြိုးပစ် ခံလိုက်ရတဲ့ လူတစ်ယောက်လို လဲကျသွားပါတယ်။ သူဟာ မျက်လုံးတွေ ကိုလည်း မဖွင့်နိုင်တော့ပါဘူး။ စကားလည်း တစ်လုံးတောင် မပြောနိုင် တော့ပါဘူး။

ကျန်တဲ့ ဆပ်ကပ်အဖွဲ့သားတွေဟာ အိပ်မောကျနေကြပါပြီ။

www.burmeseclassic.com



မီးတွေအားလုံးကိုလည်း ပိတ်ထားပါတယ်။ အသံဆိုလို့လည်း ဘာသံမှ မကြားရပါဘူး။ ဆီးနှင်းတွေကလည်း ကျနေလိုက်တာ မရပ်မနားပါပဲ။ ကျွန်မဟာ ထွန်းထားတဲ့ မှန်အိမ်မီးကို ငြိမ်းပစ်လိုက်ပါတယ်။ ပြီးတော့ တံခါးကိုဖွင့်ပြီး အရက်မူးနေတဲ့ ဟိုလူကြီးကို ခြေထောက်နှစ်ချောင်းဆွဲပြီး ဆီးနှင်းပြင်ပေါ် ချထားလိုက်ပါတယ်။

နောက်နေ့မနက်ကျတော့ တစ်ကိုယ်လုံး တောင့်တင်းနေတဲ့ သူ့အလောင်းကို ဆီးနှင်းပြင်ထဲမှာ တွေ့ကြရပါတယ်။ သူဟာ အခုလိုပဲ အရက်တွေ အလွန်အကျွံသောက်ပြီး လူမှန်းသူမှန်းမသိအောင် မူးတတ်တယ် ဆိုတာ သိနေကြတဲ့ ဆပ်ကပ်အဖွဲ့သားတွေဟာ ဒီကိစ္စနဲ့ပတ်သက်လို့ ဘယ်သူ့ကိုမှ သံသယမဖြစ်ကြပါဘူး။ အဲဒီတော့ သူသေတာနဲ့ ပတ်သက်လို့ ဘယ်သူကမှ မစပ်စုကြတော့ဘူး။ ဒီကိစ္စအပေါ်မှာ ရာဇဝတ်မှုလို့လည်း ဘယ်သူကမှ မသတ်မှတ်ကြတော့ဘူး။

''ဒါဟာ ကျွန်မရဲ့ လက်စားချေမှုတစ်ခုပါပဲ။ ဒီလူကြီးမရှိတော့တဲ့ အချိန်ကစပြီး ကျွန်မဟာ တစ်နှစ်မှာ ဖရန့်ငွေ တစ်သောင်းငါးထောင် ရခဲ့တယ်။ မပူမပင် မကြောင့်မကြ နေထိုင်လို့ ရလာခဲ့တယ်။ အဲဒီတော့ 'ရိုးသားဖြောင့်မတ်ခြင်းနှင့် ရန်သူများအား ခွင့်လွှတ်ခြင်းသည် သင့်ဘဝကို ကောင်းမွန်လာစေနိုင်သည်' ဆိုတဲ့ တရားတော်နဲ့ကတော့ လုံးဝ အညီအညွတ် မဖြစ်ဘူး' တဲ့''

လူဝီဒီအေရန်ဒယ်လ်သည် သူ့စကားကို အဆုံးသပ်ပြီး ရပ်နေသည်။ အတန်ကြာမှ ''အေးဗျာ၊ ကျွန်တော် ဘာတွေလျှောက်ပြောနေမိပါလိမ့်၊ ကျွန်တော် မူးများနေပြီလား မသိပါဘူး။ ကျွန်တော့်တစ်သက်မှာ အခုတစ်ကြိမ်လို စကားတွေအများကြီး ပြောခဲ့ဖူးတာ တစ်ခါမှ မရှိခဲ့ဖူးဘူး'' ဟု ရေရွတ်သည်။

**LiLie LaLa**
**by Guy De Maupassant**

■

www.burmeseclassic.com

# မိန်းမမာယာ

''မိန်းမတွေ . . . ဟုတ်လား''

''မိန်းမတွေနဲ့ပတ်သက်လို့ လူကြီးမင်းက ဘာတွေများ ပြောမှာလဲ''

သြော် . . . ဒီလိုပါ၊ကျုပ်က မိန်းမတွေနဲ့ပတ်သက်လို့ ကျုပ်နားလည်ထားတာလေးတွေကို ပြောမလို့ပါ။ ခင်ဗျားတို့ ကျုပ်တို့ ယောက်ျားတွေကို လှည့်ပတ်ဖြားယောင်းတဲ့နေရာမှာ မိန်းမတွေဟာ အင်မတန် ပါးနပ်တယ်၊ လိမ္မာတယ်၊ ကျွမ်းကျင်တယ်၊ ပြီးတော့ရိုးရိုးစင်းစင်းကလေးနဲ့ ပိပိရိရိရှိတယ်။ ဉာဏ်ကလည်း ပြေးသလားမမေးနဲ့၊ ဘယ်ယောက်ျားမှ လိုက်လို့မမီနိုင်အောင်ကို ဉာဏ်ပြေးတာ။ အမှန်တော့ သူတို့ဟာ မိုးလင်းက မိုးချုပ်အထိ ယောက်ျားတွေကို သူတို့ရဲ့ မူရာမာယာကလေးတွေနဲ့ လှည့်ပတ်ဖြားယောင်းနေတာပါ။ တစ်ခါတလေများ သူတို့လုပ်ကြရမယ့်အလုပ်ကို သူတို့အစား ယောက်ျားတွေ လုပ်သွားအောင် နှစ်ပေါက်တစ်ပေါက်လုပ်ပြီး ခိုင်းသွားတာဗျ။

ခင်ဗျားတို့၊ ကျုပ်တို့ ယောက်ျားဆိုတဲ့ သတ္တဝါတွေက အမှန်စစ်စစ်တော့ အူတူတူ အတတတွေပါဗျာ။ ခေါင်းမာမယ်၊ ဒေါသကြီးမယ်၊ နိုင်လိုမင်းထက်နဲ့ ဗိုလ်ကျမယ်၊ အဲဒါတွေလောက်ပဲ ရှိတာပါ။ လင်လုပ်တဲ့လူက သူ့အိမ်ထဲမှာ သူလိုချင်တဲ့ပုံစံ ဝင်စေရမယ်ဆိုတဲ့မာန်နဲ့ အမိန့်တွေထုတ်၊

www.burmeseclassic.com



စည်းကမ်းတွေချ၊ လုပ်–လုပ်နေတာ ခင်ဗျားတို့ တွေ့ဖူးကြပါလိမ့်မယ်။ သူကတော့ သူ စိတ်ရှုးပေါက်လာတဲ့အတိုင်း လျှောက်ခိုင်းတာပဲ။ သူ့မယား ကတော့ လင်ခိုင်းထားတာတွေကို သူ့လင်စိတ်တိုင်းကျဖြစ်အောင် လုပ်ပေး သလို ဘာလိုနဲ့ သူ့အတွက် အကျိုးရှိအောင် လုပ်သွားလေ့ရှိတယ်။

တစ်ခါတလေများ ကိုယ့်မယားက ကိုယ့်ကို အရူးလုပ်သွားတာကို နည်းနည်းကလေးမှ မရိပ်မိလိုက်ကြဘူး။ အခါအခွင့်သင့်လို့ သိလာတဲ့ အခါကျတော့မှ ပါးစပ်ကြီးတွေ အဟောင်းသားနဲ့ တအံ့တသြ ဖြစ်ကြ ရတာ။ အဲဒီအချိန်ကျတော့မှပဲ 'ဒီကောင်မ ဘယ်လိုမှ လုပ်လိုက်ပါလိမ့် … ကွာ၊ အံ့ပါရဲ့၊ ငါဖြင့် အခုမှပဲ သိရတော့တယ်' လို့ ရေရွတ်ကြရတယ်"

အဲဒီစကားတွေကို ပြောနေတဲ့လူဟာ အစိုးရအဖွဲ့ဝင် ဝန်ကြီးဟောင်း တစ်ယောက်ပါ။ စာရိတ္တပျက်ပြားနေတဲ့ လူတစ်ယောက်လို့ အများက ပြောနေကြပေမယ့် လူကတော့ အတော်ကလေး ယဉ်ကျေးရည်မွန်တဲ့ လူ ကြီးလူကောင်း တယောက်ပါ။ သူ အဲဒီစကားတွေကို ပြောနေချိန်မှာ လူငယ်အုပ်စုတစ်စုက စိတ်ဝင်တစား နားထောင်နေကြပါတယ်။ သူက လည်း လူငယ်တွေ စိတ်ဝင်စားမှန်းသိတော့ သူ့စကားကို ဆက်ပြောပါတယ်။

ကျုပ်ကြုံခဲ့ရတဲ့အဖြစ်က ရယ်စရာတော့ကောင်းပါတယ်။ ကျုပ်ကို ပညာမတတ်တဲ့ သာမန်မိန်းမတစ်ယောက် တစ်ပတ်ရိုက်သွားဖူးတယ်။ ခင်ဗျားတို့ သင်ခန်းစာယူနိုင်စေချင်တဲ့အတွက် အဲဒီအဖြစ်ကို ကျုပ် ပြောပြ ချင်တယ်။

အဲဒီအချိန်တုန်းက ကျုပ်ဟာ နိုင်ငံခြားရေးဝန်ကြီးပေါ့။ မနက် တိုင်း ချမ့်ပ်အီလီဆီရပ်ထဲမှာ လမ်းလျှောက်ထွက်တဲ့ အလေ့အထ ရှိတယ်။ ကျုပ် မှတ်မိနေသေးတယ်။ အဲဒီတုန်းက မေလထဲမှာပေါ့။ သစ်ပင်ပန်းမန် တွေမှာ ဖူးပွင့်နေကြတဲ့ အပွင့်တွေ အဖူးတွေနဲ့ ရွက်သစ်တွေဆီက လာနေတဲ့ အနံ့တွေကို အားပါးတရရှူရင်း လမ်းလျှောက်လာခဲ့တယ်။

www.burmeseclassic.com



နေ့စဉ် လမ်းလျှောက်တိုင်း စိတ်ဝင်စားဖို့ကောင်းတဲ့ မိန်းမငယ် တစ်ယောက်နဲ့ ဆုံမိတယ်။ ပထမတော့ သတိမထားမိဘူး၊ ကြာလာတော့ သတိပြုမိလာတာပေါ့။ တော်တော်လေးကို ဆွဲဆောင်မှုရှိတဲ့ မိန်းမငယ် တစ်ယောက်ပါလားလို့လည်း ကျုပ် သိလာတယ်။ ပုံစံကတော့ 'ပါရီ မြို့တော်တွင် ထုတ်လုပ်သည်' ဆိုတဲ့ ကုန်တံဆိပ် အမှတ်အသားလေးပါနေ တဲ့ ပုံစံပဲပေါ့။ အင်း–တော်တော်လေးလှတဲ့ မိန်းကလေးလို့ပြောရင် မမှား နိုင်ဘူး။ ခါးကလေးက သေးသွယ်သွယ်၊ ကိုယ်လုံးကိုယ်ပေါက်က တောင့် တင်းဖြောင့်စင်းတယ်။ ရင်ကလည်း အင်း ... အတော့်ကို ပြည့်ဖြိုးတယ် ဆိုပါတော့။ သူဟာ ကျုပ်ဘေးကဖြတ်သွားတိုင်း ကျုပ်ကို ဘေးတိုက် ကြည့် ကြည့်သွားတယ်။ ဒါပေမဲ့ မိန်းမဆိုတဲ့ သတ္တဝါတွေရဲ့ အကြည့်ဟာ အလွန်မှန်းဆရ ခက်ပါတယ်။ သူတို့ရဲ့အကြည့်ဟာ ဘယ်လိုအကြည့် လဲလို့ တိတိကျကျ ပြောနိုင်ဖို့ဆိုတာ တကယ့်မလွယ်ကြောပါ။

တစ်မနက်ခင်းမှာတော့ သူဟာ ခုံတန်းတစ်လုံးပေါ်မှာ ထိုင်နေ တယ်။ သူ့လက်ထဲမှာလည်း စာအုပ်တစ်အုပ် ကိုင်ထားတယ်။ စာအုပ်က ပွင့်နေတော့ စာဖတ်နေတဲ့ လက္ခဏာပါ။ ကျုပ်ရောက်သွားတော့ သူ့ဘေးမှာ ဝင်ထိုင်လိုက်တယ်။ နောက် ငါးမိနစ်လောက်ကြာတော့ ကျုပ်တို့ဟာ ရင်းနှီး တဲ့မိတ်ဆွေတွေ ဖြစ်သွားကြတယ်။ အဲဒီနောက်တော့ နေ့စဉ်နဲ့အမျှ ကျုပ် ပါးစပ်က ''ကောင်းသောနေ့ပါ မဒမ်'' ဆိုတဲ့ နှုတ်ဆက်သံနဲ့ သူ့ပါးစပ်က ''ကောင်းသောနေ့ပါ မွန်စီယာ'' ဆိုတဲ့ နှုတ်ဆက်သံတွေကို ကြားလာ ရပါတယ်။ ကျုပ်တို့နှစ်ယောက်ဟာ စကားစမြည် ပြောတဲ့အခါလည်း ပြောကြပါတယ်။ တစ်ရက်မှာတော့ သူကပြောတယ်၊ သူဟာ အစိုးရ ရုံး တစ်ရုံးက စာရေးတစ်ယောက်ရဲ့ ဇနီးပါတဲ့၊ သူ့ဘဝဟာ ကြေကွဲစရာ ဘဝတစ်ခုပါတဲ့။ ပျော်ရွှင်သာယာမှုဆိုလို့ မဖြစ်စလောက်ပဲ ရှိပါတယ်တဲ့။ တခြား လုပ်စရာကိုင်စရာ တာဝန်တွေက သိပ်ကိုများပါတယ်တဲ့။

ကျုပ်ကလည်း ကျုပ် ဘယ်သူ ဘယ်ဝါဆိုတာ အမှန်အတိုင်း

www.burmeseclassic.com



ပြောလိုက်မိတယ်။ အဆင်ခြင် ကင်းမဲ့လွန်းလို့ ပြောမိတာလား။ ကြွားချင်လွန်းလို့ ပြောမိတာလား၊ ဒါတော့ မသိဘူး။ သူကလည်း ကျုပ်စကားကြားတော့ အလွန်အံ့အားသင့်သွားတဲ့ အမူအရာမျိုး လုပ်ပြတယ်။

နောက်တစ်နေ့ကျတော့ သူဟာ ဝန်ကြီးဌာနကို ရောက်လာပြီး ကျုပ်နဲ့တွေ့တယ်။ အဲဒီနောက် သူဟာ ကျုပ်ဆီကို မကြာခဏ ရောက်ရောက်လာတတ်ပါတယ်။ အဲဒီတော့ ရုံးကလူတွေက တိုးတိုး တိုးတိုးနဲ့ ပွစိထိုးလာကြတယ်။ သူ့ကိုမြင်လိုက်တာနဲ့တစ်ပြိုင်နက် ''ဟော ... မဒမ်လီယွန်လာပြီ'' လို့ ပြောလာကြတယ်။ လီယွန်ဆိုတာက ကျုပ်ရဲ့နာမည်ပါ။

ကျုပ်ဟာ သုံးလတိတိ နေ့စဉ် မနက်တိုင်း သူနဲ့တွေ့တယ်။ သူနဲ့တွေ့ရတာကို ကျုပ်စိတ်က ငြီးငွေ့သွားတယ်လို့ကို မရှိပါဘူး။ တစ်စက္ကန့်လေးတောင်မှ မငြီးငွေ့ဘူးဆိုတာ ဝန်ခံရတော့မှာပဲ။ သူ့ခန္ဓာကိုယ်အလှရဲ့ ဆွဲဆောင်မှုဟာ အင်မတန်ကြီးမားလှပါတယ်ဆိုတာလည်း ဝန်ခံရတော့မှာပါ။ ဒါပေမဲ့ တစ်ရက်မှာတော့ သူ့မျက်လုံးတွေ နီရဲနေတာ ကျုပ်သတိထားမိတယ်။ ငိုထားတယ်ဆိုတာ မြင်ရုံနဲ့ သိနိုင်တယ်။ သူဟာ အရင်ရက်တွေကလို စကားလည်း များများမပြောဘူး။ လျှို့ဝှက်အပ်တဲ့ ဒုက္ခတွေနဲ့ တွေ့နေရတဲ့ပုံပါ။

ကျုပ်ကမေးတော့ မပြောဘူး။ သူ့ကို ကျုပ်က မေတ္တာရပ်တယ်၊ တောင်းပန်တယ်၊ ဖွတ်မေးတယ်။ သူ့မှာ ဘာတွေဖြစ်နေလို့ ဒီလောက်အထိ စိတ်ထိခိုက်နေရတာလဲလို့ အကြိမ်ကြိမ် အထပ်ထပ်မေးတယ်။

ပထမတော့ သူကမပြောဘူး။ ပြောမယ်လုပ်တော့လည်း ထစ်တီးထစ်ငေါ့နဲ့။ နောက်ဆုံးကျမှ ''ကျွန် ... ကျွန်မမှာ ကိုယ်ဝန် ရှိနေပြီ''တဲ့။ ပြောလည်းပြီးရော ငိုတော့တာပဲ။ ကျုပ်မှာလည်း ဘာလုပ်လို့ ဘာပြောရမှန်း မသိတော့ဘူး။ ကိုယ်နဲ့ မရှင်း မရှင်းဖြစ်နေတဲ့ မိန်းမတစ်ယောက်မှာ ကိုယ်ဝန်ရှိနေပြီလို့ သိလိုက်ရရင် ကျုပ်တို့ယောကျ်ားတွေ ထုံးစံအတိုင်း တုန်လှုပ်လေ့ရှိတယ် မဟုတ်လား။ ကျုပ်လည်းပဲ အခြေတော့ ပျက်တာပဲ

www.burmeseclassic.com



ပေ့ါ။ ဒါပေမဲ့ ဒီကိစ္စမျိုးဆိုတာက အနေးနဲ့အမြန် သိရတာချည်းပဲ။ ကျုပ်လည်း အထိတ်ထိတ်အလန့်လန့် ဖြစ်နေရာက ''မင့်မှာ အိမ်ထောင်ရှိနေတာပဲ မဟုတ်လား၊ ဘာပူစရာရှိလဲ'' လို့ ပြောလိုက်မိတယ်။

သူက ပြန်ပြောတယ်။ ''ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်မယောကျ်ားက အီတလီနိုင်ငံကို ရောက်နေတာ လွန်ခဲ့တဲ့ နှစ်လလောက်ကတည်းကပါ။ သူ တော်တော်နဲ့ ပြန်လာဦးမှာ မဟုတ်ဘူး'' တဲ့။

ကျုပ်ကလည်း ဒီကိစ္စကို ကျုပ်တာဝန်မဖြစ်အောင် ရှောင်ရမယ်၊ ဘယ်လောက်ပဲကုန်ကုန် လုပ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။

''မင်း အီတလီကို လိုက်သွားပြီး မင်းယောကျ်ားနဲ့ အမြန်ဆုံး အတူနေမှ ဖြစ်မယ်'' လို့ကျုပ်ကပြောတယ်။

သူ့မျက်နှာဟာ နီရဲသွားတယ်။ မျက်လွှာတွေကို ချထားတယ်။ ''ဟုတ်ပါတယ် ဒါပေမဲ့ ...''သူဟာ စကားကို ဆက်မပြောရဲသလို ဖြစ်နေတယ်။

ကျုပ် နားလည်လိုက်တယ်။ ချက်ချင်းပဲ ခရီးစရိတ်ငွေကို စာအိတ်တစ်လုံးနဲ့ထည့်ပြီး သူ့ကိုပေးလိုက်တယ်။

နောက်ရှစ်ရက်ကြာတော့ ဂျီနိုအာကနေပြီး ထည့်လိုက်တဲ့ သူ့စာကို ကျုပ်ရတယ်။ နောက်တစ်ပတ်နေတော့ ဖလောရင့်စ်မြို့က ထည့်လိုက်တဲ့ သူ့စာကို ရပြန်တယ်။ အဲဒီနောက်တော့ လက်ဂ်ဟွန်း၊ ရောမနဲ့ နေပယ်က ထည့်လိုက်တဲ့စာတွေ ဆက်တိုက်ရောက်လာတယ်။ စာထဲမှာ သူကရေးထားတာက ....

''ကျွန်မ နေကောင်းပါတယ် အချစ်ရယ်၊ ဒါပေမဲ့ ကျွန်မ သိပ်ကြောက်တယ်။ ဒီကိစ္စ မပြီးမချင်း ရှင်နဲ့ မတွေ့ရတာကတော့ အကြောင်းမဟုတ်ပါဘူး။ ရှင်က ကျွန်မကိုချစ်တာမှ မဟုတ်တာ၊ ကျွန်မယောကျ်ားကတော့ မသင်္ကာမဖြစ်ပါဘူး။ သူ့လုပ်ငန်းက မပြီးပြတ်သေးတော့ ဒီမှာ

www.burmeseclassic.com



ဆက်ပြီး နေရလိမ့်ဦးမယ်။ ကျွန်မကတော့ မီးဖွားပြီးမှပဲ ပြင်သစ်ကို ပြန်လာခဲ့မယ်''

နောက်ရှစ်လလွန်တော့ ဗင်းနစ်စွကထည့်လိုက်တဲ့ သူ့စာကို ကျုပ်ရတယ်။ စာက တိုတိုကလေးပါ။ ရေးထားတာက ''မွေးလာတဲ့ကလေးက ယောကျ်ားလေး'' တဲ့။

နောက်ပိုင်းမကြာခင် တစ်မနက်မှာ သူဟာ ကျုပ်ရဲ့ စာကြည့်ခန်းထဲကိုဝင်လာတယ်။ အရင်ကထက် ပိုချော ပိုလှလာတယ်။ ကျုပ်လက်ထဲကို ပြေးဝင်လာတယ်။ ကျုပ်ကလည်း ဆီးပြီးပွေ့ဖက်ထားလိုက်တယ်။ ကျုပ်တို့ရဲ့ ဇာတ်လမ်းဟာ အသစ်ပြန်စကြပြန်ပြီ။

ကျုပ် ဝန်ကြီးဘဝကို စွန့်ခဲ့ပြီးတဲ့နောက်မှာ သူဟာ ဂရင်းနယ်လီလမ်းက ကျုပ်အိမ်မှာ လာနေတယ်။ သူဟာ ကလေးအကြောင်းကို မကြာခဏ ပြောတယ်။ ဒါပေမဲ့ ကျုပ်က ဂရုတစိုက် နားမထောင်ဘူး။ ဒီကိစ္စဟာ ကျုပ်နဲ့ မပတ်သက်ဘူးလို့ ကျုပ်က ဆုံးဖြတ်ထားပြီးသားမို့ ဘာသိဘာသာပဲ နေတယ်။ တစ်ခုတော့ရှိတယ်။ မကြာ မကြာ ငွေအတော်များများ သူ့လက်ထဲထည့်ပြီး ''ဒါ ကလေးအတွက်'' လို့ ပြောလေ့ရှိတယ်။

ဒီလိုနဲ့ပဲ နောက်ထပ်နှစ်နှစ်တိတိ ကုန်သွားတယ်။ သူကလည်း အရင်ကထက် ပိုပိုပြီး ကလေးအကြောင်းကို ပြောပြောလာတယ်။ တစ်ခါတလေတော့ သူဟာ ငိုယိုပြီး မျက်ရည်အရွှဲသားနဲ့ ကလေးအကြောင်း ပြောတတ်တယ်။ ''ရှင်ဟာ ကလေးအပေါ်မှာ သံယောဇဉ် မထားပါဘူး၊ ကလေးကို မြင်ချင်တွေ့ချင်တဲ့စိတ်တောင်မရှိဘူး။ ရှင်လုပ်နေပုံကြောင့် ကျွန်မမှာ ဘယ်လောက် စိတ်ထိခိုက်ရတယ်ထင်သလဲ'' တဲ့။

နောက်ဆုံးမှာတော့ သူ့ရဲ့ပူစာမှုကို မလွန်ဆန်နိုင်တဲ့ ကျုပ်ဟာ တစ်ရက်ကျတော့ နောက်နေ့မနက်ကျရင် ကလေးနဲ့ လာတွေ့ပါမယ်လို့ ကတိပေးလိုက်မိတယ်။ အစီအစဉ်ကတော့ ကလေးကို သူက ချမ့်ပ်အီလက်ဆီကို ခေါ်လာမယ်။ ကျုပ်က အဲဒီကို သွားရမယ်။

www.burmeseclassic.com



''ဒါပေမဲ့ အဲဒီနေ့မနက် အိမ်ကထွက်မယ်လို့ပြင်တော့ ကျုပ် ရင်ထဲမှာဝင်လာတဲ့ အသိတစ်ခုကြောင့် သွားသင့် မသွားသင့် ထပ်ပြီး စဉ်းစားရတယ်။ ယောက်ျားဟာ စိတ်ပျော့တတ်ရုံမကဘူး၊ မိုက်မဲတတ်တယ် မဟုတ်လား။ တကယ်လို့ ကလေးကိုတွေ့ပြီးတဲ့နောက် သံယောဇဉ်တွယ်နေရင်မခက်ပါလား။ ကျုပ်က အဖေ၊ သူဟာ ငါ့သားဆိုတဲ့အတွေးနဲ့ တွယ်တာမိလိုက်ရင်။

''ကျုပ်ဆောင်းထားတဲ့ ခေါင်းပေါ်က ဦးထုပ်ကို ချွတ်ပြီး ကုလားထိုင်ပေါ် ပစ်တင်လိုက်တယ်။ လက်ထဲမှာကိုင်ထားတဲ့ လက်အိတ်တွေကို စားပွဲပေါ် ပစ်ချလိုက်တယ်။ ''မသွားတော့ဘူး၊ ငါးသွားလို့ မဖြစ်ဘူး၊ မသွားတာဟာ ငါ့အတွက် ပိုပြီးကောင်းမယ်'' လို့လည်း စိတ်ထဲက ပြောပြီး ဆုံးဖြတ်လိုက်သည်။

''အခန်းတံခါးဟာ ဖြုန်းခနဲ ပွင့်သွားတယ်။ အခန်းထဲ ဝင်လာတဲ့လူက ကျုပ်ညီ၊ သူက အမည်ရေးမထားတဲ့ ပစ်စာတစ်စောင်ကို ပေးတယ်။ ဒီမနက် သူ့ဆီကို ရောက်လာတဲ့စာလို့ ပြောတယ်။

'မွန်စီယာယွန်ကို သတိပေးပါ၊ ခင်ဗျားရဲ့ အစ်ကိုဟာ ကက်ဆက်တီလမ်းက မိန်းမရဲ့ အလှောင်အပြောင်ကို ခံနေရပါတယ်။ အဲဒီ မိန်းကလေး အကြောင်းကို စုံစမ်းဖို့ သူ့ကို တိုက်တွန်းပါ'

''စာကတော့ အဲဒါပဲ၊ ကျုပ်ဟာ ဒီအကြောင်းကို ဘယ်သူ့မှ အသိမပေးဘဲ ဖုံးထားခဲ့တာပါ။ အခုတော့ ကျုပ်ညီကို အစကနေ အဆုံးထိ အကုန်လုံး ဖွင့်ပြောလိုက်ပါတယ်။ ပြီးတော့– ''ငါ့အနေနဲ့တော့ ဒီကိစ္စကြောင့် ဘာပြဿနာမှ ဖြစ်မလာစေချင်ဘူး၊ ဒါပေမဲ့ လိုအပ်သလို စုံစမ်းကြည့်ဖို့တော့ လိုအပ်မယ်လို့ ထင်တယ်။ အဲဒီတော့ ဒီမိန်းမအကြောင်းကို မင်း တတ်အားသရွေ့ စုံစမ်းပေးစေချင်တယ်'' လို့ ပြောလိုက်တယ်။

ကျုပ်ညီ ပြန်သွားတဲ့အခါမှာ ကျုပ်ဟာ ကျုပ်ကိုယ်ကျုပ် ပြောနေမိတယ်။ ''ဒီမိန်းမက ငါ့ကို ဘယ်လို လိမ်ခဲ့ညာခဲ့လို့လဲ၊ ငါကလွဲပြီး တခြား

www.burmeseclassic.com



ချစ်သူတွေ ထားနေလို့လား၊ အဲသလိုဆိုရင်ကော ငါ့မှာ ထိခိုက်လို့လား။ ဒီမိန်းကလေးဟာ အသက်က ငယ်သေးတယ်၊ နုပျိုလန်းဆန်းသေးတယ်၊ လှလည်းလှ ချောလည်းချောတယ်။ ငါ သူနဲ့ အဆက်အသွယ်မဖြတ်လို့တော့ မဖြစ်ဘူး။ သူ့ ကြည့်ရတာ ငါ့ကိုတော့ ချစ်တဲ့ပုံပဲ။ အေးလေ... ဘာပဲဖြစ်ဖြစ် သူနဲ့ နေလိုက်ရတဲ့အတွက် ငါ့မှာ ငွေကြေးအကုန်အကျကတော့ သိပ်မများခဲ့ပါဘူး'' စသည်ဖြင့်ပေါ့။

''ကျုပ်ညီဟာ ကျုပ်ဆီကို အမြန်ရောက်လာတယ်။ ဟိုမိန်းမရဲ့ ယောကျ်ားအကြောင်းနဲ့ ပတ်သက်လို့ ရဲဆီက စုံစမ်းလို့ ရလာတယ်။ သူ့ယောကျ်ားက ပြည်ထဲရေးဌာနက စာရေးပဲ။ မှန်မှန်လုပ်တတ် နေတတ်တဲ့ သဘောရှိတယ်။ နာမည်ကောင်းလည်း ထွက်တယ်။ ပြီးတော့ အစဉ်းစားအဆင်ခြင် ရှိတယ်၊ သူဟာ မိန်းမလှလေး တစ်ယောက်ကို လက်ထပ်ခဲ့တယ်။ မိန်းကလေးက အသုံးအစွဲအလွန်ကြီးတော့ အခြေအနေက ခက်ခဲမှုတွေ ရှိလာတယ်၊ အဲဒါပဲ။

''ကျုပ်ညီဟာ အမျိုးသမီးရဲ့ အိမ်အထိ ရောက်သွားတယ်။ သူကတော့ အိမ်မှာ မရှိဘူး။ အိမ်စောင့်ကို ငွေလေးဘာလေးပေးပြီး စုံစမ်းလိုက်တော့ အကြောင်းစုံ သိလာရတယ်။ မဒမ် ဒီ–ဟာ တော်ပါတယ်တဲ့။ သူ့ယောကျ်ားကလည်း တော်ပါတယ်။ မာနမကြီးဘူး၊ မချမ်းသာဘူး။ ဒါပေမဲ့ သဘောကောင်းကြတယ်တဲ့။

ကျုပ်ညီက ''သူ့ သားလေးက အသက် ဘယ်လောက် ရှိပြီလဲ'' လို့ မေးတယ်၊ အစောင့်က ''ဟာ မွန်စီယာ မှားနေပြီ၊ သူ့မှာ သားတစ်ယောက်မှ မရှိဘူး''လို့ ဖြေသတဲ့။ ''လီမွန်လို့ခေါ်တဲ့ သားလေး ရှိတယ်ဆို'' လို့ ကျုပ်ညီက ထပ်မေးတော့ ''မရှိဘူး မွန်စီယာ၊ ခင်ဗျား မှားနေပြီ''

''မဟုတ်ဘူးလေ၊ ကျွန်တော် ပြောနေတာက အီတလီကို သွားပြီး မွေးခဲ့တဲ့ ကလေးကို ပြောတာ။ လွန်ခဲ့တဲ့ နှစ်နှစ်က မွေးခဲ့တာလေ''လို့ ကျုပ်ညီက ထပ်ပြောတယ်။

www.burmeseclassic.com



''ဟာ မဒမ် ဒီ– ဟာ ဘယ်တုန်းကမှ အီတလီကို မသွားခဲ့ဖူး ပါဘူး မွန်စီယာ၊ လွန်ခဲ့တဲ့ ငါးနှစ်အတွင်းမှာ သူဟာ အိမ်ကို ပစ်ပြီး ဘယ် ကိုမှ မသွားခဲ့ပါဘူးဗျာ''လို့ သူက ပြန်ပြောသတဲ့။

ကျုပ်ညီဟာ အလွန်အံ့အားသင့်သွားခဲ့တယ်။ ဒါပေမဲ့ သေချာ အောင်ထပ်ပြီးစုံစမ်းတယ်။ အဖြေကတော့ သား မရှိဘူး၊ ခရီးမသွားဘူး ဆိုတာ သေချာနေတယ်။

ကျုပ်ကလည်း တကယ့်ကို အံ့အားသင့်နေတယ်။ အဲဒီတော့ ကျုပ်က ''ဒီကိစ္စနဲ့ ပတ်သက်လို့ ငါ့ရဲ့စိတ်ကို ရှင်းသွားစေချင်တယ်ကွာ။ မနက်ဖြန်ကျရင် သူ့ကို အိမ်လာဖို့ ပြောပေးပါ။ သူ့ကို ငါကိုယ်စား မင်းကတွေ့ပါ။ တကယ်လို့ သူလိမ်တာ အမှန်ဆိုရင်တော့ ဒီဖရန့်ငွေ တစ်သောင်းကို ပေးလိုက်ပါ။ သူ့ကို ငါ နောက်ထပ်လုံးဝမတွေ့တော့ဘူး'' လို့ ပြောလိုက်တယ်။

''ခင်ဗျားတို့ ယုံကြည်ပါ့မလားတောင် မသိဘူး။ အဲဒီညက ကျုပ်ဟာ အတော်ကြီးကို စိတ်ထိခိုက်ခဲ့ရပါတယ်။ ပထမတုန်းက ကျုပ်ဟာ ကျုပ်နဲ့ ကလေးရခဲ့တယ်ဆိုတာသိရတော့ စိတ်မကောင်းဖြစ်ခဲ့ရတာ အမှန်ပါ။ အခု ကျတော့ ဒီကိစ္စမှာ ကျုပ်တာဝန် မဟုတ်ဘူးဆိုတာ သိရတော့ စိတ် သက်သာရာရခဲ့ပါတယ်။ သောကတွေလည်း ငြိမ်းခဲ့ရပါတယ်။

နောက်တစ်နေ့ မနက်မှာ ကျုပ်ညီဟာ သူ့အလာကို ကျုပ်ရဲ့ စာ ကြည့်ခန်းထဲကနေပြီး စောင့်နေခဲ့ပါတယ်။ သူဟာ ပြောထားတဲ့အတိုင်း ကျုပ်နဲ့တွေ့ဖို့ ရောက်လာခဲ့ပါတယ်။ ပထမတော့ ကျုပ်နဲ့ တွေ့မယ်ထင်လို့ လက်နှစ်ဖက်ကို ဆန့်တန်းပြီး ပြေးဝင်လာပေမယ့် ကျုပ် မဟုတ်ဘဲ ကျုပ်ရဲ့ ညီ ဖြစ်နေတော့ နောက်ဆုတ်သွားပါတယ်။

ကျုပ်ညီက တလေးတစား ဦးညွှတ်ပြီး နှုတ်ဆက်ခဲ့ပါတယ်။ ပြီးတော့လည်း ''ကျွန်တော့် အစ်ကိုအစား ကျွန်တော် ရောက်နေတာကို ခွင့်လွှတ်ပါ မဒမ်။ ဒါပေမဲ့ သူက သူ့ကိုယ်စား ခင်ဗျားဆီက ရှင်းလင်း ချက်ကလေးတွေ တောင်းခံဖို့ ကျွန်တော့်ကို လွှဲထားခဲ့ပါတယ်။ အဲဒီတော့

www.burmeseclassic.com



ကျွန်တော် မေးပါရစေ၊ ကျွန်တော့်အစ်ကိုနဲ့ ကလေးရခဲ့တယ်ဆိုတာ မဟုတ်ဘူးလို့ သိထားရပါတယ်၊ အဲဒါ အမှန်ပဲလား'' လို့ မေးပါတယ်။

သူဟာ ပထမတော့ အံ့အားသင့်နေပါတယ်။ နောက်တော့ သူ့ကိုယ်သူ ထိန်းပြီး အဖြေပေးပါတယ်။ ''ကျွန်မမှာ ကလေး တစ်ယောက်မှ မရှိပါဘူး'' တဲ့။

''ခင်ဗျား အီတလီကို လုံးဝ မသွားခဲ့ဖူးဘူးလို့လည်း သိထားရတယ်။ အဲဒါကော ဟုတ်သလား'' လို့ကျုပ်ညီက မေးတော့ သူက ဟက်ဟက်ပက်ပက် ရယ်သတဲ့။ ပြီးတော့ ''ကျွန်မ အီတလီကို လုံးဝ ခြေမချဖူးပါဘူး'' လို့ ဖြေတယ်။

ကျုပ်ညီဟာ သူ့ အဖြေတွေကို ကြားရတော့ အံ့ဩနေတယ်။ ''ကျွန်တော့်ကို မွန်စီယာလီယွန်က ဒီငွေတွေ ခင်ဗျားကိုပေးဖို့ မှာသွားပါတယ်။ ပြီးတော့ ခင်ဗျားနဲ့ သူနဲ့ကိစ္စဟာလည်း ဒီနေ့ကစပြီး ပြီးဆုံးသွားပြီလို့ ပြောခိုင်းထားပါတယ်'' လို့ ပြန်ပြောတယ်။

အဲသလို ပြောလိုက်ပြန်တော့လည်း သူဟာ တစ်မျိုးဖြစ်သွားပြန်တယ်။ ကျုပ်ညီပေးတဲ့ငွေကိုယူပြီး သူ့အိတ်ကပ်ထဲ ထည့်လိုက်ပေမယ့် ''ဒီလိုဆိုရင် ကျွန်မအနေနဲ့ ရှင့်အစ်ကိုကို နောက်ထပ် မတွေ့ရတော့ဘူးလား'' လို့ မေးသတဲ့။

''မတွေ့ရတော့ဘူး'' လို့ ကျုပ်ညီက ဖြေတယ်။

''အဲဒီတော့ သူ့ အမူအရာက စိတ်အတော်ရှုပ်သွားတဲ့ လက္ခဏာကို ပြသတဲ့။ ''ဒါဆိုရင်တော့ ဆိုးတာပဲ၊ ကျွန်မ သူ့ကို အတော်သဘောကျနေတာ'' လို့ ပြောတယ်။

''ကျွန်တော့်ညီကလည်း သူ့ဘက်က ဒီကိစ္စမှာ အပြီးအပြတ် ဆုံးဖြတ်လိုက်ပြီဆိုတာ ရိပ်မိလေတော့ သူ့ကို ကြည့်ပြီး ပြုံးတယ်။ ''ခင်ဗျား အနေနဲ့ ဘာ့ကြောင့် အီတလီသွားတယ် ဆိုတာနဲ့ ကလေးမွေးတယ်ဆိုတဲ့ ကိစ္စတွေကို လုပ်ကြံဖန်တီးရတာလဲ'' လို့ မေးတယ်။

အဲဒီတော့ သူက ကျွန်တော့်ညီကို ကြည့်ပြီး ''ရှင်ဟာ တော်တော်

www.burmeseclassic.com



တုံးတဲ့လူပါလား'' လို့ ပြောတယ်။ ''ကျွန်မလို ဆင်းရဲတဲ့ မိန်းမ တစ်ယောက် အနေနဲ့ ရှင့်အစ်ကိုလို အဆင့်မြင့်တဲ့ လူချမ်းသာတစ်ယောက်ကို သုံးနှစ်တိတိ ကိုင်ထားနိုင်တယ်ဆိုတာ ကျွန်မအတွက် အမြတ်များများ ရခဲ့တယ်ဆိုတာ ရှင်မသိဘူးလား'' လို့ ပြန်မေးသတဲ့။

''သူဟာ စကားလည်းဆုံးရော ထိုင်ရာက ထတယ်။ ကျုပ်ညီက လည်း သူ စိတ်ဝင်စားနေတဲ့ မေးခွန်းတစ်ခု ထပ်မေးတယ်။ ''ခင်ဗျားရဲ့ ကလေးကိစ္စက ဘယ်လိုလဲ၊ ကျွန်တော့်အစ်ကိုက တွေ့ချင်တယ်ဆိုရင် ခင်ဗျားမှာ ပြစရာ သားရှိလို့လား''

''ရှိတာပေါ့ ရှင့်'' လို့ သူက ဖြေတယ်။ ''ကျွန်မအစ်မက သူ့ သားလေးကို ကျွန်မသုံးဖို့ ငှားထားတယ်လေ'' တဲ့။

''နေပါဦး၊ အီတလီကနေပြီး ခင်ဗျားရေးခဲ့တဲ့ စာတွေကကော ဘယ်လိုလဲ'' လို့ ကျုပ်ညီက မေးပြန်တယ်။

''သူက ကုလားထိုင်မှာ ပြန်ထိုင်ပြီး ရယ်တယ်။ ''ဪ–အဲဒီ စာတွေက ကဗျာထဲက ကူးထားတာတွေပါ။ ရှင့် အစ်ကို လီယွန်ကလည်း နိုင်ငံခြားရေးဝန်ကြီးမှ မဟုတ်တာပဲ''

''ဒါပေမဲ့... နောက်တစ်ခုကကော ဘယ်လိုလဲ'' လို့ မေးတော့ သူက ''အို... အဲဒါက ကျွန်မရဲ့ လျှို့ဝှက်ချက် တစ်ခုပဲ၊ အဲဒါကိုတော့ ကျွန်မ မပြောနိုင်ဘူး'' လို့ ဖြေတယ်။

ပြီးတော့ သရော်သလို ပြောင်သလို မျက်နှာထားနဲ့ ကျုပ်ညီကို ကြည့်လိုက်ပြီး အခန်းထဲက ထွက်သွားတယ်။ ကျုပ်နဲ့ သူနဲ့ ဖြစ်ခဲ့ရတဲ့ ကိစ္စအပေါ်မှာ ဘယ်လိုမှ စိတ်ထိခိုက်ပုံ မပေါ်ဘူးတဲ့။ ဇာတ်တစ်ဇာတ်မှာ ပြီးဆုံးအောင် ကပြသွားရတဲ့ မင်းသမီးတစ်ယောက်နဲ့ ဘာမှ မခြားဘူးတဲ့။

ပြီးတော့ မွန်စီယာလီယွန်က သင်ခန်းစာတစ်ခုပေးတယ်။ ''ခင်ဗျား တို့ အနေနဲ့ အဲသလို အမျိုးအစား ချိုးမကလေးတွေကို မယုံကြည်နဲ့''တဲ့။ အဲဒါပဲ။

Woman's Wilkes
by Guy De Maupassant

■

www.burmeseclassic.com

## တွင်း

**ထိရာရှရာများနှင့် ဒဏ်ရာဒဏ်ချက်များသည် အသက်ကို သေစေနိုင်သည်။**

ထိုစွဲဆိုချက်သည် အိမ်ထောင်ပရိဘောဂများ၏ အဖုံးအစွပ်အလွှမ်းလုပ်သူ လီယိုပိုရီနတ်ဒ်အား တရားရုံးတော်ရှေ့မှောက်သို့ ရောက်အောင်ပို့ဆောင်ခဲ့သည့် စွဲဆိုချက် ဖြစ်သည်။ သူ့နောက်တွင် သေသူ၏ ဇနီးမုဆိုးမ မဒမ် ဖလိန်းချီ၊ ပရိဘောဂပြုလုပ်သူ လူဝီလက်ဒူရောနှင့် ပိုက်ပြင်ပိုက်ဆက် အလုပ်သမား ဂျင်းဒါဒင်း စသည့် အဓိကသက်သေများ ရှိကြသည်။

ရာဇဝတ်မှု ကျူးလွန်သူ၏အနီးတွင် ရပ်နေသူမှာ သူ့ဇနီးဖြစ်၏။ တစ်ကိုယ်လုံး အနက်ရောင်တွေ ဝတ်ထားသည်။ အနည်းငယ်အကျည်းတန်သူ ဖြစ်သဖြင့် မျောက်တစ်ကောင်ကို အထက်တန်းစား အမျိုးသမီး တစ်ယောက်ကဲ့သို့ ဝတ်စားဆင်ယင်ပေးထားသလို ဖြစ်နေသည်။ ရာဇဝတ်ကောင် ရီနတ်ဒ်သည် ဖြစ်ပုံပျက်ပုံ အလုံးစုံကို အစအဆုံး ပြန်လည်ပြောပြသည်။

''ဘုရားသခင်ကို တိုင်တည်ပါတယ် ခင်ဗျား။ ဒီကိစ္စမှာ ကံဆိုးမိုးမှောင်ကျလွန်းလို့ ကျုပ်က လက်သည်တရားခံ ဖြစ်လာရတာပါ။ ကျုပ်အခုပြောပြမယ့် အချက်အလက်တွေက သူတို့ဘာသာသူတို့ တရားခံကို

www.burmeseclassic.com



ညွှန့်ပြသွားလိမ့်မယ်လို့ ထင်ပါတယ်။ မွန်စီယာ ဥက္ကဋ္ဌကြီး ခင်ဗျား၊ ကျုပ်ဟာ လူရိုးလူကောင်း တစ်ယောက်ပါ။ အလုပ်လည်း ကြိုးစားလုပ်ကိုင်တတ်တဲ့ လူပါ။ ပရိဘောဂ ပစ္စည်းအတွက် ထိုင်ခုံတွေ၊ အစွပ်တွေ၊ အလွှမ်းတွေကို အဲဒီလမ်းထဲမှာနေထိုင်ပြီး ချုပ်လုပ်ရောင်းချလာခဲ့တာ ဆယ့်ခြောက်နှစ်တောင် ရှိခဲ့ပါပြီ။ အားလုံးဟာ ကျုပ်ကို သိကြပါတယ်။ ခင်လည်းခင် လေးလည်း လေးစားကြပါတယ်။ ကျုပ်ရဲ့ ဆိုင်နားနီးချင်းတွေက ကျုပ် အကြောင်း ကောင်းကောင်းသိကြပါတယ်။ ကျုပ်က အလုပ်ကြိုးစားရုံ မကပါဘူး၊ ငွေကြေးလည်း စုဆောင်းတတ်ပါတယ်။ ရိုးသားဖြောင့်မတ်သူ တွေကိုလည်း ခင်မင်လေးစားတတ်ပါတယ်။ ကျုပ်ဘဝပျက်ရတာ အဲဒါက စတာပါ။ ကျုပ်အတွက် အဆိုးဆုံးအဖြစ်ကို ရောက်သွားခဲ့ရတာ အဲဒါပါပဲ။

''တနင်္ဂနွေနေ့တိုင်း ကျုပ်မိန်းမနဲ့ ကျုပ်ဟာ ပတ်စီကိုသွားပြီး အပန်းဖြေလာတာ ငါးနှစ်ရှိသွားပါပြီ။ ဒီစကားပြောလို့ ကျုပ်တို့ကို ငါးမျှား ဝါသနာကြီးတယ်လို့တော့ မထင်လိုက်ပါနဲ့။ အမှန်တော့ ငါးမျှားတဲ့အလုပ် ကို စွဲလာအောင် လုပ်ပေးခဲ့တဲ့လူက ကျုပ်မယား မီလီပါ။ သူက ကျုပ်ထက် ပိုပြီး စိတ်အားထက်သန်ပါတယ်။ အခုကိစ္စမှာ သူ့အပြစ်ပါနေတာကို မကြာခင် ပေါ်လွင်လာပါလိမ့်မယ်။

''ကျုပ်ဟာ ကိုယ်ခန္ဓာ သန်မာကြီးထွားပေမယ့် စိတ်ကတော့ အလွန် နူးညံ့သိမ်မွေ့တဲ့ကောင်ပါ။ သူကတော့ အရပ်ပုသလောက် ကိုယ်ခန္ဓာက ပိန်လှီသေးကွေးတယ်ဆိုတာ အားလုံးမြင်မှာပါ။ ဒါပေမဲ့ စိတ်နေစိတ်ထားကျတော့ ညံ့ဖျင်းပါတယ်။ သူ့မှာ အရည်အချင်းကောင်းလေးတွေ အထိုက် အလျောက် ရှိနေတယ်ဆိုတာ ကျုပ် မငြင်းပါဘူး။ စီးပွားရေးလုပ်ငန်း လုပ်နေတဲ့ ယောကျ်ားတစ်ယောက်ကို အထောက်အကူပြုနိုင်တဲ့ အရည် အချင်းတွေလို့လည်း ကျုပ် ပြောနိုင်ပါတယ်။ ဒါပေမဲ့ သူ့အကျင့်စရိုက် ကျတော့ ပြောရတာ ခွကျပါတယ်။ ဒါနဲ့ ပတ်သက်လို့ကတော့ လမ်းထဲက အိမ်နားနီးချင်းတွေကိုသာ မေးကြည့်ပါတော့။ ကုန်တင်ကုန်ချ အလုပ်သမား

www.burmeseclassic.com



ရဲ့ မိန်းမတောင် ကောင်းကောင်းသိပါတယ်။ သူ့ကို မေးလိုက်ရင် ပြောပြမှာပါ။

''ကျုပ်မယားဟာ နေ့စဉ်နဲ့အမျှ ကျုပ်ရဲ့ သိမ်မွေ့နူးညံ့တဲ့စိတ်ကို စိတ်ဆိုးစိတ်ညစ်တွေဝင်လာအောင် လုပ်တတ်ပါတယ်။ ကျုပ်ကို ဟိုဟာတော့ မလုပ်ဘူး၊ ဒီဟာတော့ မလုပ်ဘူးဆိုတဲ့ စကားမျိုးတွေနဲ့ အမြဲတမ်း ထိုးဆွနေပါတယ်။ တကယ်လို့သာ ကျုပ်ဟာ သူပြောနေတဲ့ စကားတွေကို အရေးတယူလုပ်ပြီး နားထောင်မိမယ်ဆိုရင် အနည်းဆုံး တစ်လမှာ ထိုးပွဲကြိတ်ပွဲဟာ သုံးကြိမ်လောက်ကတော့ ဖြစ်မှာပါ''

ဤနေရာတွင် ရီနတ်၏မယား မဒမ်ရီနတ်သည် ကြားဖြတ်၍ ''စေတနာကောင်းနဲ့ ပြောတာပဲဟာ၊ နောက်ဆုံးရယ်တဲ့လူဟာ အကောင်းဆုံးရယ်တဲ့လူလို့ ပြောကြတာ မကြားဖူးဘူးလား''ဟု ပြောသည်။

ထိုအခါ လင်ဖြစ်သူက သူ့မယားအား လှည့်ကြည့်သည်။ ''အေး သိပ်ကောင်းပါတယ်။ ဒီကိစ္စပေါ်လာအောင်လုပ်တာ မင်းပဲ မဟုတ်လား၊ အဲဒီတော့ ငါက မင့်ကို အပြစ်တင်ရမှာပဲ'' ဟု ပြန်ပြောသည်။ ထို့နောက် တရားသူကြီးဘက် မျက်နှာလှည့်ကား သူ့ဇာတ်လမ်းကို ဆက်သည်။

''ကျုပ် ဆက်ပြောပါ့မယ်။ ကျုပ်တို့လင်မယားဟာ စနေနေ့ညဆိုရင် ပတ်ဆီကိုသွားလေ့ ရှိပါတယ်။ နောက်နေ့မနက် စောစောစီးစီးထပြီး ငါးမျှားနိုင်အောင်လို့ပါ။ အဲဒီအလေ့အထဟာ ကျုပ်တို့အတွက် အစွဲတစ်ခု ဖြစ်နေပါတယ်။ လွန်ခဲ့တဲ့သုံးနှစ်လောက်က အခုလို နွေရာသီမှာ ကျုပ်ဟာ နေရာကောင်း တစ်ခုကို တွေ့ခဲ့ပါတယ်။ နေရာက သိပ်ကိုကောင်းတဲ့နေရာပါ။ အရိပ်ထဲက ရေပြင်အောက် ရှစ်ပေ ဆယ်ပေလောက်အနက်မှာ 'တွင်း' တစ်တွင်း ရှိနေပါတယ်။ အဲဒီတွင်းဟာ ငါးတွေခိုနားရာတွင်းပါ။ တံငါတစ်ယောက်အဖို့တော့ အဲဒီတွင်းမျိုးဟာ သုခဘုံတစ်ခုပါ။

''အဲဒီတွင်းကို ကျုပ်က ကျုပ်ပိုင်တွင်းလို့ သတ်မှတ်လိုက်တယ်။ ကျုပ်ကိုယ်ကျုပ် ခရစ္စတိုဖာကိုလမ်ဘတ် ပုံစံမျိုးဖမ်းပြီး အဲဒီတွင်းကို အပိုင်

www.burmeseclassic.com



စီးထားလိုက်တဲ့ သဘောပါ။ အနီးအနားကလူတွေကလည်း မကန့်ကွက်ကြပါဘူး။ ကျုပ်ပိုင်တဲ့တွင်းလို့ အသိအမှတ်ပြုကြပါတယ်။ ဒီတွင်းကို ''အဲဒါရီနတ်ရဲ့နေရာ'' လို့ သူတို့က ပြောလေ့ရှိပါတယ်။ နာမည်ကြီး။ မွန်စီယာဖလမ်ဆေးကတောင် ဒီတွင်းကို မျက်စောင်းမထိုးခဲ့ပါဘူး၊ ကျုပ်ရဲ့ တွင်းလို့ အသိအမှတ်ပြုခဲ့ပါတယ်။

''အင်း... ကျုပ်အနေနဲ့ အဲဒီနေရာကို ကိုယ်ပိုင်နေရာသို့ သတ်မှတ်ထားပြီဆိုတော့ စနေနေ့ညနေဆိုရင် ကျုပ်မယားနဲ့အတူ ဒလိုင်းလားမော်တော်စီးပြီး အဲဒီနေရာကို သွားတယ်။ ဒလိုင်းလားက ကျုပ်ကိုယ်တိုင်တည်ဆောက်ခဲ့တဲ့ မော်တော်မို့ ပေါ့လည်းပေါ့ပါးတယ်။ လုံခြုံမှုလည်းရှိတယ်။ ကျုပ်ပြောခဲ့တဲ့အတိုင်းပဲ၊ စနေနေ့ဆိုရင် အဲဒီနေရာကို ရောက်တယ်။ အဓိကရည်ရွယ်ချက်က ဘာလဲ၊ ငါးမျှားဖို့ပေါ့။ ငါးမျှားတဲ့နေရာမှာတော့ ကျုပ်ကိုယှဉ်နိုင်တဲ့သူ ဘယ်သူမှ မရှိဘူးဗျ သိလား။ ပတ်ဝန်းကျင်က လူအားလုံးကလည်း အဲဒါကိုသိကြတယ်။

''ကျုပ် ငါးမျှားတဲ့အခါ ဘာအစာနဲ့ မျှားသလဲဆိုတာ ဥက္ကဋ္ဌကြီးသိချင်မှာပဲ။ ဒါပေမဲ့ အဲဒီအချက်က အခင်းဖြစ်ပွားမှုနဲ့ ဘာမှမဆိုင်တော့ ဒီအချက်ကိုတော့ မပြောနိုင်ဘူး။ လိုလည်း မလိုဘူးလို့ ထင်တယ်။ ပြီးတော့ အဲဒီအချက်က ကျုပ်ရဲ့ လျှို့ဝှက်ချက်တစ်ခု ဖြစ်နေတယ်လေဗျာ။ ဒီအချက်နဲ့ ပတ်သက်လို့ အလွန်သိချင်နေတဲ့ လူသုံးရာကျော်လောက်က ကျုပ်ကိုမေးခဲ့ဖူးတယ်။ အရက်နဲ့ ငါးကြော်နဲ့ ညှို့ခံပြီး ထုတ်ပြောအောင်ဆွယ်ခဲ့ကြတယ်။ ဒါပေမဲ့ ဘယ်ပြောမလဲဗျာ၊ ဒါဟာ လျှို့ဝှက်ထားရမယ့်ကိစ္စမဟုတ်လား။ ကျုပ်မယားကလည်း ဒါကျတော့ ဘယ်သူကမေးမေး မပြောဘူး၊ ငါပြောတာ မှန်တယ်မဟုတ်လား မီလီ''

ထိုအခါ တရားသူကြီးက ကြားဖြတ်၍ ပြောသည်။ ''လိုရင်းတိုရှင်းပြောပါ၊ မြန်မြန်ပြီးအောင်ပြော''

တရားခံသည် သူ၏ ပြောလက်စ စကားကို ဆက်သည်။ ''ဟုတ်ပါ

www.burmeseclassic.com



ပြီ...ဟုတ်ပါပြီ၊ ကျုပ်မြန်မြန်ပြောပါလိမ့်မယ်။ အဲ...အဲ...ဟုတ်တယ်၊ ဇူလိုင်လ ၈ ရက် စနေနေ့မှာ ကျုပ်တို့လင်မယားဟာ ငါးနာရီ နှစ်ဆယ့်ငါးမိနစ်ရထားနဲ့ ထွက်လာခဲ့ကြတယ်။ ဟိုရောက်တော့ ညစာမစားခင် ငါးမျှားလိုက်သေးတယ်။ ရာသီဥတုကတော့ ကောင်းမယ့်လက္ခဏာ ရှိတယ်။ ကျုပ်က ''မနက်ဖြန်ဆိုရင် ကြည်ကြည်လင်လင် ရှိမယ်ထင်တယ်ကွ''လို့ ကျုပ်မယားမီလီကို လှမ်းပြောတော့ သူကလည်း ''ရာသီဥတု ကောင်းမယ့်ပုံရှိတယ်'' လို့ ပြန်ပြောတယ်။

''အဲဒီနောက် ညစာ ပြန်စားကြတယ်။ ကျုပ်ကတော့ ပျော်လည်းပျော်တယ်၊ ရေကလည်းငတ်လိုက်တာ အလွန်ပဲ။ နောက်ပိုင်းဖြစ်လာတာတွေဟာ အဲဒါကစတာပဲ...ဗျ၊ သိလား...။ ကျုပ်က မီလီဘက်လှည့်ပြီး ''ဒီမယ် မီလီ၊ ရာသီးဥတုကလည်း ကောင်းနေတယ်။ ရေကလည်း ငတ်နေတယ်။ အဲဒီတော့ ငါ ဝိုင်တစ်လုံးလောက် သောက်လိုက်ရရင် ဘယ်လိုနေမလဲ'' လို့ ပြောလိုက်တယ်။ ကျုပ်သောက်မယ့် ဝိုင်က ဝှိုက်ဝိုင်လို့ခေါ်တဲ့ ဝိုင်အရက်တစ်မျိုးဗျ။ ဒီဝိုင်က ထူးခြားတာတစ်ခုရှိတယ်။ သူ့ကို များများသောက်လိုက်မိရင် ခင်ဗျား အိပ်လို့မရတော့ဘူး။ တခြားအရက်တွေနဲ့ကတော့ ပြောင်းပြန်ပဲ။ ဥက္ကဋ္ဌကြီး ကျုပ်ပြောတာ သဘောပေါက်ပါတယ်နော်။

''ကျုပ်က ဝိုင်သောက်ချင်တယ်လို့ ပြောတော့ ကျုပ်မယားက ''ဒါကတော့ ရှင့်သဘောပဲ၊ ရှင်သောက်ချင်ရင်လည်း သောက်ပေါ့။ ဒါပေမဲ့ ရှင် မအီမလည်ဖြစ်ပြီး မနက်ကျ မထနိုင်မှာစိုးရတယ်''လို့ ပြန်ပြောတယ်။ သူ့စကားက မှန်တော့လည်း မှန်တယ်။ သူပြောတာ သဘာဝလည်းကျတယ်။ ဒီတစ်ချက်တော့ ကျုပ်ဘက်က ဝန်ခံရမှာပဲ။ ဒါပေမဲ့ ခက်တာက ကျုပ်အနေနဲ့ ဝိုင်ကို သိပ်သောက်ချင်နေတယ်။ စိတ်ကိုထိန်းလို့ မရဘူး။ ဒါနဲ့ပဲ ဝိုင်ပုလင်းကိုချပြီး သောက်တာပဲ။ ဖြစ်သမျှ အရာအားလုံးဟာ အဲဒီဝိုင်က ထွက်လာတယ်လို့ပြောရင် မမှားဘူး ဥက္ကဋ္ဌကြီးရေ့။

''ထင်တဲ့အတိုင်းပါပဲ၊ ကျုပ်အိပ်မပျော်ဘူး။ မနက် နှစ်နာရီထိုးချိန်

www.burmeseclassic.com



အထိ မျက်စိတွေပြူးနေတန်းပဲ။ အဲဒီနောက်တော့ ဘယ်လိုက ဘယ်လို အိပ်မောကျသွားမှန်း မသိဘူး။ အိပ်ပျော်သွားလိုက်တာ... ဘုရားသခင်က လူသားအားလုံးအတွက် နောက်ဆုံးစီရင်ချက်ချမယ့်နေ့မှာ သံကုန်ဟစ်ပြီး အော်ဟစ်နှိုးဆော်နေမယ့် နတ်သားရဲ့ အသံကိုတောင် ကြားလိမ့်မယ် မထင်ဘူး။''

''အေးလေ...၊ တိုတိုပြောရမယ်ဆိုရင်တော့ မနက် ခြောက်နာရီထိုးမှာ ကျုပ်မယားက ကျုပ်ကို နှိုးတယ်။ ကျုပ် အိပ်ရာထဲက လူးလဲထတယ်။ ဘောင်းဘီနဲ့ အင်္ကျီကိုဆွဲဝတ်၊ မျက်နှာ ကပျာကယာသစ်ပြီး မော်တော်ပေါ် ခုန်တက်ခဲ့တယ်။ ဟိုရောက်တော့ အချိန်က သိပ်နောက်ကျသွားပြီ။ ရေထဲဆင်းကြည့်တော့ ကျုပ်ရဲ့ တွင်းထဲမှာ ငါးတစ်ကောင်တစ်မြီးမှ မရှိတော့ဘူး။

''သုံးနှစ်အတွင်း ဒီအဖြစ်မျိုးနဲ့ တစ်ခါမှ မကြုံဖူးပါဘူး ဥက္ကဋ္ဌကြီးရယ်။ ကျုပ်စိတ်ထဲမှာ ဓားပြတိုက်ခံရသလို၊ အလုယက်ခံရသလိုမျိုး ခံစားခဲ့ရပါတယ်။ ဒေါသလည်း ဖြစ်လိုက်တာ အရမ်းပဲ။ သိတော်မူတဲ့အတိုင်းပဲ၊ ကျုပ်မယားက ကျုပ်ကို နားပူအောင်လုပ်တော့တာပါပဲ။ ''ဘယ်လိုလဲ၊ တော့ရဲ့ ဝိုင်ဖြူ ပေးလိုက်တဲ့ ကောင်းကျိုးချမ်းသာကဖြင့် ကြီးမားပါပေရဲ့။ တစ်ညလုံးမူးပြီး အိပ်လို့မရ၊ မနက်ကျတော့ မထနိုင်၊ ဝိုင်ဖြူသောက်ရတာ တော်တော်အရသာရှိရဲ့လား။ တော်ဟာ လူရူးလူမိုက်ကြီး တစ်ကောင်ပါလား'' စသည်ဖြင့် ကြိမ်းလိုက် မောင်းလိုက်၊ ဆူလိုက်ပူလိုက်နဲ့ ကျုပ်အနားမှာ ထိုင်ပြီး တွတ်ထိုးတော့တာပဲ။

''သူ့ဘက်ကမှန်နေတော့ ကျုပ်မှာ ပြန်ပြောစရာစကား မရှိဘူး။ ကျုပ်လည်း ရေထဲဆင်းပြီး ကြည့်ပါသေးတယ်။ အကျန်အကြွင်းလေး ရှိရင် ဖမ်းဖို့ပါ။ လုံးဝ မရတာနဲ့စာရင် အနည်းအပါးရတော့လည်း အမြတ်ပဲပေါ့။ တကယ်တော့ ဒီနေရာကိုရောက်သွားတဲ့ကောင်လည်း ငါးတွေ အများကြီးရသွားလိမ့်မယ်လို့တော့ တွက်လို့မရပေဘူးဗျ။ သူလည်းပဲ ငါး ဟုတ်တိ

www.burmeseclassic.com



ပတ်တိမရဘဲ ပြန်သွားချင်သွားမှာပဲ။

''အဲဒီတုန်းမှာပဲ အရပ်ပုပု ပိန်ပါးပါး လူတစ်ယောက်ကို မြင်ရတယ်။ အဖြူရောင် ကုတ်အဖြူဝတ်လို့၊ ခေါင်းမှာလည်း မြက်ခမောက်ကြီး ဆောင်းလို့။ သူ့နောက်ကလိုက်လာတဲ့ သူ့မိန်းမကတော့ ဝပြဲပြဲဗျ။ ကျုပ်ကိုမြင်တော့ သူ့မိန်းမက သူတို့နေရာနဲ့ နီးနီးနားနား ရောက်နေတာကိုကြည့်ပြီး ပွစိ... ပွစိ လုပ်တယ်။ ''ဒီမြစ်ပေါ်မှာ ငါးဖမ်းစရာနေရာ သိပ်ရှားနေပြီလား မသိဘူး၊ သူများနေရာနားကိုမှ လာလုပ်ရသတဲ့လား'' တဲ့။

''ကျုပ်မယားကလည်း ဒေါ်ပွနေချိန်ဆိုတော့ ''ဘယ်လိုစကားတွေလာပြောနေတာလဲ၊ ယဉ်ကျေးတဲ့လူတွေဆိုရင် ကိုယ်လာဦးတဲ့နေရာဟာ သူတစ်ပါးနေရာ ဟုတ် မဟုတ် စုံစမ်းပြီးမှ လုပ်ရတယ်'' လို့ ပြန်ပြောတယ်။ ကျုပ်ကတော့ ရန်မဖြစ်ချင်ဘူးဗျ။ ဒါကြောင့် ''နင့်လျှာကို တိုတိုထားစမ်း မီလီ၊ သူတို့ ဘာလုပ်မလဲဆိုတာ စောင့်ကြည့်ဦး'' လို့ ကျုပ်က လှမ်းပြီး သတိပေးတယ်။

''ကျုပ်တို့က မော်တော်ကို မိုးမခပင်တွေအောက်မှာ ဆိုက်ထားပြီး သစ်ပင်တစ်ပင်မှာ ကြိုးနဲ့ချည်ထားတယ်။ ပြီးတော့မှ လင်မယားနှစ်ယောက် မော်တော်ပေါ်မှာ ဘေးချင်းယှဉ်ထိုင်ပြီး ငါးမျှားကြတယ်။ ဟိုလင်မယားနဲ့ သိပ်မဝေးဘူး။ အင်း... ဒီနေရာရောက်ရင်တော့ အဖြစ်အပျက်ကို အသေးစိတ်ပြောပြမှ ဖြစ်လိမ့်မယ်လို့ ကျုပ်ထင်တယ်။

''ကျုပ်တို့နှစ်ယောက် ငါးထိုင်မျှားနေတာ ငါးမိနစ်လောက်တော့ရှိသွားပြီ။ ဟိုလူရဲ့ ဖော့လေးဟာ ရေထဲကို နှစ်ကြိမ်သုံးကြိမ်လောက် မြုပ်မြုပ်သွားတာကို မြင်ရတယ်။ နောက်ဆုံး ဟိုလူက သူ့ငါးမျှားတံကို သုတ်လိုက်တော့ ငါးသိုင်းကြီး တစ်ကောင်ပါလာတာ တွေ့ရတယ်။ ငါးက ကျုပ် ပေါင်လုံးနီးပါးလောက် ရှိတာဆိုတော့ အကောင်ကြီးပဲ။ ကျုပ်ရင်ဟာ တဒိတ်ဒိတ် ခုန်နေတယ်။ နဖူးမှာလည်း ချွေးတွေစိုလို့။ ကျုပ်မိန်းမက

www.burmeseclassic.com



''ဘယ့်နှယ်လဲ ကိုယစ်ထုပ်ကြီးရဲ့ ဟိုမှာမြင်ရဲ့လား၊ ငါးကြီးတစ်ကောင် ရသွားပြီ''လို့ ပြောတယ်။

''အဲဒီတုန်းမှာပဲ ကုန်စုံဆိုင်ပိုင်ရှင် မွန်စီယာဘရူးဟာ မော်တော် တစ်စီးနဲ့ ကျုပ်တို့ရှေ့က ဖြတ်သွားတယ်။ ကျုပ်ကိုမြင်တော့ ''ဘယ်လိုလဲ၊ ခင်ဗျားနေရာမှာ တခြားလူတစ်ယောက် အဝင်ခံနေရပြီလား၊ မွန်စီယာ ရီးနတ်'' လို့ လှမ်းအော်မေးတယ်။ ကျုပ်ကလည်း ''ဟုတ်တယ်၊ မွန်စီယာ ဘရူးရေ၊ ဒီလောကကြီးထဲမှာ စောင့်စည်းရမယ့်တာဝန်ကို မသိကြတဲ့ အောက်တန်းစား လူရိုင်းတွေက တစ်နေ့တခြား များလာနေပြီဗျို့'' လို့ ပြန်အော်ပြောလိုက်တယ်။

''ဟိုငပိန်ကောင်က မကြားချင်ဟန်ဆောင်နေတယ်။ သူ့မယား တုတ်ပြဲကလည်း သူ့လိုပဲ မသိလေဟန်လုပ်နေတယ်''

ဤနေရာအရောက်တွင် တရားသူကြီးသည် ဒုတိယအကြိမ် ကြား ဖြတ်ပြောပြန်သည်။ ''စကားကို သတိထားပြောပါ။ မင့်စကားတွေက မုဆိုးမ မဒမ်ဖလာမီချီကို စော်ကားသလို ဖြစ်နေတယ်၊ သူ မင်းမျက်စိ အောက်မှာ ရောက်နေတာ မမြင်ဖူးလား''

ရီးနတ်သည် ချက်ချင်းပင် တောင်းပန်စကား ပြောသည်။ ''ခွင့်လွှတ် တော်မူပါခင်ဗျာ၊ ကျုပ်တောင်းပန်ပါတယ်။ ဒေါသခေါ်ရာနောက်ကို ကျုပ် လိုက်သွားမိလို့ပါ၊ ကျုပ်ပြောနေတာ ဘယ်ရောက်သွားပါလိမ့်။ သြော်... ဟုတ်ပြီ၊ နောက် ဆယ့်ငါးမိနစ်တောင် မပြည့်သေးခင် ဟိုလူပိန်ဟာ ငါးသိုင်းကြီးတစ်ကောင် ထပ်ရသွားပြန်ပါတယ်။ ပြီးတော့ ချက်ချင်း နောက်တစ်ကောင် ရပြန်ပါတယ်။ နောက်ငါးမိနစ်အတွင်းမှာပဲ တစ်ကောင် ထပ်ရပြန်ပါတယ်။

''ကျုပ်မျက်လုံးတွေထဲမှာ မျက်ရည်တွေ စို့နေပါပြီ။ ကျုပ်မယား မဒမ်ရီးနတ်လည်း ဒေါသူပုန်ထနေပြီဆိုတာ ကျုပ် သိနေပါပြီ။ အနားကနေ ပြီး စကားတွေ တတွတ်တွတ်ပြောနေလိုက်တာ နားတွေပူနေပါတယ်။

www.burmeseclassic.com



''ဟား... ဖြစ်ရလေတယ်နော်၊ ဟိုမှာမြင်တယ် မဟုတ်လား။ ဟိုအကောင်က ရှင့်ငါးတွေကို ခားပြတိုက်သလို တိုက်ယူနေပြီ၊ ရှင်က ငါးရလိမ့်ဦးမယ်လို့ ထင်နေသေးသလား၊ ငါးမပြောနဲ့ ဖားတောင်မရဘူး၊ သိလား'' တဲ့။ ဗျစ်တောက် ဗျစ်တောက်နဲ့ကျုပ်မှာတော့ တစ်ကိုယ်လုံးထူပူနေပြီ။

''ဒါပေမဲ့ ကျုပ်ဟာ ကျုပ်ဘာသာကျုပ် တစ်ယောက်တည်း ကြိတ်ပြီး စကားပြောနေတာပါ။ ''အေးပေါ့ကွာ၊ ဆယ့်နှစ်နာရီထိုးတဲ့အထိ စောင့်ကြည့်ကြသေးတာပေါ့။ အဲဒီအချိန်ကျရင် သူများစားကျက်ထဲ ဝင်ခိုးနေတဲ့ ဒီငနောဟာ နေ့လယ်စာစားဖို့ ပြန်မှာပဲ အဲဒီအခါကျရင် ငါးနေရာကို ငါ ပြန်ရမှာပဲ'' စသည်ဖြင့်ပေါ့။ ဒီနေရာမှာ ဥက္ကဌကြီးကို ရှင်းအောင်ပြောပါ့မယ်။ ကျုပ်ကတော့ နေ့လယ်စာကို မော်တော်ပေါ်မှာပဲ စားမြဲပါ။ ဒါပေမဲ့ ဗျာ၊ ဆယ့်နှစ်နာရီလည်း ထိုးရော၊ ဟိုငပိန်ကောင်ဟာ သတင်းစာစက္ကူနဲ့ ထုပ်ထားတဲ့ ကြက်ကြော်တစ်ကောင်ကိုထုတ်ပြီး နေ့လယ်စာမျိုနေတယ်။ စားနေရင်းမှာပဲ ငါးသိုင်းကြီးတစ်ကောင် ထပ်မိသွားပြန်တယ်။

''မတတ်နိုင်တော့ဘူး၊ မီလီနဲ့ ကျုပ်လည်း နေ့လယ်စာ စားကြတယ်။ ဒါပေမဲ့ စိတ်က အစာထဲမှာ မရှိဘူး။ အဲဒီတော့ စားရတာ အရသာ ဘယ်ရှိပါ့မလဲ။

''အဲဒီနောက်တော့ ကျုပ်ဟာ သတင်းစာထုတ်ဖတ်တယ်။ ကျုပ်က တနင်္ဂနွေနေ့ဆိုရင် 'ဂစ်လ်ဘလတ်စ် သတင်းစာ'ကို မဖတ်ဘဲ မနေနိုင်ဘူး။ ဒီနေ့ဆိုရင် ကိုလမ်ဘင်းရဲ့ ဆောင်းပါး ပါတယ်။ ဒီအမျိုးသမီးရဲ့ ဆောင်းပါး တွေဟာ ဖတ်လို့ အလွန်ကောင်းတာပဲဗျ။ သတင်းစာ ဖတ်အပြီးမှာတော့ ကျုပ်က ကျုပ်မိန်းမကို 'စ'တယ်။ ဒါပေမဲ့ သူက ချက်ချင်း ဒေါသကြီး လာတာနဲ့ ကျုပ်လျှာကို ပြန်ထိန်းထားလိုက်ရတယ်။

''အဲဒီအခိုက်မှာပဲ ကျုပ်တို့အမှုရဲ့ အဓိကသက်သေ နှစ်ယောက် ဖြစ်တဲ့ မွန်စီယာလာဒူရောနဲ့ မွန်စီယာဒါးရင့်တို့ဟာ မြစ်ရဲ့ တစ်ဖက်ကမ်း ကို ရောက်လာကြပါတယ်။ အခု သူတို့နှစ်ဦးစလုံး ရုံးတော်ရှေ့မှာ ရောက်

www.burmeseclassic.com



နေတာ မြင်နိုင်ပါတယ်။ တစ်ယောက်ကို တစ်ယောက် မြင်ရုံနဲ့ ဘယ်သူ ဘယ်ဝါတွေဆိုတာ သိကြပါတယ်။ ဟိုငပိန်ကတော့ ငါးထပ်မျှားနေပြန်ပါပြီ။ ငါးတွေရတာကလည်း မနည်းပါဘူး။ သူ့ကိုကြည့်ပြီး ကျုပ်စိတ်ထဲမှာ နာလိုခံခက် ဖြစ်နေရပါတယ်။

''သူ့မယားကပြောတယ်။ ''ဒီနေရာဟာ အတော့ကို ငါးဟပ်တဲ့ နေရာပဲ။ ဘယ်နေရာနဲ့မှ မတူဘူး။ ကျွန်မတို့ ဒီနေရာကို အမြဲလာကြရအောင် နော် ဒီဇေရီး''တဲ့။ ကျုပ်တစ်ကိုယ်လုံး အေးစက်သွားတယ်။ ကျုပ်မယား မဒမ်ရီးနတ်ဒ်ကလည်း ''ရှင်ဟာ ယောကျ်ားမဟုတ်ဘူး၊ ရှင့်သွေးကြော တွေထဲမှာ ယောကျ်ားသွေး မရှိဘူး၊ ကြက်သွေးပဲရှိတယ်''လို့ ထပ်တလဲလဲ ပြောနေတယ်။ ရုတ်တရက် ကျုပ်ဟာ စိတ်ရှုံးပေါက်သလို ဖြစ်သွားတယ်။ ''ဒီမှာဟေ့၊ ငါ ဒီနေရာက ထွက်သွားရင် ထွက်သွားမှ၊ ဒါမှမဟုတ်ရင် မိုက်မဲတဲ့ အလုပ်တစ်ခုဆိုရင်လည်း လုပ်တော့မှဖြစ်မယ်''လို့ ကျုပ်မယား ကို ပြောတယ်။

''သူကလည်း ကျုပ်မျက်နှာနားကပ်ပြီး ခပ်တိုးတိုးလေသံနဲ့ ''ရှင်ဟာ ယောကျ်ားမဟုတ်ဘူး၊ အခုပြောတဲ့စကားကိုကြည့်၊ ဒီနေရာက ထွက်ပြေး မယ်တဲ့၊ ရှင့်နေရာကို လက်မြှောက် အရှုံးပေးပြီး သူတစ်ပါးလက် ဝကွက် အပ်မယ်ပေါ့လေ၊ လူကြောက်ကြီးရဲ့''လို့ ပြောတယ်။

''အေးပေါ့ဗျာ၊ ကျုပ်ရင်ထဲမှာ တော်တော်ခံစားလိုက်ရတယ်။ ဒါပေမဲ့ ကျုပ် မလှုပ်မရှားပါဘူး။ အဲဒီအချိန်မှာပဲ ဟိုငပိန်ရဲ့ ငါးမျှားချိတ်မှာ ငါးသိုင်း ကြီးတစ်ကောင် ပါလာတာကို မြင်လိုက်ရတယ်။ ဒီလောက်ကြီးတဲ့ ငါးမျိုး ကို ကျုပ်တစ်ခါမှ မရခဲ့ဖူးဘူးဗျ။ အဲဒါကိုလည်းမြင်ရော ကျုပ်မိန်းမက ''အဲဒီငါးဟာ ခိုးထားတဲ့ငါးလို့ ခေါ်ရမယ်။ ဒီနေရာဟာ တို့အမြဲ ငါးမျှား နေတဲ့ တို့နေရာဟဲ့ ဘာပဲဖြစ်ဖြစ် ငါးမျှားဖို့ ကုန်ကျခံထားရတဲ့ငွေကို တောင် ဒီကောင်ပြန်ထားသင့်တယ်'' လို့ အော်ပြောတယ်။

''ဒီစကားလည်းကြားရော ဟိုငပိန်ရဲ့မယား ဖက်တီးမက ''ဘာလဲ

www.burmeseclassic.com



မဒမ်၊ ရှင်က ကျွန်မတို့ကို သူခိုးတွေလို့ ပြောနေတာလား''လို့ လှမ်းမေးတယ်။ အဲဒီတော့ ကျုပ်မိန်းမ ပြန်ရှင်းတယ်။ ဟိုမိန်းမကလည်း ပြန်ရှင်းတယ်။ ပြောလိုက်ကြတဲ့ စကားတွေဟာ မနည်းပါဘူး။ အော်ဟယ် ဟစ်ဟယ်နဲ့ ရုတ်ရုတ်သဲသဲကြီးကို ဖြစ်လို့။ ကျုပ်တို့ရဲ့ သက်သေနှစ်ယောက်က သူတို့အော်သံတွေကြားတော့ တစ်ဖက်ကမ်းကနေပြီး အော်တယ်။ ''တိုးတိုးလုပ်ကြပါဗျို့၊ ခင်ဗျားတို့လင်တွေ ငါးမျှားနေတာ ငါးမရဘဲ ဖြစ်ကုန်တော့မယ်''တဲ့။

''အမှန်ပြောရရင်တော့ ကျုပ်တို့ယောက်ျား နှစ်ယောက်စလုံး လုံးဝမလှုပ်ရှားကြပါဘူး။ သစ်ငုတ်တိုကြီးတွေလို တောင့်တောင့်မတ်မတ် ရပ်နေကြတာပါ။ ကျုပ်တို့နားတွေက ဘာသံမှ မကြားသလို နေခဲ့ကြတာပါ၊ ဒါပေမဲ့ဗျာ၊ သူတို့အသံတွေကတော့ နားထဲကို စွပ်ဝင်လာနေကြတာပါပဲ။

''ဟဲ့ကောင်မ နင်ဟာ လူလိမ်လူညာမ တစ်ယောက်ဟဲ့''

'' ''နင်ဟာ လမ်းဘေးက မိန်းမရှုင်လောက်တောင် တန်ဖိုးမရှိတဲ့ မိန်းမ'' ''

'' ''ဟဲ့ကောင်မ . . .၊နင်သာ မိန်းမပျက်၊ မိန်းမယုတ်ဟဲ့''

'' ''နင်ဟာ ပြည့်တန်ဆာမဟဲ့''

''ဟာဗျာ၊ ဆူညံနေတာပဲ၊ ဆဲလိုက်ဆိုလိုက် အော်လိုက်ဟစ်လိုက်ကြတာ ကြောက်ခမန်းလိလိပါပဲ။

''ရုတ်တရက် ကျုပ်နောက်က အသံတစ်သံ ကြားလိုက်ရလို့ လှည့်ကြည့်လိုက်တော့ ဟိုလူကိုးဗျ။ ဖက်တီးမက ကျုပ်မိန်းမအပေါ် ခုန်အုပ်ပြီး ထိုးနဲ့ရိုက်နေတယ်။ မီလီကလည်း တအားဒေါသကြီးနေတာဆိုတော့ အသားကုန် ပြန်ချတယ်။ ဖက်တီးမဆံပင်ကို ဆွဲထားပြီး ပါးတွေကို ဘယ်ပြန်ညာပြန် ရိုက်တယ်။ လက်ဝါးမိုး ရွာချနေသလားလို့တောင် ထင်ရတယ်။

''ကျုပ်ကတော့ ဝင်မဖျဉ်သင့်ဘူးလို့ ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်ဝင်ဖျသ်လိုက်ရင် သူတို့ရဲ့ ရိုက်ချက်တွေက ကျုပ်ကိုထိမှာဗျ၊

www.burmeseclassic.com



အဲဒီတော့ မိန်းမတွေ မိန်းမချင်း၊ ယောကျ်ားတွေ ယောကျ်ားချင်း ကိုယ့်နည်းနဲ့ကိုယ် ရှင်းကြတာ အကောင်းဆုံးလို့ ကျုပ်ထင်တယ်လေ။

''ဒါပေမဲ့ ဟိုလူ ကိုလူပိန်က ကျုပ်လိုသဘောထားမျိုးရှိပုံ မရဘူး။ သူက သရဲတစ်ကောင်လို ခုန်ပေါက်ပြီး ကျုပ်မိန်းမကိုရိုက်ဖို့ ပြေးလာတယ်။ အား... အဲဒါကျတော့ ကျုပ်က ခွင့်မပြုနိုင်ဘူးဗျ။ သူ့ရှေ့က ပြေးရပ်လိုက်ပြီး လက်သီးတစ်လုံးနဲ့ ဟန့်လိုက်တယ်။ လက်သီးတစ်ချက်က သူ့နှာခေါင်းကို ထိတယ်။ ဒုတိယတစ်ချက်က ဗိုက်ကိုထိတယ်။ သူဟာ လက်နှစ်ဖက်ကို မြှောက်ပြီး မြစ်ထဲကို ပက်လက်ကျသွားတယ်။ ရေအောက်က တွင်းကြီးထဲကို ဒါရိုက်ကျသွားတာပါ။

''ကျုပ်အနေနဲ့ သူ့ကို ရေထဲက ဆယ်သင့်တယ်လို့ ဥက္ကဋ္ဌကြီးကတော့ ပြောမှာပဲ။ အချိန်ရရင်တော့ မှန်တာပေါ့ခင်ဗျာ။ ဒါပေမဲ့ ကံက မကောင်းလေတော့ ကျုပ်မိန်းမကို ဟိုဖက်တီးမက အပေါ်စီးရပြီး စိတ်ထင်တိုင်းဆော်နေတာ တွေ့ရတယ်။ ကျုပ်အနေနဲ့ ကျုပ်မိန်းမကို ဝင်ကူမယ့်အစား ရေထဲကျသွားတဲ့လူကို ဆယ်သင့်တာ အမှန်ပါ။ ဒါပေမဲ့ ကျုပ်က ဒီလူရေနစ်လိမ့်မယ်လို့ လုံးဝမတွေးခဲ့မိပါဘူး။ သူ ရေထဲကျလိုက်ရတဲ့အတွက် အေးတောင်အေးပြီး ဖိမ်ကျနေမှာပဲလို့တောင်မှ တွေးလိုက်မိပါသေးတယ်။

''အဲဒါနဲ့ပဲ ကျုပ်ဟာ မိန်းမနှစ်ယောက်ဆီ ပြေးသွားပြီး လူချင်းကွဲသွားအောင် အတင်းဝင်ခွဲပါတယ်။ အဲသလိုလုပ်မိလို့ ကျုပ်ရလိုက်တဲ့ အမြတ်ကတော့ သူတို့က ဆီးပြီး လက်သည်းတွေနဲ့ ကုပ်လို့ဖွဲ့လို့၊ ပါးစပ်နဲ့ ကိုက်လို့ ဒဏ်ရာတွေအများကြီး ရခဲ့တာပါပဲ။ ဘုရား... ဘုရား...၊ မိန်းမတိုတဲ့ သတ္တဝါတွေဟာ တော်တော်ကို ကြောက်စရာကောင်းတာပါလား ဗျာ။ ဒီမိန်းမနှစ်ယောက်ကို လူချင်းကွဲသွားအောင် ဖျဉ်ရတာ ဆယ်မိနစ်လောက် ကြာမလား၊ မပြောတတ်ဘူး။

''ကိစ္စပြီးလို့ ကျုပ်လှည့်ကြည့်လိုက်တော့ မြစ်ရေပြင်ဟာ ငြိမ်သက်

www.burmeseclassic.com



နေတယ်။ ဘာကိုမှလည်း မမြင်ရ မတွေ့ရဘူး။ တစ်ဖက်ကမ်းကတော့ အော်သံကြားတယ်။ ''ရေထဲကလူကို ဆယ်လိုက်'' တဲ့။ မှန်ပါတယ်၊ ပြောလို့ သိပ်ကောင်းတဲ့စကားပါ။ ဒါပေမဲ့ ကျုပ်က ရေမှမကူးတတ်တာ ဘယ်လိုလုပ်ပြီး ဆယ်မှာလဲ။

''နောက်ဆုံးမှာတော့ ရေကာတာကလူတွေ ရောက်လာကြတယ်။ လူနှစ်ယောက်က ရေထဲဆင်းပြီး ရှာကြတယ်။ ရေပြင်ရဲ့အောက် ရှစ်ပေအနက်မှာ သူ့ကို တွေ့ကြတယ်။ ဒါပေမဲ့ သူ အသက်မရှိတော့ဘူး။ သူ့ကို တွေ့တာက ငါးတွေခိုနားတဲ့ တွင်းကြီးနားမှာ။ အခု ကျုပ်ပြောတာတွေ အားလုံးဟာ အမှန်တွေပါ။ ကျွန်တော့်မှာ အပြစ်မရှိဘူးလို့ ထင်ပါတယ် ဥက္ကဋ္ဌကြီးရယ်''

ထို့နောက် တရားသူကြီးသည် သက်သေများကို ဆက်လက်စစ်ဆေးသည်။ သက်သေများ၏ ထွက်ဆိုချက်များသည် တရားခံ ထွက်ဆိုသွားသည်များနှင့် တစ်ထပ်တည်းဖြစ်နေလေရာ တရားသူကြီးသည် တရားခံအား ဤအမှုမှ တရားသေလွှတ်လိုက်လေသည်။

**The Hole**
**by Guy De Maupassant**

**မဒမ်မွိုင်ဖယ်ဗီဗီ**

www.burmeseclassic.com

**မဒမ်မို့ုင်ဇယ်ဗီဗီ**

ပရပ်ရှားစစ်တပ်မှ တယ်မှူးတစ်ဦး ဖြစ်သော ဗိုလ်မှူးဂရပ်ဖ်ပွန်ဖားလ်စ်ဘတ်သည် လက်တင်ကုလားထိုင်ကြီး တစ်လုံးပေါ်၌ ကျောခင်း၍ထိုင်ကာ သတင်းစာဖတ်လျက် ရှိသည်။ သူသည် ရှူးဖိနပ်ကြီးများစီးထားသည့် ခြေနှစ်ဖက်ကို ဆန့်တန်းကာ ဆောင်းမီးဖို၏ စကျင်ကျောက်ဘောင်ပေါ်သို့ လှမ်းတင်ထားသည်။ သူ့ရှူးဖိနပ်များ၏ မြင်းနှင့် သံဆူးများ၏ ထိုးဆွမှုကြောင့် ဘောင်ပေါ်တွင် အပေါက်နှစ်ပေါက် ဖြစ်လျက်ရှိသည်။ ပြင်သစ်ရဲတိုက် အာဗီးလ်တွင် နေထိုင်ခဲ့သည့် သုံးလတာကာလအတွင်း နေ့စဉ်ဤပုံစံအတိုင်း ထိုင်လာခဲ့သဖြင့် အပေါက်များသည် တစ်နေ့တခြား နက်သည်ထက်နက်ကာ ကျယ်သည်ထက် ကျယ်နေကြလေပြီ။

အနီးရှိ စားပွဲတစ်လုံးပေါ်၌ တင်ထားသော ကော်ဖီခွက်မှ အငွေ့များသည် တထောင်းထောင်းထလျက် ရှိသည်။ စားပွဲမှာ အရက်နှင့် ကော်ဖီများဖိတ်စင်ထားသဖြင့် အစွန်းအကွက်များဖြင့် ပြည့်နေသည်။ ဆေးပြင်းလိပ်များမှ ရထားသည့် မီးလောင်ကျွမ်းရာ ဒဏ်ရာဒဏ်ချက်များမှာလည်း နေရာအနှံ့တွင် ရှိနေသည်။ ဤစားပွဲ၌ထိုင်ကာ မကြာခဏ ခဲတံချွန်လေ့ရှိသဖြင့် ခဲတံချွန်ဓားဖြင့် ထိုးမိထားသော ထစ်ရာရှရာများမှာလည်း စားပွဲပေါ်တွင် ပြည့်လျက်ရှိသည်။

သူ့ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရသော ဘက်ဂိတ်မတ် စတာ

www.burmeseclassic.com



လာပို့သွားသည့် စာများနှင့် ဂျာမန် သတင်းစာများကို ဖတ်အပြီးတွင် သူသည် ထိုင်ရာမှထကာ ထင်းအစို သုံးလေးချောင်းကိုယူ၍ မီးဖိုထဲသို့ ပစ်ထည့်လိုက်သည်။ သူတို့ကိုယ်သူတို့ စစ်အရာရှိ လူကြီးလူကောင်းများဟု သတ်မှတ်ထားကြသော ဤဂျာမန်များသည် သူတို့ မီးလှုံဖို့အတွက် ပန်းခြံထဲမှ သစ်ပင်များကို ခုတ်၍ ထင်းအဖြစ် အသုံးပြုနေကြသည်။

သူသည် မီးဖိုရှေ့မှ တစ်ဆင့် ပြတင်းပေါက်နားသို့ သွားရပ်ကာ အပြင်သို့ လှမ်းမျှော်ကြည့်နေသည်။ မိုးသည် သည်းထန်စွာ ရွာသွန်းလျက်ရှိ၏။ ကြီးမားသော မိုးစက်မိုးပေါက်များသည် အရှိန်အဟုန်ပြင်းစွာဖြင့် အဆက်မပြတ် ကျဆင်းနေကြသည်။ နော်မန်ဒီမိုးသည် ပုံမှန် အခုလိုပင် ရွာလေ့ရှိသည်။ ကောင်းကင်မှနေ၍ တစ်စုံတစ်ဦးသောပုဂ္ဂိုလ်က အငြိုးကြီးစွာဖြင့် ရေတွေသွန်ချနေသည်ဟုပင် ထင်ရလောက်၏။ ထိုမျှလောက် မိုးကောင်းသောဒေသ ဖြစ်သဖြင့် ဤဒေသအား ပြင်သစ်နိုင်ငံ၏ ရေအိုးကြီးဟု ခေါ်နေကြခြင်း ဖြစ်လေသည်။

ဂျာမန်စစ်အရာရှိသည် စိုစွတ်ထိုင်းမှိုင်းလျက်ရှိသော မြက်ခင်းပြင်ကို ငေးကြည့်နေသည်။ မြက်ခင်းပြင် တစ်ဖက်ရှိ အန်ဒယ်လာ မြစ်ရေပြင်သည် ဒီရေတက်နေသဖြင့် မြင့်တက်နေသည်ဖြစ်ရာ ကမ်းပါးနှစ်ဖက်စလုံးကိုပင် ကျော်တက်နေသည်။ စစ်အရာရှိသည် သူ့ လက်ချောင်းများဖြင့် ပြတင်းပေါက်ဘောင်ကိုခေါက်ကာ တေးသီချင်း တစ်ပုဒ်ကို စည်းချက်ကျကျ တီးလျက်ရှိသည်။ ထိုအခိုက်တွင် သူ့နောက်မှ အသံတစ်သံ ကြားလိုက်ရသဖြင့် လှည့်ကြည့်သည်။ သူ၏ ဒု–တပ်ရင်းမှူး ဗိုလ်ကြီး ဘေရွန်ဗွန် ကယ်လ်ဝိန်းစတိန်းပေတည်း။

ဗိုလ်မှူး ဂရပ်ဖ်ဗွန်ဖားလ်စ်ဘတ်သည် အရပ်ထောင်ထောင်မောင်းမောင်း၊ ပခုံးကျယ်ကျယ်၊ လူလုံးလူဖန်ထွားထွား ဖြစ်သည်။ ရှည်လျားလှပသော မုတ်ဆိတ်မွေးသည် သူ့ရင်ဘတ်အထိ ကျဆင်းနေသည်။ တည်ငြိမ်ရင့်ကျက်သော မျက်နှာထားနှင့် ကြန်အင်လက္ခဏာတို့သည် အမျိုး

www.burmeseclassic.com



တစ်ခုလုံးကို ဖြန်းကျက်ထားသည့် ဥဒေါင်းတစ်ကောင်နှင့် တူလှသည်။ အေးစက်စက်နှင့် နူးညံ့သိမ်မွေ့သော အရိပ်လက္ခဏာများ ထင်ဟပ်နေသည့် အပြာရောင် မျက်လုံးအစုံသည်။ တည်ငြိမ်ရင့်ကျက်မှုကို ဖော်ပြနေသည်။ ဩစတီးယားနှင့် ဖြစ်ပွားခဲ့သည့်စစ်ပွဲ၌ ရရှိခဲ့သော ဓားဒဏ်ရာ အမာရွတ်သည်လည်း သူ့မျက်နှာ၏ ထူးခြားသော လက္ခဏာတစ်ရပ်ပင် ဖြစ်သည်။ သူသည် သိက္ခာသမာဓိရှိသော လူတစ်ယောက်အဖြစ်လည်းကောင်း၊ ရဲရင့်သော စစ်အရာရှိတစ်ဦးအဖြစ် လည်းကောင်း အများ၏ အသိအမှတ်ပြုခြင်းကိုခံထားရသူ ဖြစ်လေသည်။

ဗိုလ်ကြီးမှာ အရပ်ပုပု၊ မျက်နှာနီနီရဲရဲ ဖြစ်သည်။ ခါးပတ်ကို တင်းကျပ်စွာပတ်ထားသည်။ ဆံပင်နီနီကို တိုတိုကပ်ကပ်ကလေး ညှပ်ထားသည်။ သူ့ ရှေ့သွား နှစ်ချောင်းသည် တစ်ညချမ်းတွင် ဆုံးရှုံးခဲ့ရ၏။ ဘာ့ကြောင့် ဘယ်လိုဆုံးရှုံးခဲ့ရသည်ဟူသော အဖြစ်ကိုမူ သူမမှတ်မိ။ ဤသွားနှစ်ချောင်း မရှိသည့်အတွက် သူစကားပြောလျှင် ရှတ်တရက်နားမလည်။ သူသည် ထိပ်ပြောင်နေသူဖြစ်ရာ စစ်အရာရှိနှင့်မတူ၊ ဘုန်းကြီးတစ်ပါးနှင့်တူသည်ဟု ဆိုကြသည်။

တက်ရင်းမှူးသည် ဒုတပ်ရင်းမှူး၏ လက်ကိုဆွဲ၍နှုတ်ဆက်ပြီး သူ့ကော်ဖီခွက်ကို (ဤမနက် ခြောက်ကြိမ်မြောက်သောက်ခြင်း) ယူ၍ သောက်သည်။ သူသည် လက်အောက်အရာရှိ တင်ပြနေသည့် အစီရင်ခံချက်ကို နားထောင်သည်။ ထို့နောက် နှစ်ဦးသား ပြတင်းပေါက်ဆီသို့ သွားသည်။ အပြင်ဘက်မှမြင်ကွင်းသည် စိတ်သာယာဖွယ်မရှိဟု ပြောမိကြသည်။ တပ်ရင်းမှူးမှာ လူအေးတစ်ယောက်ဖြစ်၍ အိမ်ထောင်သည်ဖြစ်သည်။ သူ့ကိုယ်သူ ထိန်းသိမ်းစောင့်စည်းပြီး နေထိုင်တတ်သူဖြစ်၏။ သို့သော်လည်း ဒုတပ်ရင်းမှူး ဗိုလ်ကြီးမှာ အဆင့်အတန်း ခပ်နိမ့်နိမ့်သမား ဖြစ်သည်။ အထူးသဖြင့် သူသည် မိန်းမကိစ္စတွင် ဝါသနာကြီးသူဖြစ်၍ ယခု ဤနေရာသို့ရောက်နေသည့် သုံးလမျှအတွင်း လျှောင်ချိုင့်ထဲ အထည့်ခံထားရသလို

www.burmeseclassic.com



ဖြစ်နေသည့်အတွက် စိတ်ပျက်နေသည်။

အပြင်မှ တံခါးခေါက်သံ ထွက်သဖြင့် ''ဝင်ခဲ့'' ဟု တပ်ရင်းမှူးက လှမ်းပြောသည်။ ဝင်လာသူမှာ စစ်သားတစ်ယောက်ဖြစ်၍ သူ့ကို မြင်ရုံမျှဖြင့် မနက်စာအဆင်သင့်ဖြစ်နေပြီဟု သိလိုက်သည်။ သူတို့စားသောက်ခန်းမထဲ၌ သူတို့ထက် ရာထူးနိမ့်သော အရာရှိသုံးဦးနှင့် ဆုံမိသည်။ ဗိုလ်ကြီးတိုပွန်ဂရေ့စ်လင်းနှင့် ဒုဗိုလ်နှစ်ဦးဖြစ်သော ဖရစ်ဖ်ချီနက်ဘတ်နှင့် ကောင့်ဗွန်အီးရစ်ခ်တို့ဖြစ်သည်။ ဤလူစုထဲတွင် ကောင့်ဗွန်အီရစ်ခ်သည် အရပ်ပုပု ဖြစ်သည်။ မာန်မာန အလွန်ကြီးပြီး လက်အောက်စစ်သားများအပေါ် ရိုင်းစိုင်းမောက်မာသည်။ သံ့ပန်းများအပေါ်တွင်လည်း ရက်စက်ကြမ်းကြုတ်သည်။ လူတစ်ဖက်သားအပေါ် မတရားသဖြင့် နိုင်လိုမင်းထက်ပြုကျင့်တတ်သူ ဖြစ်၏။

ပြင်သစ်နိုင်ငံထဲသို့ ရောက်လာကတည်းက သူ့အား သူ့လုပ်ဖော်ကိုင်ဖက်များက 'မဒမ်မွိုင်ဇယ်ဖီဖီ' ဟု ခေါ်ကြသည်။ တမင်သက်သက်နောက်ပြောင်၍ ခေါ်ကြခြင်း ဖြစ်၏။ ယင်းသို့ ခေါ်ကြခြင်းမှာ သူ့မျက်နှာသည် သွေးဆုတ်နေသည့်နှယ် အမြဲတစေ ဖြူဖတ်ဖြူရော် ဖြစ်နေခြင်း၊ မိန်းမတစ်ယောက်သဖွယ် ကြော့မော့လှပနေအောင် ဝတ်စားဆင်ယင်တတ်ခြင်း၊ မိန်းမများ ဘော်လီဝတ်သလို အမြဲတစေ အတွင်းခံထူထူဝတ်လေ့ရှိခြင်းနှင့် သူ့စိတ်ထဲက အလွန်မနှစ်မြို့သည့်လူ(သို့မဟုတ်) အရာဝတ္ထုများကို တွေ့မြင်၍ ရွံရှာစက်ဆုတ်ကြောင်း ထုတ်ဖော်ပြောလိုသည့်အခါတိုင်း 'ဖီ–ဖီ–ဒွန်' ဟူသော ပြင်သစ်စကားကို လေချွန်သံဖြင့် အရရွတ်တတ်ခြင်း စသည်အကြောင်းများကြောင့် ဖြစ်သည်။

ရဲတိုက်၏ စားသောက်ခန်းမှာ အခန်းကျယ်ကြီးဖြစ်၍ တခမ်းတနား ပြင်ဆင်မွမ်းမံထားသည်။ အခန်းထဲရှိ နံရံများ၌ ကပ်ထားသော ကြည့်မှန်ကြီးများမှာ ယခုအခါတွင် ဂျာမန်စစ်အရာရှိတို့၏ လက်သရမ်းမှုကြောင့် ပစ္စတိုကျည်ဆန်ရာများဖြင့် အက်ကွဲနေကြသည်။ အလွန်လှပသော ပန်းကွက်

www.burmeseclassic.com



ပန်းပြောက်များဖော်ထားသည့် ကော်ဇောကြီးများမှာလည်း အောက်တန်း ကျလှသော စစ်အရာရှိတို့၏ ဓားသရမ်းမှုကြောင့် အစိတ်စိတ်အမြွှာမြွှာ ဖြစ်နေကြသည်။ ယင်းတို့အထဲတွင် အားလပ်ချိန်ရတိုင်း ဤအခန်းထဲသို့ လာရောက်နေထိုင်လေ့ရှိသော မဒမ်မွိုင်ဇယ်ဖီဖီ၏ လက်ချက်ကြောင့် ပျက်စီး မှုက ပိုများခြင်းဖြစ်သည်ဟု ပြောကြသည်။

နံရံများထက်တွင် ရဲတိုက်ပိုင်ရှင် မိသားစု၏ ဓာတ်ပုံသုံးပုံ ချိတ်ဆွဲ ထားသည်။ သံချပ်အင်္ကျီဝတ်ထားသည့် နိုက်သူရဲကောင်း၊ ကာဒီနယ် ပုပ် ရဟန်းမင်းကြီးနှင့် တရားသူကြီးပုံများ ဖြစ်သည်။ ထိုပုံများမှာလည်း မဒမ် ဖီဖီက မီးသွေးခဲဖြင့် လက်ကမြင်းမှုကြောင့် နဂိုမူလရုပ်များ မရှိတော့ဘဲ ရစရာမရှိအောင် ပျက်စီးနေသည်။ ရုပ်ဆင်းအင်္ဂါများ ပျက်စီးချို့ယွင်းနေ သော အခန်းထဲတွင် စစ်အရာရှိများသည် နံနက်စာကို ငြိမ်ဆိတ်စွာ စား သောက်နေကြသည်။ အပြင်၌ရွာနေသောမိုးကြောင့် အခန်းတစ်ခုလုံး ငြီးငွေ့ စရာကောင်းလောက်အောင် ထိုင်းမှိုင်းနေသည်။

စားသောက်ပြီးကြသည့်အခါ အရာရှိများသည် ဆေးလိပ်ဆေးတံ များသောက်ရင်း ခါးတိုင်းနေ့များကဲ့သို့ပင် ရောက်တတ်ရာရာ စကားများ ပြောနေကြသည်။ အထူးသဖြင့် သူတို့ အခုရောက်နေသည့် အခြေအနေ သည် ပျင်းရိငြီးငွေ့စရာ အလွန်ကောင်းကြောင်း တစ်ယောက်တစ်ပေါက် ပြောဆိုလျက်ရှိကြသည်။ တဖြည်းဖြည်းနှင့် ဘရန်ဒီပုလင်းများ ရောက်လာ ပြီး တစ်ခွက်ပြီးတစ်ခွက် မော့ကြသည်။ ခွက်ထဲ၌ကုန်သွားလျှင် ချက်ချင်း တပ်ဖြည့်သည်။

ဤလူစုထဲတွင် မဒမ်မွိုင်ဇယ်ဖီဖီမှာ လက်အသွက်ဆုံးဖြစ်၍ သူ့ ဖန်ခွက်ထဲသို့ တစ်မိနစ်လျှင်တစ်ကြိမ်မျှ အရက်ဖြည့်ပေးနေရသည်။ အခန်း ထဲတွင် ဆေးလိပ်မီးခိုးငွေ့များသည် ထောင်းထောင်းထလျက်ရှိရာ လူအားလုံး မှာ ထိုအခိုးအငွေ့များအောက်သို့ ရောက်နေကြသည်။ ဘာမှ မယ်မယ်ရရ လုပ်စရာမရှိဖြစ်နေသော စစ်အရာရှိများသည် အရက်ကို အလွန်အကျွံ

www.burmeseclassic.com



သောက်ပြီး မူးရူးနေရုံမှတပါး အခြားမရှိသဖြင့် ထင်ရာမြင်ရာပြောကာ ထင်ရာစိုင်းလျက်ရှိကြသည်။

ရုတ်တရက် သူတို့ထဲမှ စစ်အရာရှိတစ်ဦးသည် ထရပ်လိုက်ပြီး "ကျွန်တော်တို့ ဒီပုံစံကြီးအတိုင်းသွားနေလို့ မဖြစ်တော့ဘူး။ လုပ်စရာ အလုပ်တစ်ခုတော့ ရှာကြံပြီးလုပ်ကြမှ ဖြစ်တော့မယ်" ဟု ပြောသည်။ သူ့စကားကြားသည့်အခါ မိုလ်အော်တိုနှင့် ဒုမိုလ်ဖရစ်ဇ်တို့က "ဒါဆိုရင် မိုလ်ကြီးက ဘာလုပ်မလဲ" ဟု တစ်ပြိုင်တည်း လှမ်းမေးကြသည်။ ထိုအခါ အစဖော်ခဲ့သူသည် အတန်ကြာမျှတွေဝေးကာ စဉ်းစားလျက်ရှိ၏။ ထို့နောက် "ဘာလုပ်ရင်ကောင်းမလဲဆိုတော့ အကယ်၍သာ ကျွန်တော်တို့ တပ်ရင်းမှူး ကြီးက ခွင့်ပြုမယ်ဆိုရင် ပျော်ပွဲရွှင်ပွဲလေးတွေ လုပ်ကြရအောင်" ဟု ပြော သည်။

"ဘယ်လိုပျော်ပွဲရွှင်ပွဲမျိုးလဲမိုလ်ကြီးရဲ့" ဟု မိုလ်မှူးက သူ့ပါးစပ်မှ ဆေးတံကိုချွတ်လိုက်ပြီး မေးသည်။

"ဒါကို ကျွန်တော်စီစဉ်မယ်လေ မိုလ်မှူး" ဟု ပြန်ဖြေသည်။ "ကျွန်တော် လီဒီဗွိုင်းကို ရော်အင်မြို့အထိလွှတ်ပြီး အမျိုးသမီး အုပ်စု တစ်စု ရှာခိုင်းမယ်။ သူတို့ကိုရှာရင် ဘယ်နေရာမှာ တွေ့နိုင်တယ်ဆိုတာ ကျွန်တော် ကောင်းကောင်းသိနေတာပဲ။ ပြီးတော့ ကျွန်တော်တို့ ဒီအခန်း ကြီးထဲမှာ ညလယ်စာ စားပွဲကြီးလုပ်မယ်။ ကျွန်တော်တို့လက်လှမ်းမီတဲ့ ပစ္စည်းတွေနဲ့ စီစဉ်ရင် ရပါတယ်။ ဒါဆိုရင် တစ်ညခင်းလောက်တော့ ကျွန် တော်တို့ ပျော်ကြရမှာ သေချာတယ် မိုလ်မှူး"

မိုလ်မှူး ဂရပ်ဖ်ဗွန်ဖားလ်စ်ဘတ်သည် ပခုံးများကိုတွန့်လိုက်ပြီး ပြုံးနေသည်။ "ခင်ဗျား ရူးများနေပြီလား မိုလ်ကြီးရယ်" ဟုပြောသည်။

သို့သော်လည်း ကျန်အရာရှိအားလုံးသည် ထလာကြပြီး မိုလ်မှူးအား ဝိုင်းရံထားကြသည်။ "မိုလ်ကြီးပြောတဲ့ကိစ္စကို လုပ်ခွင့်ပေးပါလား မိုလ်မှူး ရယ်၊ ကျွန်တော် ဒီမှာနေရတာ သေမလောက်ကို ပျင်းစရာကောင်းနေပြီ"

www.burmeseclassic.com



ဟု ပြောကြသည်။ ဤသို့ဖြင့် ဗိုလ်မှူးသည် အားလုံး၏ဆန္ဒကို လိုက်လျော ကာ သဘောတူလိုက်သည်။ ဗိုလ်ကြီးကလည်း ချက်ချင်းပင် လီဒီဗွိုင်းအား အခေါ်လွှတ်သည်။

ဒီဗွိုင်းမှာ ပြုံးခြင်းနှင့် ရယ်ခြင်းကို လုံးဝမသိနားမလည်သော တပ်ကြပ်တစ်ယောက် ဖြစ်သည်။ သို့သော်လည်း သူ့အထက်မှ အရာရှိက အမိန့်ပေးလျှင် အလွန်လူမဆန်လောက်အောင် ဆိုးဝါးသည့်ကိစ္စ ဖြစ်စေကာမူ ဖြစ်အောင်လုပ်ပေးသည်။ သူသည် အမှားအမှန်ကို ခွဲခြားနိုင်သည့် အသိဉာဏ်မျိုး လုံးဝမရှိသဖြင့် တိရစ္ဆာန်တစ်ကောင်နှင့် ဘာမှမခြားပေ။

ဒီဗွိုင်းသည် မျက်နှာသေဖြင့်ရပ်ကာ ဗိုလ်ကြီးပေးသည့် အမိန့်များကို နားထောင်လျက်ရှိသည်။ ထို့နောက် အခန်းထဲမှ ပြန်ထွက်သွားသည်။ နောက် ငါးမိနစ်အကြာတွင် စစ်တပ်သုံး မြင်းလှည်းကြီးတစ်စီးသည် ရဲတိုက်ဝင်းအတွင်းမှ ထွက်ခွာသွားသည်။ လှည်းတွင်တပ်ထားသည့် မြင်းလေးကောင်သည် သဲသဲမဲမဲ ရွာနေသော မိုးအောက်တွင် ဒုန်းစိုင်း၍ ပြေးသွားလျက်ရှိ၏။ အရာရှိများသည် မြင်းလှည်းကြီး ထွက်သွားသည်ကို ကြည့်ကာ ပျော်ရွှင်မြူးထူးလျက် ရှိကြလေ၏။

မိုးကြီးသည်းထန်စွာ ရွာနေသော်လည်း စောစောကလောက် ပျင်းရိငြီးငွေ့စရာ မကောင်းတော့ဟု ဗိုလ်မှူးကပြောသည်။ ဗိုလ်ကလေး ဗွန်ဂရော့စလင်းကမူ ကောင်းကင်သည် တဖြည်းဖြည်းချင်း ကြည်လင်လာနေပြီဟုဆိုသည်။ မဒမ်မွိုင်ဖယ်ဖီဖီကမူ သူ့နေရာတွင် ငြိမ်ငြိမ်ဆိတ်ဆိတ် ထိုင်မနေနိုင်။ သူသည် ဖျတ်ခနဲထရပ်ကာ ဖျက်ဆီးစရာတစ်ခုခုကို လိုက်လံ ရှာဖွေနေသည်။ ရုတ်တရက် သူသည် နံရံထက်မှ သူ့အိုးမဲခဲဖြင့် နှုတ်ခမ်းမွေး တပ်ပေးထားခဲ့သည့် အမျိုးသမီး ပန်းချီကားကို လှမ်းကြည့်သည်။ သူ့ခါးမှ ပစ္စတိုကို ထုတ်ကာ ''နှင့်မျက်လုံးတွေကို ကန်းသွားအောင် လုပ်ပေးရမယ်'' ဟုရေရွတ်သည်။ ထို့နောက် ကုလားထိုင်ပေါ် ပြန်ထိုင်ပြီး အမျိုးသမီး၏ မျက်လုံးနှစ်ဖက်ကို တစ်ချက်စီပစ်သည်။ ကျည်ဆန်နှစ်တောင့်သည် မျက်လုံး

www.burmeseclassic.com



များကို ဖောက်ထွက်သွားသည်။

''ကျွန်တော်တို့ မိုင်းတစ်လုံး လုပ်ကြရအောင်''ဟု မဒမ်မွိုင်ဖယ်ဖီဖီက ပြောပြန်သည်။ အားလုံးသည် အာရုံချက်ချင်း ပြောင်းသွားကြသည်။ စိတ်ဝင်စားစရာ အသစ်တစ်ခု တွေ့ပြန်ပြီဟု သဘောထားကာ အားပေးထောက်ခံကြသည်။ မိုင်းမှာ မဒမ်မွိုင်ဖယ်၏ တီထွင်မှုတစ်ခု ဖြစ်၏။ အရာဝတ္ထုများကို ဖျက်ဆီးမည့် ပျော်ရွှင်စရာနည်းတစ်နည်း ဖြစ်သည်။

ရဲတိုက်ပိုင်ရှင် မြို့စားကြီး ဖာနန် ဒီ အေဗွိုင်ဒီအာဗီးလ်သည် သူ့ရဲတိုက်ကြီးမှ ထွက်ပြေးခဲ့ရစဉ်က ဆီဆေး၊ ရေဆေး အဖိုးတန်ပန်းချီကားများကိုရော အခြားအဖိုးတန် အသုံးအဆောင်ပစ္စည်းပေါင်း အမြောက်အမြားကို ယူဆောင်မသွားနိုင်ခဲ့ပေ။ သိုဝှက်ထားခဲ့ဖို့လည်း အချိန်မရခဲ့ပေ။ ပစ္စည်းအားလုံးသည် ရဲတိုက်အတွင်းရှိ အခန်းများထဲ၌ ခြေရာလက်ရာမပျက် ကျန်ရစ်ခဲ့သည်။

ယခုအခါတွင် ဂျာမန်စစ်အရာရှိများ (အထူးသဖြင့် မဒမ်မွိုင်ဖယ်ဖီဖီ၏ ဖျက်ဆီးမှုများ) ၏ ဖျက်ဆီးမှုများကြောင့် ပစ္စည်းများမှာ အနည်းငယ်မျှသာ ကျန်တော့၏။ ဖီဖီသည် ထိုပစ္စည်းများကို မကုန် ကုန်အောင် ဖျက်ဆီးရန် စိတ်ကူးလျက်ရှိသည်ဖြစ်ရာ အခုလည်း အကျန်အကြွင်းများကို ဖျက်ဆီးဦးတော့မည် ဖြစ်၏။ မည်သို့ပင်ဖြစ်စေ ငါးမိနစ်တာမျှ ပျော်ရမည့်အရေးအတွက် အရာရှိအားလုံးက တပြုံးပြုံးနှင့် စောင့်နေကြသည်။

မဒမ်မွိုင်ဖယ်ဖီဖီသည် အခန်းတစ်ခန်းထဲသို့ဝင်ကာ အဖိုးတန်တရုတ်လက်ဖက်ရည်အိုး အသေးတစ်လုံးကို ယူသည်။ လက်ဖက်ရည်အိုးထဲသို့ ယမ်းမှုန့်များ အပြည့်အသိပ်ထည့်ကာ နှုတ်သီးထဲသို့ စနက်တံတစ်ချောင်း ထိုးသွင်းလိုက်သည်။ ထို့နောက် စနက်တံကို မီးရှို့ကာ အဖိုးတန်ပစ္စည်းများရှိရာ အခန်းထဲရှိ စားပွဲတစ်လုံးပေါ်၌ တင်ထားခဲ့ပြီး ကပျာကယာပြန်ထွက်လာသည်။ ပြီးတော့ အခန်းတံခါးကို အပြင်မှ ပိတ်ထားလိုက်သည်။ ဂျာမန်စစ်အရာရှိအားလုံးသည် မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်နေ

www.burmeseclassic.com



ကြသည်။ အားလုံး၏ မျက်နှာများသည် ပြုံးစေ့စေ့။ ပေါက်ကွဲသံသည် ပြင်းစွာမြည်ဟီးလာသည်။ ရဲတိုက်တစ်ခုလုံး တုန်ခါသွားသည်။

အခန်းထဲသို့ ရှေ့ဆုံးမှ ပြေးဝင်သွားသူမှာ မဒမ်မွိုင်ဇယ်ဖီဖီ ဖြစ်သည်။ အခန်းထဲရှိ အဖိုးတန်ပစ္စည်းအားလုံး တစ်ပိုင်းစီ တစ်စစီ လွင့်ကျလျက်ရှိသည်။ အားလုံးသည် အပျက်အစီးပုံများကို ကြည့်၍ အရသာခံလျက်ရှိကြသည်။ ဗိုလ်မှူး ဂရုပ်ဖ်သည် ကြမ်းပေါ်၌ ပြန့်ကြဲနေသော အဖိုးတန်ပစ္စည်းများကို ငုံ့ကြည့်ကာ အပြင်သို့ ပြန်ထွက်လာသည်။

ပေါက်ကွဲမှုမှ ထွက်လာသည့် မီးခိုးများသည် ဆေးလိပ်မီးခိုးငွေ့များနှင့်ရောကာ စားသောက်ခန်း တစ်ခန်းလုံးကို လွှမ်းခြုံထားသည်။ အားလုံးမှာ အသက်ရှူ ကျပ်လျက်ရှိသည်ဖြစ်ရာ ဗိုလ်မှူးဂရုပ်ဖ်သည် ပြတင်းပေါက်တံခါးကို သွားဖွင့်လိုက်သည်။ ထို့နောက် အရာရှိအားလုံးသည် အရက်တစ်ခွက် တစ်ဖလားစီမော့ရန် အခန်းထဲသို့ ပြန်ဝင်ခဲ့ကြသည်။ သူတို့သည် အပြင်မှ သစ်ပင်မြင့်မြင့်ကြီးကို လှမ်းကြည့်နေကြသည်။ အဝေးတစ်နေရာရှိ ဘုရားရှိခိုးကျောင်းကြီး၏ ပြဿဒ်သည် ကောင်းကင်ဆီသို့ ထိုးထွက်လျက်ရှိသည်။

သူတို့လူစု ဤဒေသသို့ စတင်ဆိုက်ရောက်သည့်နေ့မှစ၍ ဤဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းထိုးသံများ မကြားရတော့ချေ။ ဤတစ်ချက်သည် မိမိတို့အား ကျူးကျော်သူများအဖြစ် သတ်မှတ်ကာ ဆန့်ကျင်မှုကို ပြသခြင်းဖြစ်၏။ နယ်မြေဘုန်းတော်ကြီးသည် ပရပ်ရှင်းစစ်သားများလာသည်ကို လက်ခံသည်။ အစားအစာတောင်းလျှင် ကျွေးမွေးသည်။ သူတို့တပ်မှူးက ဖိတ်လျှင်လာသည်။ ရန်သူတပ်မှူးနှင့် အတူတွဲ၍ စားစရာကို စားသည်။ သောက်စရာကို သောက်သည်။ သို့သော်လည်း ခေါင်းလောင်းထိုးဖို့ကျတော့ လုံးဝ လက်မခံ။ တစ်ချက်ကလေးတီးပေးဖို့ကိုပင် လက်မခံ။

ယင်းကိစ္စတွင် သူ့ဘက်က ခေါင်းမာစွာငြင်းဆန်ခဲ့သည့်အတွက် ပရပ်ရှင်းစစ်တပ်က သေနတ်နှင့် ပစ်သတ်မည်ဆိုပါက အချိန်မရွေးလက်ခံရန်

www.burmeseclassic.com



အသင့်။ ဤနည်းသည် မတရားကျူးကျော်မှုကို ဆန့်ကျင်ကြောင်း ပြသခြင်း ဖြစ်သည်။ ငြိမ်းချမ်းစွာ ဆန္ဒပြနေခြင်းဖြစ်၍ သူ့ဘက်က လုံးဝမမှားဟု ဘုန်းတော်ကြီးက ခိုင်မာစွာယုံကြည်သည်။ ဤအနီးအနားရှိ နှစ်ဆယ့်ငါးမိုင်ပတ်ဝန်းကျင်၌ နေထိုင်လျက် ရှိသူများသည် ဤလုပ်ရပ်အတွက် ဘုန်းတော်ကြီးအား ချီးကျူးကြသည်။ ဘုန်းတော်ကြီး အက်ဘီးချန်တာမွိုင်း၏ လေးနက်သောခံယူချက်၊ ခိုင်မာသော ရပ်တည်ချက်နှင့် သတ္တိကောင်းမှုကို များစွာလေးစားကြည်ညိုကြသည်။

ဤရွာမှ လူအများသည် ဤကိစ္စအတွက် ဘုန်းတော်ကြီးအား ထောက်ခံကြသည်၊ အားပေးကြသည်၊ အမျိုးသားတစ်ရပ်လုံး၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးခြင်းဟုလည်း ခံယူကြသည်။ ဤလုပ်ရပ်ကြောင့် သူတို့ရွာ၏ နာမည်သည် ထာဝစဉ် တည်တံ့ခိုင်မြဲစွာ ရပ်တည်သွားလိမ့်မည်ဟုလည်း ယုံကြည်ထားကြသည်။

တပ်ရင်းမှူးနှင့် သူ့အရာရှိများကတော့ ထိုသတ္တိကို သူတို့ချင်းပြောကာ ပျက်ရယ်ပြုကြသည်။ အရာရှိငယ် ဝစ်လ်ဟမ်ကတော့ ရွာသူရွာသားများနှင့် ဘုန်းတော်ကြီးတို့အား ဖွတ်အဓမ္မအကျပ်ကိုင်၍ ခေါင်းလောင်းထိုးခိုင်းစေချင်သည်။ ဤကိစ္စတွင် တပ်ရင်းမှူးက လိုက်လျောခြင်းသည် မှားသည်ဟု သူကယူဆသည်။ သူကိုယ်တိုင် ဦးစီးပြီး ခေါင်းလောင်းထိုးအောင် လုပ်လိုသဖြင့် ခွင့်ပြုပါဟု တပ်ရင်းမှူးအား ဖွတ်တင်ပြသည်။ သို့သော်လည်း တပ်ရင်းမှူးက လက်မခံ။

အရာရှိငါးဦးသည် မိနစ်အတန်ကြာသည်အထိ စားသောက်ခန်းထဲ၌ရပ်ကာ စကားစမြည် ပြောနေကြသည်။ ဗိုလ်ဖရစ်ဇ်က တစ်ချက်မျှ ဟက်ခနဲရယ်လိုက်ပြီး ''အမျိုးသမီးတွေတော့ ဒီကိုလာရတာ တယ်ပြီး မချောင်ဘူး၊ ရာသီဥတုဆိုးနဲ့ တွေ့နေကြပြီ''ဟု ပြောသည်။ ထို့နောက်တော့ လူစုခွဲကာ ကိုယ့်အခန်းကိုယ်ပြန်သူက ပြန်ကြသည်။ တာဝန်ကျရာ နေရာများသို့ သွားသူက သွားကြသည်။ ဒုတပ်ရင်းမှူး ဗိုလ်ကြီးမှာမူ ညစာ

www.burmeseclassic.com



ကို တခမ်းတနား ပြင်ဆင်နိုင်ရေးအတွက် အလုပ်များလျက်ရှိလေသည်။

နောက်တစ်ကြိမ် သူတို့ ပြန်ဆုံကြသည့်အခါ အမှောင်ရိပ်များ လွှမ်းခြုံစပြုနေပြီ။ သူတို့သည် တစ်ယောက်ကို တစ်ယောက်ကြည့်၍ ရယ်ကြသည်။ အားလုံးသည် ကိုယ့်နည်းကိုယ်ဟန်ဖြင့် စမတ်ကျနေအောင် ဝတ်စားဆင်ယင်လာကြသည်ကို ကြည့်၍ ရယ်မိကြခြင်းပေတည်း။ တပ်ရင်းမှူး၏ ဆံပင်သည် မနက်ပိုင်းတွေ့ခဲ့စဉ်တုန်းကလို မဖြူတော့ပေ။ ဗိုလ်ကြီးသည် မုတ်ဆိတ်မွေးများကို ပြောင်နေအောင်ရိတ်ထားသည်။

မိုးရွာနေသော်လည်း သူတို့သည် ပြတင်းပေါက်ကို ဖွင့်ထားကြသည်။ တစ်ဦးက ပြတင်းပေါက်နားသို့ မကြာ မကြာသွား၍ နားစွင့်သည်။ ခြောက်နာရီထိုးပြီး ဆယ့်ငါးမိနစ်အလွန်တွင် အရာရှိတစ်ဦးက လှည်းသံကြားသည်ဟု ပြောသည်။ သူတို့သည် အောက်ထပ်သို့ အပြေးအလွှား ဆင်းခဲ့ကြသည်။ မြင်းလှည်းသည် သူတို့ရှေ့၌ လာရပ်သည်။ အမျိုးသမီး ငါးယောက်သည် မြင်းလှည်းအတွင်းမှ ထွက်လာကြသည်။ ဒုတပ်ရင်းမှူး၏ အမိန့်ဖြင့် လီဒီဗွိုင်းက အထူးတလည်ရွေးချယ်ပြီး ခေါ်ဆောင်လာသည့် မိန်းမချော မိန်းမလှများပေတည်း။

အမှန်တော့ ဤအမျိုးသမီးများအား ဖွတ်အဝမ္မနည်းသုံး၍ ခေါ်ဖို့ မလိုပေ။ သူတို့အား ကောင်းစွာပြုစုလိမ့်မည်ကို သိနေကြသည့်အားလျော်စွာ သူတို့ကိုယ်တိုင်ကပင် ခုခံခြင်း၊ ငြင်းဆန်ခြင်း မပြုကြတော့ဘဲ လိုက်လာခဲ့ကြခြင်း ဖြစ်၏။ တကယ်တော့လည်း ဖျော်ဖြေရမည့်အလုပ်သည် သူတို့အလုပ်ပင် ဖြစ်နေသည် မဟုတ်ပါလား။ ဤနေရာသို့ လာခဲ့ကြစဉ်ကလည်း မြင်းလှည်းပေါ်၌ ''ဒါက တို့ရဲ့ အလုပ်ပဲကွာ၊ ဘာတတ်နိုင်မှာလဲ''ဟု အချင်းချင်း စိတ်ပြေပျောက်ရန် အားပေးစကား ပြောခဲ့ကြသည်။

သူတို့သည် ချက်ချင်းပင် စားသောက်ခန်းကြီးထဲသို့ ရောက်သွားကြသည်။ စားပွဲကြီးပေါ်တွင် ပြင်ဆင်တည်ခင်းထားသည့် ညစာသည် ခမ်းနားကြီးကျယ်လှ၏။ ဗိုလ်ကြီး၏ မျက်နှာသည် မှုရသည့်မျက်နှာမျိုး

www.burmeseclassic.com



ဖြစ်နေသည်။ သူသည် မိန်းမကျမ်းကြေသူတစ်ဦးသဖွယ် မိန်းမများကို တွေ့သည်နှင့် တစ်ပြိုင်နက် မြူးကြွလာသည်။ အားလုံးကို ဖက်၍နမ်းသည်။ သူတို့၏ ရုပ်ဆင်းအင်္ဂါနှင့် ကိုယ်လုံးကိုယ်ပေါက်တို့ကို ကြည့်ကာ တန်ဖိုး ဖြတ်သည်။

သူသည် အမျိုးသမီးများအား အရပ်အမောင်း အနိမ့်အမြင့်လိုက်၍ တန်းစီပြီး ရပ်ခိုင်းသည်။ အရပ်အမြင့်ဆုံး အမျိုးသမီးအား စ၍စကားပြော သည်။ ''မင်းနာမည်က ဘယ်လိုခေါ်လဲ'' ဟု မေးသည်။ ''ကျွန်မနာမည် ပါမီလာ''ဟု အမျိုးသမီးက ဖြေသည်။

''ပါမီလာကို နံပါတ်တစ်လို့ သတ်မှတ်တယ်။ သူ့ကို တပ်ရင်းမှူး အတွက် ထားရမယ်''

ထို့နောက် ဘလွန်ဒီနာအား နမ်းလိုက်ပြီး သူ့အတွက် လျာထား လိုက်သည်။ ခပ်တုတ်တုတ် အေမန်ဒါကိုမူ ဗိုလ်အော်တိုလက်သို့ အပ်သည်။ အီဗာကိုမူ ဒုဗိုလ်ဖရစ်ဇ်အား လွှဲပေးလိုက်၏။ အားလုံးထဲတွင် အရပ်အပုဆုံး ဖြစ်သော ရာချယ်ကိုမူ အသက်အငယ်ဆုံး အရာရှိဖြစ်သူ ဝစ်လ်ဟမ်ဗွန် အီရစ်ခ်လက်သို့ ပေးလိုက်သည်။ ရာချယ်သည် ငါးယောက်ထဲတွင် အသက် အငယ်ဆုံးဖြစ်၍ အသားညိုညို မျက်လုံးနက်နက်နှင့် ဂျူးမလေး ဖြစ်သည်။

အမျိုးသမီးအားလုံးသည် မိန်းမချောတွေချည်း ဖြစ်၏။ ရုပ်တွေ ကလည်း ဆင်သလိုလိုရှိသည်။ လူငယ်အရာရှိသုံးယောက်သည် သူတို့ အတွက် လျာထားပေးသည့် မိန်းမများအား ချက်ချင်းခေါ်သွားချင်ကြ သည်။ သို့သော်လည်း ဒုတပ်ရင်းမှူးဗိုလ်ကြီးက ခွင့်မပြု။ အားလုံး ညစာ စားပြီးမှသာ ကိုယ်လိုရာ သွားကြလာကြရမည်ဟု ညွှန်ကြားသည်။

ရုတ်တရက် ရာချယ်သည် ချောင်းဆိုးလာသည်။ သူ့နှာခေါင်းထဲသို့ ဆေးလိပ်မီးခိုးငွေ့များ ဝင်သွား၍ဖြစ်၏။ ရာချယ်သည် ထိုလုပ်ရပ်အတွက် ဒေါသတကြီး ဖြစ်လာသော်လည်း သူ့ပိုင်ရှင်အား စူးစူးရဲရဲကြည့်လိုက်သည့် မျက်လုံးအစုံတွင်မူ အလွန်စက်ဆုတ်မုန်းတီးသည့် အရိပ်အငွေ့များ ယှက်

www.burmeseclassic.com



သန်းနေသည်။

သူတို့အားလုံး ညစာ စားပွဲ၌ ထိုင်ကြသည်။ တပ်ရင်းမှူးက ပါမီလာ အား သူ့ညာဘက်၌ ထိုင်ခိုင်းသည်။ ဘလွန်ဒီနာအား သူ့ဘယ်ဘက်တွင် ထိုင်ခိုင်းသည်။ သူသည် လက်သုတ်ပဝါကို ဖြန့်နေရင်းက ''တို့ဗိုလ်ကြီးရဲ့ စိတ်းကူးကတော့ တကယ့်ကို ပျော်စရာကောင်းပါပေတယ်ကွာ'' ဟု ချီးကျူး သည်။ သို့သော်လည်း လက်တွေ့တွင်မူကာ အရာရှိအားလုံးသည် တဖြည်း ဖြည်းနှင့် မူးလာကြသည်။

စကားတွေကို ကျယ်လောင်စွာ ပြောလာကြသည်။ သီချင်းဆိုသူ တွေက ဆိုကြသည်။ ပြင်သစ်သီချင်းနှင့် ဂျာမန်သီချင်းများကို အော်ဟစ် သီဆိုနေကြခြင်းဖြစ်၍ အခန်းထဲတွင် ဆူညံနေသည်။ တချို့က စားပွဲပေါ်မှ ပန်းကန်များ၊ ဖန်ခွက်များကို ယူ၍ ပေါက်ခွဲကြသည်။ သူတို့အား စောင့် ကြပ်ပေးနေရသည့် စစ်သားများသည် သူတို့အရာရှိများ စည်းမဲ့ကမ်းမဲ့ သောင်းကျန်းနေကြသည်များကို မတုန်မလှုပ် ကျောက်ရုပ်များသဖွယ် တောင့် တောင့်မတ်မတ်ရပ်၍ စောင့်ကြည့်နေကြသည်။ သူ့ကိုယ်သူ ထိန်းသူဟူ၍ တပ်ရင်းမှူးတစ်ဦးသာလျှင် ရှိလေသည်။

မဒမ်မွိုင်ဇယ်ဖီဖီသည် ရာချယ်အားဆွဲကာ သူ့ဒူးပေါ်သို့ တင်သည်။ ပြီးတော့ လည်ပင်းကို ငုံ့၍နမ်းသည်။ သူသည် နဂိုကတည်းက ရက်စက် ကြမ်းကြုတ်သူဖြစ်သည့်အားလျော်စွာ ရာချယ်အား ဆက်ဆံရာ၌လည်း ရက်စက်သော စိတ်ဖြင့်သာ ဆက်ဆံသည်။ သူ၏ အထိအတွေ့ အကိုင် အတွယ်များသည် ရာချယ်အား မခံမရပ်နိုင်လောက်အောင် နာကျင်စေသည်။

ရာချယ်သည် ဒုတိယအကြိမ် ဖီဖီ၏ မျက်နှာကို စူးစူးရဲရဲကြည့်သည်။ ''ကျွန်မကို အခုလိုလုပ်တဲ့အတွက် ရှင်ပေးဆပ်ရလိမ့်မယ်''ဟု ပြောသည်။ မဒမ်မွိုင်ဇယ်ဖီဖီက တအားအောင်ရယ်သည်။ ''ပေးဆပ်ပါမယ်ကွာ၊ မင်း စိတ်ချပါ'' ဟု ပြောသည်။

အရက်ဝိုင်းသည် တိုး၍သာ ဆူလာသည်။ ပြောချင်တာပြော၍

www.burmeseclassic.com



လုပ်ချင်ရာ လုပ်လာကြသည်။ တစ်ဦးနှင့် တစ်ဦး ထိန်းသိမ်းရန်လည်း တာမစူကြ။ မိန်းမများမှာလည်း မူးနေကြပြီဖြစ်ရာ သူတို့၏လျှာများကို မထိန်းနိုင်ကြတော့။ ရှန်ပိန်တစ်ပုလင်း အသစ်ဖောက်ကြပြန်သည်။ တပ်ရင်းမှူးသည် ရှန်ပိန်ဖန်ခွက်ကို မြှောက်၍ ဘုရင်မကြီး သြဂတ်စတာ ကျန်းမာချမ်းသာပါစေဟု ဆုတောင်းပြီး အရက်ကိုသောက်သည်။ ကျန်အရာရှိများကလည်း တစ်ယောက်တစ်မျိုးဆုတောင်းကာ အရက်ကို မော့ကြသည်။ မဒမ်မွိုင်ဖယ်ဖီဖီသည် အတော်ကြီးမူးနေပြီဖြစ်ရာ ''ပြင်သစ်တွေအပေါ်မှာ ငါတို့ရလိုက်တဲ့ အောင်ပွဲအတွက်''ဟု ကြွေးကြော်ကာ အရက်ကို သောက်သည်။

ထိုစကား ကြားသည့်အခါ ရာချယ်က မခံနိုင်။ ''ဒီအနားမှာ ပြင်သစ်တွေသာရှိရင် ရှင့်ပါးစပ်က ဒီစကားမျိုးထွက်ရဲမှာ မဟုတ်ဘူး''ဟု ပြောသည်။ သူ့ဒူးပေါ်တင်ပြီး ရာချယ်အား ပွေ့ဖက်ထားဆဲဖြစ်သော မဒမ်မွိုင်ဖယ်ဖီဖီက ''ဟား...ဟား...ဟား...ဟား''ဟု အော်ရယ်သည်။ ''ငါဖြင့် အခုထက်ထိ ပြင်သစ်ဆိုလို့ တစ်ကောင်တစ်မြီးမှ မတွေ့ဖူးသေးဘူး၊ ငါတို့ လာတာမြင်ရင် ဒီကောင်တွေ မျက်နှာချင်းမဆိုင်ရဲဘူး၊ အားလုံးထွက်ပြေးကုန်တာပဲ''ဟု ပြောသည်။

''ရှင် လိမ်ပြောနေတာ၊ ရှင်ဟာ အလွန်ဆိုးတဲ့ လူယုတ်မာ'' ဟု ရာချယ်က အော်ပြောသည်။

မဒမ်မွိုင်ဖယ်ဖီဖီသည် ရာချယ်၏ မျက်နှာကို စူးစူးဝါးဝါး ကြည့်သည်။ ''မင်းက ပြောချင်တယ်ဆိုရင် ငါတို့ ပြောကြတာပေါ့။ မင်းရဲ့ ပြင်သစ်ကောင်တွေသာ သတ္တိရှိရင် ငါတို့ကို မင်း အခုလိုမြင်ရမလား၊ ပြောစမ်း။ အခုဆိုရင် ငါတို့က သခင်တွေဖြစ်ပြီး ပြင်သစ်နိုင်ငံကို တို့ပိုင်နေပြီ''

ရာချယ်သည် ဒူးပေါ်မှ ခုန်ဆင်းလိုက်သည်။ မဒမ်မွိုင်ဖယ်ဖီဖီက

www.burmeseclassic.com



ထိုင်ရာမှထရပ်ကာ ရာချယ်၏မျက်နှာကို စေ့စေ့ကြည့်သည်။ ''ပြင်သစ် နိုင်ငံရော၊ ပြင်သစ်တွေရော၊ သစ်တောတွေနဲ့ လယ်တွေ ယာတွေရော၊ အိမ်တွေရော၊ ငါတို့အပိုင် ဖြစ်ကုန်ပြီ၊ အဲဒါ မင်းသိလား''ဟု ပြောသည်။

ကျန်လူစုသည် လူမှန်းသူမှန်း မသိအောင် မူးနေကြပြီဖြစ်ရာ ရှေ့ နောက်ဆင်ခြင်စဉ်းစားခြင်း မပြုတော့ဘဲ မဒမ်မွိုင်ဇယ်ဖီဖီအား ထောက်ခံ ပြောဆိုကြသည်။ ''ပရပ်ရှားနိုင်ငံတော်ကြီး တည်မြဲပါစေ''ဟု အော်ဟစ် ကာ အရက်ခွက်များကို မော့ကြသည်။ အမျိုးသမီးများသည် တိတ်ဆိတ် သွားသည်။ တစ်ခုခု ဖြစ်လာမည်ကို စိုးရိမ်ကြောက်ရွံ့နေကြသည်။ ရာချယ် သည်ပင်လျှင် စကားတစ်ခွန်းမှ ထပ်မပြောတော့ဘဲ ငြိမ်နေသည်။

မဒမ်မွိုင်ဇယ်ဖီဖီသည် ရှန်ပိန်တစ်ခွက်ထပ်ထည့်ပြီး ရာချယ်၏ ခေါင်းပေါ်သို့ လောင်းချသည်။ ''ပြင်သစ်နိုင်ငံထဲက မန်းမတွေအားလုံးကို လည်း ငါတို့ပိုင်တယ်''ဟု ပြောသည်။ ရာချယ်သည် သူ့ ကုလားထိုင်မှ တအားကုန်ခုန်ထသည်။ ဖီဖီ၏ လက်ထဲမှဖန်ခွက်သည် ကြမ်းပေါ်သို့လွတ်ကျ ကာ အစိတ်စိတ်အမြွာမြွာ ကွဲသွားသည်။

''ရှင်ပြောတဲ့စကားဟာ လုံးဝမမှန်ဘူး၊ ဘယ်ပြင်သစ်မိန်းမကိုမှ ရှင် မပိုင်ဘူး''ဟု အော်ပြောသည်။

မဒမ်မွိုင်ဇယ်ဖီဖီသည် ကုလားထိုင်ပေါ်ပြန်ထိုင်ကာ ဟက်ဟက် ပက်ပက် ရယ်ပြန်သည်။ ရာချယ်အားကြည့်၍ ပရားရှန်းသံဝဲဝဲဖြင့် မေး သည်။ ''သိပ်ကောင်းတယ်၊ သိပ်ကိုကောင်းတယ်၊ ဒီလိုဆိုရင် အခု မင်း ဒီနေရာကို ဘာကြောင့်လာတာလဲ''

ရာချယ်သည် မိုးကြိုးပစ်ခံလိုက်ရသည့်လူလို ဖြစ်သွားသည်။ ထို မေးခွန်းကို ချက်ချင်း ပြန်မဖြေနိုင်။ ဒေါသဖြင့် မွှန်ထူနေသဖြင့် မေးလိုက် သည့် မေးခွန်း၏ အနက်အဓိပ္ပာယ်ကို ချက်ချင်းနားမလည်။ အတန်ကြာမှ ဒေါသတကြီးနှင့် အဖြေပေးသည်။ ''ငါ့ကို မိန်းမလို့ ပြောသလား၊ အမှန် တော့ ငါဟာ မိန်းမတစ်ယောက် မဟုတ်ဘူး၊ ငါဟာ ပြည့်တန်ဆာမ

www.burmeseclassic.com



တစ်ယောက်၊ နင်တို့ ပရပ်ရှားကောင်တွေ ရခင်နေတဲ့အမျိုးအစား ဟဲ့''

ရာချယ်စကားမဆုံးမီ မဒမ်မွိုင်ဇယ်ဖီဖီ၏ လက်ဝါးသည် ရာချယ့် မျက်နှာပေါ်သို့ အရှိန်ပြင်းစွာဖြင့် ကျလာသည်။ သူသည် ရာချယ်အား နောက်တစ်ကြိမ် ထပ်ရိုက်ရန် လက်ကို မြှောက်လိုက်သည်။ ထိုအခိုက်မှာပင် ဒေါသဖြင့် အရူးလိုဖြစ်နေသော ရာချယ်သည် စားပွဲပေါ်မှ သားလှီးဓားကို ဖျတ်ခနဲကောက်ယူကာ မဒမ်မွိုင်ဇယ်၏လည်ချောင်းကို တအားဆောင့် ထိုးလိုက်သည်။ ဓားသည် လည်ပင်းထဲသို့ စိုက်ဝင်သွားသည်ဖြစ်ရာ သူသည် ပါးစပ်ဟောင်းလောင်းပွင့်ကာ မျက်လုံးများပြူးထွက်လာသည်။

ကျန်အရာရှိအားလုံးသည် အလန့်တကြား အော်လိုက်ကြပြီး ရာချယ် ထံ ပြေးလာကြသည်။ ရာချယ်သည် သူ့ကုလားထိုင်ကို ဗိုလ်အော်တို၏ ခြေထောက်များကြားသို့ တွန်းပို့လိုက်သဖြင့် အော်တိုသည် အရှိန်ပြင်းစွာ ဖြင့် လဲကျသွားသည်။ ရာချယ်သည် ဖွင့်ထားသည့် ပြတင်းပေါက်ဆီသို့ ပြေးသွားသည်။ ပရပ်ရှား အရာရှိများ သူ့အနီးသို့ရောက်မလာမီ ပြတင်း ပေါက်မှနေ၍ အပြင်အမှောင်ထုရှိ မိုးရေထဲသို့ ခုန်ဆင်းသွားသည်။

နှစ်မိနစ်ခန့်အတွင်းမှာ မဒမ်မွိုင်ဇယ်ဖီဖီသည် သေဆုံးသည်။ ဖရစ်ဇ် နှင့် အော်တိုတို့သည် ကျန်မိန်းမများကို သတ်ပစ်ရန် ဓားများကို ဆွဲထုတ် လိုက်ကြသည်။ မိန်းမများသည် သူတို့ရှေ့မှောက်တွင် ဒူးများထောက်၍ ခြေထောက်များကိုဖက်ကာ အသက်ချမ်းသာပေးရန် အသနားခံကြသည်။ တပ်ရင်းမှူးသည် အသူ့အရာရှိများအား ခက်ခက်ခဲခဲနှင့် တားမြစ်ရသည်။ ချက်ချင်း အမျိုးသမီးလေးယောက်အား အခန်းထဲထည့် သော့ခတ်ထားရုံ မျှမက စစ်သားနှစ်ယောက်ကိုပါ အစောင့်ချထားလိုက်သည်။ ထို့နောက် သူ့စစ်သားများအား ထွက်ပြေးသွားသူနောက်သို့ လိုက်ဖမ်းခိုင်းသည်။ ဤ မိန်းမအား မလွဲမသေ မိလိမ့်မည်ဟုလည်း သူ ထင်သည်။

ညစာစားသည့် စားပွဲကြီးကို ချက်ချင်းရှင်းလိုက်ပြီး ဖီဖီအား တင် ထားလိုက်သည်။ အရာရှိလေးယောက်သည် ပြတင်းပေါက်သို့ သွားကာ

www.burmeseclassic.com



အပြင် အမှောင်ထုတွင်းသို့ မျှော်ကြည့်နေကြသည်။ မိုးကတော့ သည်းထန်စွာ ရွာသွန်းနေဆဲ။ ရုတ်တရက် သေနတ်သံတစ်ချက် ကြားရသည်။ ထို့နောက် နောက်တစ်ချက် ထွက်ပေါ်လာပြန်သည်။ အတော်ဝေးဝေးနေရာမှ လာသည့် အသံများ ဖြစ်၏။ နောက်ထပ် လေးနာရီကြာမျှ သေနတ်သံများ ကြားနေရသည်။ အော်သံများကိုလည်း ကြားရသည်။ ခေါ်သံများကိုလည်း ကြားရ၏။

မိုးလင်းသည့်အခါ စေလွှတ်လိုက်သည့်စစ်သားများ ပြန်ရောက်လာကြသည်။ စစ်သားနှစ်ယောက်သေ၍ သုံးယောက် ဒဏ်ရာရလာသည်။ မိုးထဲလေထဲ မှောကြီးမည်းမည်းထဲ၌ လိုက်ကြရခြင်းဖြစ်၍ အချင်းချင်း မှားပစ်သဖြင့် သေသူသေ ဒဏ်ရာရသူရ ဖြစ်ကုန်ကြခြင်းပေတည်း။ သူတို့ အနေဖြင့် ရာချယ်ကိုမူ မမိခဲ့ကြပေ။

ထို့နောက်တော့ နယ်မြေအတွင်း၌ ပိုက်စိပ်တိုက်၍ ရှာဖွေသည့် အလုပ် စသည်။ ကျေးလက်ဒေသများမှ ရွာသူရွာသားများသည် ပရပ်ရှား စစ်သားများ၏ နှိပ်စက်မှု၊ လုယက်မှုနှင့် အဓမ္မပြုကျင့်မှုများကို ခံကြရသည်။ သို့သော်လည်း သူတို့ ဖမ်းလိုသည့် ဂျူးအမျိုးသမီး ရာချယ်ကိုမူ အစအန ပင် ခြေရာခံ၍ မရခဲ့ချေ။

ဤသတင်းကိုသိသွားသော ဗိုလ်ချုပ်သည် ထိုကိစ္စကို ဖုံးဖိထားရန် အမိန့်ပေးသည်။ အခြားတပ်များအတွက် အတုမြင်အတတ်သင် ဖြစ်ကုန်မည်ကို စိုးရိမ်၍ဖြစ်သည်။ သို့သော်လည်း တပ်ရင်းမှူးအား ပြင်းထန်စွာ ဆူပူကြိမ်းမောင်းပြီး သတိပေးသည်။ တပ်ရင်းမှူးကလည်း ထုံးစံအတိုင်း သူ့လက်အောက်မှ အရာရှိများအား အပြစ်ပေးသည်။ ဗိုလ်ချုပ်ကတော့ "ကိုယ့်အတွက် အပျော်ရှာချင်စိတ်နဲ့ စစ်ထဲမလိုက်နဲ့၊ ပြီးတော့ ပြည့်တန်ဆာတွေကို သတိထားရှောင်" ဟုပြောသည်။

အထက်မှပေးသော အပြစ်ဒဏ်ကိုခံရ၍ မကျေမနပ်ဖြစ်နေသော တပ်ရင်းမှူး ဗိုလ်မှူးဂရပ်ဖ်ဗွန်ဖားလ်စ်ဘတ်သည် ဒေါသူပုန်ထကာ နယ်မြေအတွင်းရှိလူများအား လက်စားချေရန် ဆုံးဖြတ်သည်။ သူသည် ရှေးဦးစွာ

www.burmeseclassic.com



နယ်မြေသင်းအုပ်ဘုန်းကြီးအားခေါ်၍ အသက်ဆုံးရှုံးသွားသော မြို့စား ဗွန်အီရစ်အတွက် ဝမ်းနည်းသည့်အထိမ်းအမှတ်ဖြင့် ခေါင်းလောင်းထိုးပေး ရမည်ဟု အမိန့်ပေးသည်။

အားလုံးက ငြင်းလိမ့်မည်ဟု ထင်ကြသော်လည်း ဘုန်းတော်ကြီး သည် အလွန်ယဉ်ကျေးသိမ်မွေ့စွာဖြင့် အမိန့်ကို လက်ခံသည်။ အာရရ်ဖီးလ် ရဲတိုက်မှ ပရပ်ရရှားစစ်သားများခြံရံ၍ မဒမ်မိုဒိုင်ဖယ်ဖီဖီ၏ အလောင်းကို သုသာန်သို့ပို့သည့်အခါ ခေါင်းလောင်းကို အဆက်မပြတ်ထိုးပေးသည်။ ညပိုင်းကျတော့လည်း ခေါင်းလောင်းထိုးသံများ ကြားရပြန်၏။ နောက် တစ်ရက်တွင်လည်း ခေါင်းလောင်းသံများ ကြားရပြန်သည်။ ထို့နောက် နေ့စဉ် ကြားလာကြရသည်။ တစ်ခါတစ်ရံတွင် ခေါင်းလောင်းထိုးနေပုံ သည် သာယာလှ၏။ ဘာ့ကြောင့် အခုလိုဖြစ်ရပါလိမ့်၊ မည်သူမှ မသိကြပေ။

အနီးအနားမှ လယ်သမားများသည် စဉ်းစားရခက်နေကြသည်။ ဤကိစ္စမှာ အပြုစားခံရ၍ဖြစ်သည်ဟု ဝေဖန်ကြသည်။ ဘုန်းကြီးနှင့် သူ့ တပည့် ကျက်သရေခန်းစောင့်တို့မှ တစ်ပါး အခြားဘယ်သူမှ ဘုရားရှိခိုး ကျောင်း ခေါင်းလောင်းစင်နားသို့ မကပ်ကြတော့ပေ။ သူတို့နှစ်ဦးကတော့ ခေါင်းလောင်းမျှော်စင်ဆီသို့ သွားကြသည်။ တခြားကြောင့်မဟုတ်၊ ထို နေရာတွင် ဝမ်းနည်းကြေကွဲစွာဖြင့် အထီးကျန်ဖြစ်နေရှာသော မိန်းကလေး ရှိနေ၍ ဖြစ်သည်။ ထို့ပြင်လည်း သူတို့သည် နာမကျန်းဖြစ်နေရှာသော မိန်းကလေးအား ပြန်လည်ကျန်းမာလာအောင် ပြုစုကုသပေးနေကြရသည် မဟုတ်ပါလား။

ရာချယ်သည် ထိုနေရာတွင် ဂျာမန်တပ်များ ဆုတ်ခွာသွားချိန်အထိ နေထိုင်သည်။ ထို့နောက် တစ်ညချမ်းတွင် ဘုန်းတော်ကြီးသည် မုန့်ဖုတ် သမားထံမှမြင်းလှည်းကို ခဏငှား၍ သူ့သုံ့ပန်းမိန်းကလေးအား ရိုအင် မြို့သို့လိုက်ပို့ပေးသည်။ မြို့သို့ ရောက်သွားသည့်အခါ ရာချယ်အား သေပြီဟုသတ်မှတ်နေသော လုပ်ငန်းပိုင်ရှင် အမျိုးသမီးသည် များစွာ ဝမ်းသာသွားသည်။

www.burmeseclassic.com



မကြာခင်မှာပင် အဆင့်အတန်း မခွဲခြားတတ်သော မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးက ရာချယ်အား သူမ၏ ရဲရင့်သောလုပ်ရပ်အတွက် အလွန်သဘောကျကာ ခင်မင်သွားသည်။ ထို့နောက်တော့ ရာချယ်အားချစ်သွားပြီး လက်ထပ်လိုက်သည်။ ဤသို့ဖြင့် ရာချယ်သည် လူကုံထံအမျိုးသမီးတစ်ဦးဖြစ်သွားခဲ့လေ၏။

**Mademoiselle Fifi**
**by Guy De Maupassant**

■

www.burmeseclassic.com

## ဝံပုလွေ

ဤဇာတ်လမ်းမှာ မှူးမတ်တစ်ဦးဖြစ်သော ဘေရွှန်ဒက်စ်ရာဗဲလ်၏ နေအိမ်၌ ပြုလုပ်ခဲ့သော စိန့်–ဟူးဘတ် ဂုဏ်ပြုညစာစားပွဲ၌ ညစာစားသောက်အပြီးတွင် မြို့စားကြီး မားကွစ္စဒီအာရ်ဗီးလ်က ကျွန်တော်တို့အား ပြောပြခဲ့သောဇာတ်လမ်း ဖြစ်ပါသည်။ ထိုနေ့က သူတို့သည် အမဲလိုက်ခဲ့ကြသည်။ မားကွစ္စ မြို့စားကြီးတစ်ဦးသာလျှင် အမဲလိုက်ပွဲသို့ ပါမသွားခဲ့ပေ။ သူသည် ဘယ်သောအခါကမှ အမဲလိုက်သည့်အလုပ်တွင် ပါဝင်သော အလေ့အထ မရှိခဲ့၍ ပါမသွားခြင်းဖြစ်၏။

ထိုနေ့က ညစာစားပွဲတွင် သူတို့သည် အခြားအကြောင်းများကို မပြောဖြစ်ကြ။ အများဆုံး ပြောမိကြသည်မှာ တိရစ္ဆာန်များအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြသည့်ပွဲအကြောင်း ဖြစ်သည်။ အမျိုးသမီးများသည်ပင်လျှင် သွေးထွက်သံယိုမှုတွေများသော ထိုသတ်ပွဲများကို စိတ်ဝင်စားကြသည်။ တစ်ခါတစ်ရံတွင် ဖြစ်နိုင်မည့်အလားအလာမရှိသော လူနှင့်သားကောင်ကြီးများ၏ ရင်ဆိုင်တိုက်ပွဲများအကြောင်းကို ပြောသူက အသံကျယ်လောင် ကျယ်လောင်ဖြင့် ပြောတတ်လေရာ နားထောင်သူများအဖို့ ငြီးငွေ့နိုင်သည် မရှိတော့ပေ။

အရုဏ်ကောင်းကင် စာအုပ်တိုက်

www.burmeseclassic.com



မွန်စီယာ ဒီ–အာရ်ဗီးလ်သည် ဤဇာတ်လမ်းကို ပြောပြရာ၌ များစွာ အသက်ဝင်အောင် ပြောပြနိုင်သဖြင့် စိတ်ဝင်စားဖွယ်ကောင်းသည်။ သူသည် ဤဇာတ်လမ်းကို မကြာ မကြာ ထပ်တလဲလဲ ပြောခဲ့ဖူးဟန်လည်းရှိ၏။ ပြောနေသည့်အခါ ရပ်တန့်ပြီးစဉ်းစားနေရသည် မရှိ။ အေးအေးသာသာ နှင့် တစ်ဆက်တည်း အပိုအလိုမပါဘဲ ပြောပြသွားနိုင်ပါသည်။

''ကျုပ်ကတော့ ဘယ်တော့မှ အမဲမလိုက်ဘူး။ ကျုပ်အဖေ၊ ကျုပ် အဘိုး၊ ကျုပ်ဘိုးဘီတွေလည်း ကျုပ်လိုပဲ အမဲလိုက်တာ ဝါသနာမရှိကြဘူး။ နောက်ဆုံး အမဲလိုက်ခဲ့တဲ့လူက ကျုပ်သိရသလောက်ဆိုရင် ဘယ်သူမှ လိုက်လို့မမီအောင်ကို အမဲလိုက်ခဲ့တဲ့လူရဲ့ သားပဲ။ သူ့နာမည်က ဂျွန်တဲ့။ အိမ်ထောင်သည်ပေါ့။ သူက ကျုပ်ဘိုးဘီရဲ့အဖေပဲ။ သူဟာ ကော်ရိန်းနယ်ထဲက တောအုပ်ထဲမှာရှိတဲ့ ကျုပ်တို့ရဲ့ ရဲတိုက်မှာ သူ့ညီ ဖရန်စစ်ဒီ–အာရ်ဗီးလ် နဲ့ အတူတူနေခဲ့တယ်။

''ဖရန်စစ်ဒီ–အာရ်ဗီးလ်ဟာ ငယ်ငယ်ကတည်းက အမဲလိုက်တဲ့ အလုပ်မှာ ခုံမင်ခဲ့တဲ့လူပေါ့။ ညီအစ်ကိုနှစ်ယောက်စလုံး နှစ်စကစပြီး နှစ် ကုန်ချိန်အထိ မရပ်မနား အမဲလိုက်လေ့ရှိတယ်။ တခြားဘာကိုမှ ဝါသနာ မပါဘူး။ အမဲလိုက်တစ်ခုကလွဲပြီး တခြားဘာကိုမှလည်း စိတ်မဝင်စား ကြဘူး။ သူတို့စကားပြောရင်လည်း အမဲလိုက်တဲ့အကြောင်းပဲ။ အဲဒီတော့ သူတို့ဟာ အမဲလိုက်ဖို့တစ်ခုတည်းအတွက် အသက်ရှင်နေသလိုပဲ။

''သူတို့ဝါသနာကြီးပုံက ပြင်းထန်လွန်းအားကြီးနေတော့ ကြောက် ဖို့တောင်ကောင်းနေတယ်။ သူတို့ စိတ်အာရုံထဲမှာ အဲဒီအလုပ်ကလွဲပြီး တခြား စဉ်းစားတွေးတောစရာဆိုလို့ ဘာတစ်ခုမှ မရှိတော့သလိုကို ဖြစ် နေတာ။ အမဲလိုက်ဖို့ စီစဉ်ထားပြီးလို့ကတော့ တခြား ဘာကြောင်းပဲ ပေါ်လာ ပေါ်လာ လုံးဝမဖျက်ဘူး။ ကျုပ်ရဲ့ဘိုးကြီးဟာ သူ့အဖေ မြေခွေး တစ်ကောင်နောက်လိုက်နေတုန်း မွေးဖွားလာတာလို့ ဆိုတယ်။ သူတို့ ညီအစ်ကိုနှစ်ယောက်မှာ ဂျွန်ဒီ–အာရ်ဗီးလ်လည်း ဝါသနာကြီးတာပဲ။ ဒါပေမဲ့

www.burmeseclassic.com



သူ့ညီ ဖရန်စစ်ဒီ–အာရ်ဗီးလ်က ပိုပြီးပြင်းထန်တယ်။ သူ မနက်လင်းလို့ အိပ်ရာကနိုးရင် ပထမဆုံးလုပ်တဲ့ အလုပ်က သူ့ရဲ့ အမဲလိုက်ခွေးတွေကိုသွား ကြည့်တယ်။ ပြီးရင် အမဲလိုက်တိုင်း စီးတဲ့မြင်းတွေကို သွားကြည့်တယ်။ ပြီးရင် ငှက်တွေကို သေနတ်နဲ့ပစ်တယ်။ အကြီးအကျယ် အမဲလိုက်စရာ ကြီးတစ်ခု ရှိနေတာတောင်မှ မနက်တိုင်း ငှက်တွေကိုမပစ်ဘဲ မနေနိုင်ဘူး။

''တောပိုင်းဒေသကလူတွေက သူတို့ကို မွန်စီယာ မားကွစ္စမြို့စား နဲ့ မွန်စီယာအလုပ်သင်လို့ ခေါ်ကြသတဲ့။ အဲဒီခေတ်က မျုးမတ်မျိုးနွယ်ဝင် အထက်တန်းစားတွေဟာ ကျုပ်တို့ခေတ်နဲ့ မတူဘူးမဟုတ်လား။ သူတို့ရဲ့ ရာထူးနဲ့ဘွဲ့တွေကို သားစဉ်မြေးဆက် ဆက်ခံပိုင်ခွင့်ကရှိတယ်လေ။ မားကွစ္စ မြို့စားကြီးတစ်ယောက်ရဲ့သားဟာ ကောင့်မြို့စားတော့ ဖြစ်နိုင်တယ်။ မိုင်းကောင့်မြို့စားတစ်ယောက်ရဲ့သားဟာ ဘေရွန်အမတ် ဖြစ်လာနိုင်သလို ဗိုလ်ချုပ်တစ်ယောက်ရဲ့သားဟာ ဗိုလ်မှူးကြီးတော့ ဖြစ်လာနိုင်တယ်။ ကဲလေ ဒါတွေကို ထားလိုက်ပါဦး၊ ကျုပ်ရဲ့ဘကြီးတွေအကြောင်း ဆက်ကြဦးစို့။

''ဂျွန်နဲ့ ဖရန်စစ်တို့ ညီအစ်ကိုဟာ လူထွားလူသန်ကြီးတွေလို့ ပြောကြတယ်။ နှစ်ယောက်စလုံး အားကောင်းမောင်းသန်ကြီးတွေ ဖြစ်ရတဲ့ အထဲ ကြမ်းကြမ်းရမ်းရမ်းနေတတ်တဲ့ အလေ့အထကလည်း ရှိတယ်။ အငယ် လူက အကြီးထက် အရပ်ပိုမြင့်ပြီး အလွန်အသံကျယ်သတဲ့။ လူတွေ ပြော စမှတ်ပြုနေကြတာတစ်ခု ရှိတယ်။ သူက အသံသိပ်အောင်တော့ သူ့အသံ အတွက် အလွန်ဂုဏ်ယူသတဲ့။ တောထဲမှ သူအော်လိုက်ရင် သစ်ရွက်တွေ တောင်မှ လှုပ်နေကြတယ်ဆိုပဲ။

''သူတို့ အမဲလိုက်ထွက်ဖို့ မြင်းပေါ်တက်ပြီး ထိုင်နေကြတဲ့အခါ ဆိုရင် လူ့ဘီလူးကြီးနှစ်ကောင် မြင်းပေါ်ရောက်နေသလားလို့တောင် ထင် လောက်သတဲ့။ အင်မတန် ကြည့်ကောင်းတယ်ဆိုပဲ။ အဲ . . . ၁၇၆၄ ခုနှစ်ရဲ့ ဆောင်းရာသီအလယ်မှာတော့ အအေးဓာတ်ကလည်း လွန်ကဲနေတယ်။ ဝံပုလွေတွေကလည်း သရဲမရဲနိုင်ပြီး အဆမတန်ကို ရက်စက်သောင်းကျန်း

www.burmeseclassic.com



နေကြတယ်။ သူတို့ဟာ အိမ်အပြန်မိုးချုပ်တဲ့ လယ်သမားတွေကို လမ်းက စောင့်ကိုက်တယ်။ ညညဆို ရွာထဲဝင်ပြီး အိမ်တွေပတ်ပတ်လည်မှာ လှည့်ပတ်သွားနေကြတယ်။ နေထွက်က နေဝင် တောက်လျှောက်အူနေကြရုံ မကဘူး။ မြင်းဖောင်းထဲဝင်ပြီး မြင်းတွေကို ကိုက်ကြ စားကြတယ်။

"တစ်ချိန်မှာတော့ ကောလာဟလ သတင်းတစ်ခု ထွက်လာတယ်။ ဖြူညိုရောင်ရှိတဲ့ အလွန်ထွားကျိုင်းကြီးမားတဲ့ ဝံပုလွေကြီးတစ်ကောင် သောင်းကျန်းနေတယ် ဆိုတဲ့သတင်းပေါ့။ ဒီကောင်ကြီးက ကလေးနှစ်ယောက်ကို ကိုက်သတ်စားပြီးပြီ။ မိန်းမကြီးတစ်ယောက်ရဲ့ လက်တစ်ဖက်လည်း သူ့ပါးစပ်ထဲ ပါသွားသတဲ့။ တောပိုင်းက အိမ်ခွေးအတော်များများကိုလည်း သူ ကိုက်သတ်လေ့ရှိသတဲ့။ ဒီကောင်ကြီးဟာ အိမ်ဝင်းထဲအထိ ဝင်လာပြီး တံခါးဝကနေ အနံ့ခံနေတတ်သတဲ့။ အဲဒီတော့ တစ်နယ်လုံးမှာ ရှိတဲ့ လူတွေဟာ အထိတ်ထိတ်အလန့်လန့် ဖြစ်နေကြရတယ်။ ညမိုးချုပ်ရင် ဘယ်သူမှ အိမ်ပြင်မထွက်ရဲကြဘူး။ အရိပ်မည်းမည်းမြင်ရင် ဒီသတ္တဝါကြီးလို့ ထင်ကြတဲ့လူချည်းပဲ။

"ဒီအာရ်မီး ညီအစ်ကိုဟာ အဲဒီဝံပုလွေကြီးကို လိုက်ရှာပြီးသတ်ပစ်မယ်လို့ ဆုံးဖြတ်လိုက်ကြတယ်။ ဒါနဲ့ပဲ သူတို့ဟာ အမဲလိုက်ပွဲကြီးတစ်ပွဲ လုပ်ကြဖို့အတွက် တောပိုင်းကလူတွေကိုပါ ခေါ်ပြီး ပြောပြခဲ့တယ်။ အဲဒီနောက်တော့ တောအုပ်ကြီးထဲဝင်ပြီး တောနင်းရှာကြတယ်။ သစ်ပင်တွေလှဲ၊ ခြုံတွေခုတ်ပြီး ရှာပေမယ့်လည်း ဒီကောင်ကြီးကို မတွေ့ကြဘူး။ သူတို့ဟာ ဝံပုလွေ အတော်များများကို သတ်နိုင်ခဲ့ကြပေမယ့် ဒီကောင်ကြီး မဟုတ်ဘူး။ ညစဉ် လိုက်နေကြတာကို ဒီကောင်ကြီးက သိနေသလိုပဲ။ သူ့ဘက်က လက်တုန့်ပြန်တဲ့သဘောမျိုးနဲ့ ခရီးသွားတချို့ကို ဝင်ကိုက်ပြီး စားပစ်လေ့ရှိတယ်။ ရွာထဲဝင်ပြီး ကျွဲနွားတွေကို ကိုက်သတ်တယ်။ သူဝင်တဲ့နေရာတွေဟာ အာရ်မီးတို့အဖွဲ့ လိုက်နေတဲ့နေရာတွေနဲ့ ဝေးတဲ့နေရာတွေချည်းပဲ။

www.burmeseclassic.com



''နောက်ဆုံး တစ်ညကျတော့ ဒီကောင်ကြီးဟာ ဒီ–အာရ်မီးတို့ရဲ့ ရဲတိုက်ကြီးထဲက ဝက်ခြံကိုဝင်ပြီး အကောင်းဆုံးဝက်နှစ်ကောင်ကို ကိုက်စားသွားတယ်။ ညီအစ်ကိုနှစ်ယောက်ဟာ ယမ်းပုံမီးကျ ဒေါသတွေဖြစ်ကြတယ်။ သူတို့အနေနဲ့ ဒီကောင်ကြီးက သူတို့ကို တိုက်ရိုက်တုံ့ပြန်လက်စားချေတယ်လို့ ယူဆကြတယ်။ ဒါကြောင့်မို့ သူတို့ဟာ အကောင်းဆုံးလေ့ကျင့်ထားတဲ့ အမဲလိုက်ခွေးကြီးတွေကိုခေါ်ပြီး သတ္တဝါကြီးရဲ့နောက်ကို ခြေရာခံလိုက်ကြတယ်။

''မနက် အရုဏ်တက်ကနေ ညနေခင်း နေဝင်ချိန်အထိ တောနင်းရှာပေမယ့် ဒီကောင်ကြီးကို မတွေ့ကြရဘူး။ နောက်ဆုံးမှာ သူတို့ဟာ ဒေါသတကြီးနဲ့ မြင်းတွေကိုစီးပြီး တောအုပ်လေးတစ်ခုထဲက လူသွားလမ်းအတိုင်း လိုက်ခဲ့ကြတယ်။ သူတို့ဟာ လိုက်ရင်းလိုက်ရင်းနဲ့ စိတ်ရှုပ်လာကြတယ်။ အံ့သြလည်း အံ့သြလာကြတယ်။ ဒီဝံပုလွေတွေရဲ့ ကြောက်စရာကောင်းတဲ့ အသိဉာဏ်နဲ့ လိမ္မာပါးနပ်မှုတွေကိုတွေးပြီး ထိတ်လန့်လာကြတယ်။

''အဲဒီတော့ အစ်ကိုဖြစ်သူက ''ဒီသတ္တဝါကြီးဟာ သာမန်တော့ မဖြစ်နိုင်ဘူး၊ သူဟာ လူတစ်ယောက်တွေးသလို တွေးနိုင်တဲ့ကောင်ကြီး ဖြစ်ရမယ်'' လို့ပြောတယ်။

ညီကလည်း ''ကျွန်တော်တို့ရဲ့ ညီဝမ်းကွဲဘုန်းကြီးဆီသွားပြီး ကျည်ဆန်ကို မန်းခိုင်းရင် ကောင်းမယ်ထင်တယ်။ ဒါမှမဟုတ်လည်း ဘုန်းကြီးတစ်ပါးဆီက ဂါထာတစ်ပုဒ်လောက်တောင်းရင် ကောင်းမလား'' လို့ ပြန်ပြောတယ်။

နှစ်ယောက်စလုံး ဘာလုပ်ရမှန်းမသိဖြစ်ပြီး ငြိမ်နေကြတယ်။ နောက်တော့ ဂျွန်က ''နေကိုကြည့်လိုက်စမ်း၊ နီရဲနေတာပဲ၊ ဝံပုလွေကြီးဟာ ဒီည သောင်းကျန်းဦးတော့မှာပဲ'' လို့ပြောတယ်။

သူ့စကားမဆုံးခင်မှာပဲ သူ့မြင်းဟာလန့်ပြီး နောက်ကို တအား

www.burmeseclassic.com



ဆုတ်သွားတယ်။ ဖရန့်စစ်ရဲ့မြင်းကလည်း ပြုန်းခနဲထွက်ပြေးတယ်။ သူတို့ ရှေ့တည့်တည့်မှာရှိနေတဲ့ ခြုံကြီးထဲက အဆမတန်ကိုကြီးမားတဲ့ ဝံပုလွေကြီးဟာ တအားခုန်ထွက်လာပြီး တောအုပ်ထဲကို ပြေးဝင်သွားတာ မြင်လိုက်ကြရတယ်။

နှစ်ယောက်စလုံး တအားဝမ်းသာသွားကြတယ်။ သူတို့မြင်းတွေရဲ့ လည်ပင်းတွေကို အသာအယာ ပွတ်သပ်ချော့မော့ကြတယ်။ ပြီးတော့ နူတ်ကလည်း သာယာညင်းပျောင်း ပြောဆိုအားပေးကြတယ်။ နောက်တော့ မြင်းတွေကို တအားစိုင်းပြီး ဝံပုလွေကြီးနောက်ကို လိုက်ကြတယ်။

မြင်းတွေဟာ လေထဲမှာ ခုန်ပျံနေသလားလို့ ထင်ရလောက်အောင်ကို မြန်တယ်။ တောအုပ်ထဲက သစ်ပင်တွေ၊ ချောက်တွေနဲ့ ချောင်းတွေကို ဖြတ်ပြီး ကဆုန်စိုင်းနေကြတယ်။ တောင်ကုန်းတွေပေါ်တက်တဲ့အခါ တက်သွားပြီး ဆင်ခြေလျှောကုန်းစောင်းအတိုင်း ဆင်းတဲ့အခါ ဆင်းကြတယ်။ လမ်းတစ်လျှောက်မှာ လူတွေနဲ့ ခွေးတွေကို အန္တရာယ်ရှိနေကြောင်း သတိပေးတပ်လှန့်တဲ့အနေနဲ့ ခရာကို မကြာခဏထုတ်ပြီး မှုတ်သွားတယ်။

''ဒါပေမဲ့ ရုတ်တရက် မမျှော်လင့်ဘဲ ကျူပ်ရဲ့ဘီနဖူးကို သစ်ကိုင်းကြီးတစ်ကိုင်းက ဝင်ရိုက်လိုက်တော့ မြင်းပေါ်က လိမ့်ကျသွားတယ်။ သူ့ဦးခေါင်းခွံကအရိုးဟာ အက်သွားတယ်။ သူဟာ မြေပေါ်မှာ လူသေတစ်ယောက်လို ပတ်လက်စန့်စန့်ကြီးဖြစ်နေတုန်းမှာ သူ့မြင်းကတော့ ကြောက်အားလန့်အားနဲ့ အနားက တောအုပ်ကြီးကို ပြေးဝင် ပျောက်ကွယ်သွားတယ်။

ညီငယ် ဒီ–အာရ်ဗီးဟာ သူ့မြင်းဇက်ကိုဆောင့်ဆွဲပြီး ရပ်လိုက်တယ်။ မြင်းပေါ်က ခုန်ဆင်းပြီး သတိလစ်နေတဲ့ သူ့အစ်ကိုကို ပွေ့ထူတယ်။ ဒဏ်ရာရထားတဲ့ ဦးခေါင်းကို သူ့ဒူးပေါ်တင်ပြီး အသက်ကင်းမဲ့သလိုဖြစ်နေတဲ့ သူ့အစ်ကိုကို ကြည့်နေတယ်။ တဖြည်းဖြည်းနဲ့ အရင်တုန်းက မဝင်ဖူးခဲ့တဲ့ကြောက်စိတ်တွေ ဝင်လာတယ်။ သူ ခံစားရတာဟာ အလွန်

www.burmeseclassic.com



ထူးဆန်းတဲ့ ကြောက်စိတ်ပါ။ အရိပ်တွေ၊ အထီးကျန်ဖြစ်မှု၊ တိတ်ဆိတ်နေတဲ့ တောအုပ်နဲ့ စိတ်ကူးထဲမှာပေါ်နေတဲ့ ဝံပုလွေ စတဲ့အရာတွေကို ကြောက်လန့်နေတဲ့စိတ်ပါ။ တကယ်တော့ ဒီဝံပုလွေဟာ သူ့အစ်ကိုကို သေခြင်းဆိုတဲ့ အန္တရာယ်ကြီးနဲ့တွေ့အောင် လုပ်သွားခဲ့ပြီမဟုတ်လား။

အရိပ်တွေဟာ နက်ရှိုင်းလာနေတယ်။ သစ်ပင်တွေဆီက သစ်ကိုင်းတွေဟာ စူးရှအေးမြတဲ့ ရာသီကြားမှာ တလှုပ်လှုပ်နဲ့ မြည်သံတွေပေးနေကြတယ်။ ဖရန်စစ်ဟာ ထိုင်နေရာက ထရပ်လိုက်တယ်။ ဒီနေရာမှာ အချိန်ကြာကြာနေလို့က လုံးဝမဖြစ်ဘူး မဟုတ်လား။ သူ့မှာ အားအင်ကုန်ခန်းသလိုကလည်း ဖြစ်နေပြီ။ ပတ်ဝန်းကျင်က ဘာသံမှလည်း မကြားဘူး။ ခရာသံ၊ ခွေးဟောင်သံ . . . ဘာသံမှ မကြားရဘူး။

သူဟာ ကျန်ရှိနေသေးတဲ့ခွန်အားနဲ့ ဂျွန်ရဲ့ ခန္ဓာကိုယ်ကိုပွေ့ပြီး မြင်းကုန်းနှီးပေါ်တင်တယ်။ ပြီးတော့ နောက်ကနေ မြင်းပေါ်တက်ထိုင်ပြီး မြင်းကို အသာအယာနှင်တယ်။ သူ့စိတ်ဟာ အရင်ကလို မဟုတ်ဘူး။ ကြောက်စိတ်ရဲ့ ဖိစီးမှုကြောင့် တစ်မျိုးတစ်ဖုံ ဖြစ်နေတယ်။

အဲဒီအခိုက်မှာ ရုတ်တရက် ကြီးမားတဲ့အရာကြီးတစ်ခုဟာ သူ့ရှေ့ကဖြတ်ပြေးတာ မြင်လိုက်ရတယ်၊ ဝံပုလွေကြီးပေါ့။ မှဆိုးရဲ့ စိတ်ထဲမှာ အတော်ကြီး တုန်လှုပ်သွားတယ်။ တစ်ကိုယ်လုံးလည်း အေးစက်သွားတယ်။ သူ့မျက်လုံးတွေဟာ သူ့ရှေ့မြင်းကုန်းနှီးပေါ်က သူ့အစ်ကိုဆီ ရောက်သွားတယ်။ ချက်ချင်းပဲ ကြောက်စိတ်နေရာမှာ ဒေါသဝင်လာတယ်။ တစ်ကိုယ်လုံးပူထူပြီး တုန်လှုပ်လာတယ်။

သူဟာ မြင်းဇက်ကြိုးကို ဖျတ်ခနဲဆွဲပြီး ဝံပုလွေကြီးနောက်ကို ဒုန်းစိုင်းပြီးလိုက်တယ်။ သူဟာ ဝံပုလွေကြီးကိုပဲ မျက်ခြည် ပြတ်မသွားအောင် ကြည့်တယ်။ ပတ်ဝန်းကျင်က သစ်ပင်ကြီးတွေကို ကွေ့ပတ်ပြီး ဒလကြမ်းလိုက်တယ်။ သူ့မျက်စိတွေဟာ ဝံပုလွေကြီးကလွဲပြီး တခြားဘာကိုမှ မမြင်တော့သလိုဘဲ။

www.burmeseclassic.com



သူ့မြင်းကလည်း မမြင်ရတဲ့ တွန်းအားကြီးတစ်ခုက အနှစ်ခံနေရသလိုပဲ။ သူ့လည်ပင်းကို ရှေ့ဘက်ဆန့်ထုတ်ပြီး အသားကုန်ပြေးနေတယ်။ လူသေအလောင်းကို ကုန်းနှီးပေါ်မှ ကန့်လန့်ဖြတ်ခွပြီး တင်ထားခံနေရတဲ့ မြင်းဟာ သစ်ပင်ငယ်တွေ၊ ချုံနွယ်တွေနဲ့ ကျောက်ခဲတွေကို သူ့ခြေထောက်တွေနဲ့ တိုက်ခတ်နင်းခြေသွားနေတယ်။ သစ်ပင်တွေရဲ့ ပင်စည်တွေနဲ့ ပွတ်မိတိုက်မိတဲ့အခါ သွေးစသွေးနတွေဟာ လေထဲကို လွင့်ပျံကုန်တယ်။

ရုတ်တရက် မြင်းနဲ့လူဟာ တောအုပ်ထဲက ထွက်လာတယ်။ တောင်ကြားတစ်ခုကို ဖြတ်တယ်။ တောင်ကုန်းတွေရဲ့ အထက်ဘက်မှာတော့ လ ထွက်နေပြီ။ တောင်ကြားဟာ ကျောက်တုံးကျောက်ခဲတွေ ထူထပ်နေတယ်။ ကြီးမားတဲ့ ကျောက်ဆောင် ကျောက်တုံးကြီးတွေကလည်း ဟိုတစ်စု သည်တစ်စုရှိနေတော့ ကျော်ဖြတ်ရတာ မလွယ်ဘူး။ ရှေ့ကပြေးသွားနေတဲ့ ဝံပုလွေအဖို့ ပိတ်ကာနေတဲ့ ကျောက်တုံးကြီးတွေကရှိနေတော့ နောက်ရင်း ပြန်လှည့်ဖို့ကလွဲပြီး တခြားရွေးစရာလမ်းက မရှိတော့ဘူး။

ဖရန့်စစ်ဟာ ပျော်လွန်းလို့ အသံကုန်ဟစ်ပြီး အော်လိုက်တယ်။ သူ့အသံဟာ တောင်ကြားထဲမှာ အချိန်တော်တော်ကြာအထိ ပဲ့တင်သံပေးနေတယ်။ သူဟာ ဓားမြှောင်ကိုကိုင်ပြီး မြင်းပေါ်က ခုန်ဆင်းလိုက်တယ်။

အမွေးတွေ ပွထောင်ထားတဲ့ သတ္တဝါကြီးဟာ ပြန်လှည့်လာပြီး ဖရန့်စစ်ကို စူးစူးရဲရဲ ကြည့်နေတယ်။ မျက်လုံးတွေက တောက်ပနေတဲ့ ကြယ်နှစ်ပွင့်နဲ့တူနေတယ်။ ဒါပေမဲ့ ဖရန့်စစ်ဟာ တိုက်ပွဲကို ချက်ချင်းမစဘူး။ ခွန်အားအလွန်ကြီးတဲ့ မုဆိုးကျော် ဖရန့်စစ်ဟာ သူ့အစ်ကိုကို မြင်းပေါ်ကချတယ်။ ကျောက်တုံးကြီးတစ်လုံးပေါ်မှာ ခေါင်းနဲ့မှီကပ်ပြီး ထိုင်ခိုင်းထားတယ်။ တစ်ခေါင်းလုံးမှာကတော့ သွေးတွေရွှဲနေတယ်။ ပြီးတော့ သူ့အစ်ကိုရဲ့ နားအနားကိုကပ်ပြီး အော်ပြောတယ်။ ''သေသေချာချာကြည့်နေ ဂျွန်၊ သေသေချာချာကြည့်'' တဲ့။

အဲဒီနောက်တော့ သူဟာ ဟိုကောင်ကြီးရဲ့အပေါ်ကို တအားခုန်

www.burmeseclassic.com



အုပ်လိုက်တယ်။ သူ့စိတ်ထဲမှာ တောင်ကြီးတစ်လုံးကို တွန်းလှဲလိုက်ရသလို ခံစားလိုက်ရတယ်။ သူ့လက်နဲ့ ဆုတ်ကိုင်ထားသမျှဟာ ကျောက်တုံး ကျောက်ခဲတွေလို့ ထင်နေမိတယ်။ ဝံပုလွေကြီးကတော့ သူ့လက်သည်း ကြီးတွေနဲ့ ဖရန့်စစ်ရဲ့ အရေးပါတဲ့အစိတ်အပိုင်းတွေကို ကုတ်ဖဲ့ပြီး ကိုက်သတ်ဖို့ အားထုတ်နေတယ်။

ဒါပေမဲ့ လူသတ္တဝါဖြစ်တဲ့ ဖရန့်စစ်ကဝံပုလွေကြီးရဲ့ လည်ပင်းကို ဆုပ်ကိုင်မိထားတယ်။ သူ့အနေနဲ့ ဓားမြှောင်ကိုတောင် သုံးဖို့မလိုတော့ ဘူး၊ သူဟာ ဝံပုလွေရဲ့လည်ပင်းကို လိမ်ချိုးပစ်ဖို့ ကြိုးစားတယ်။ ပထမဆုံး သူလုပ်တာက ဝံပုလွေကြီးရဲ့လည်ပင်းကို အစွမ်းကုန်ညှစ်ထားပြီး အသက်ရှူ ရပ်သွားစေဖို့ပဲ။ သူ့နားထဲမှာကတော့ အသက်ကုန်ခါးမယ့် အရိပ်လက္ခဏာ ကို ကြားနေရတယ်။ ဒါကြောင့်မို့ သူဟာ လည်ချောင်းကို လုံးဝမလွှတ် တော့ဘဲ ကျပ်သထက် ကျပ်သွားအောင်သာ တအားဆုပ်ညှစ်ထားပါတယ်။ ပါးစပ်ကလည်း ''ကြည့်စမ်း–ဂွန်၊ ဒီမှာကြည့်စမ်း'' လို့ အော်ပြောနေတယ်။ ဝံပုလွေကြီးရဲ့ ခုခံရုန်းကန်မှုဟာ ဖြည်းဖြည်းချင်း ရပ်သွားတယ်။ ဝံပုလွေ ကြီးရဲ့ ခန္ဓာကိုယ်ဟာ ပျော့ခွေကျသွားတယ်။ သူဟာ အသက်မရှိတော့ဘူး။

အဲဒီနောက်တော့ ဖရန့်စစ်ဟာ ဝံပုလွေကြီးကိုပွေ့ယူပြီး သူ့အစ်ကို ရဲ့ခြေရင်းမှာ ပစ်ချလိုက်တယ်။ ပြီးတော့ ''ဒီမှာတွေ့လား–ဂွန်၊ ဒီမှာ တွေ့ပြီလား'' လို့ အော်ပြောနေတယ်။ ခဏနေတော့ အလောင်းနှစ်လောင်း စလုံးကို မြင်းပေါ်တင်ပြီး အိမ်ဘက်ကိုသွားရာလမ်းအတိုင်း ပြန်လာခဲ့တယ်။ သူဟာ အရူးတစ်ယောက်လို ငိုလိုက်ရယ်လိုက် ဖြစ်နေတယ်။ ဝံပုလွေကြီး သေသွားလို့ ဝမ်းသာပေမယ့် သူ့အစ်ကို သေသွားတဲ့အတွက် သိပ်စိတ် ထိခိုက်ပြီး ယူကျုံးမရ ဖြစ်နေရတယ် မဟုတ်လား။

နောင်အခါကျတော့လည်း သူဟာ မကြာခဏဆိုသလို ''ဝံပုလွေ ကြီးရဲ့ လည်ပင်းကို ငါညှစ်သတ်နေတာကိုသာ ဂွန်မြင်ရရင်သိပ်ဝမ်းသာ မှာပဲ'' လို့ ပြောလေ့ရှိတယ်။

www.burmeseclassic.com



"ကျုပ်ဘိုးကြီးရဲ့ဖနီး မုဆိုးမဟာ အမဲပစ်လုပ်ငန်းရဲ့ ကြောက်စရာကောင်းခြင်းကို သူကမွေးလာတဲ့သား စိတ်ထဲပါသွားအောင် မွေးပေးလိုက်တယ်လို့ ဆိုရမလားမသိဘူး၊ ဘိုးကြီးကတစ်ဆင့် သူ့သား၊ သူ့သားက တစ်ဆင့် ကျုပ်အဖေ၊ ကျုပ်အဖေကတစ်ဆင့် ကျုပ်အထိ အမဲလိုက်တာ လုံးဝ ဝါသနာမပါတဲ့ဘဝ ရောက်သွားကြတာပဲ"

ဇာတ်လမ်းပြောပြနေသည့် မားကွစ္စဒီ–အာရ်ဗီးလ်သည် စကားကို အဆုံးသတ်ပြီး ငြိမ်ဆိတ်နေသည်။ ဧည့်သည်များထဲမှ တစ်ဦးက လှမ်းမေးသည်။

"အခု ခင်ဗျားပြောသွားတဲ့ ဇာတ်လမ်းက တကယ့်အဖြစ်အပျက်လား၊ ပုံပြင်လား"

ထိုအခါ ဇာတ်လမ်းပြောပြသူက "ဒီဇာတ်လမ်းဟာ အစကနေ အဆုံးအထိ အမှန်ချည်းပဲဆိုတာ ကျုပ် ကျမ်းသစ္စာဆိုပါတယ်" ဟု ပြန်ပြောသည်။ ထိုအခါ အမျိုးသမီးတစ်ဦးက အလွန်ချိုအေးသာယာသော လေသံဖြင့် မှတ်ချက်ချသည်။

"အဲသလို ထက်သန်ပြင်းပြတဲ့ စိတ်ဆန္ဒမျိုးရှိတာဟာ အလွန်လှတာပဲ"

**The Wolf**
**by Guy De Maupassant**

www.burmeseclassic.com

## အရူးမ

''ပြင်သစ်–ပရပ်ရှား စစ်ပွဲနဲ့ပတ်သက်လို့ ကြောက်စရာသိပ်ကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ကျွန်တော် ပြောပြရဦးမယ်'' ဟု ဘော့ရှန်ဒီ–ရာ မော့စ်၏ ရဲတိုက်အတွင်းရှိ ဆေးလိပ်သောက်ခန်းထဲ၌ စုထိုင်နေကြသော မိတ်ဆွေများအား မွန်စီယာ ဒီ–အင်ဒိုလင်က ပြောသည်။ ''ဖေါ်ဘောဒီ ကွန်ဖေး ရပ်ကွက်ထဲက ကျွန်တော့်အိမ်ကို ခင်ဗျားတို့ သိကြသားပဲ။ ဂျာမန်တွေ ဝင်လာချိန်မှာ ကျွန်တော်က အဲဒီမှာနေတယ်။ ကျွန်တော့်အိမ်နားနီးချင်းက ရူးနေတဲ့ မိန်းမတစ်ယောက်ပေါ့။ ကံကြမ္မာဆိုးတွေနဲ့ ဆက်တိုက်ကြုံရတော့ ရူးသလို ကြောင်သလို ဖြစ်သွားရှာတဲ့ မိန်းမပါ။ အသက်နှစ်ဆယ့်ခုနစ်နှစ်အရွယ်မှာ သူ့အဖေ ဆုံးတယ်၊ သူ့ယောကျ်ား ဆုံးတယ်၊ အသစ်မွေးလာတဲ့ကလေး ဆုံးတယ်၊ တစ်လအတွင်း လူသုံးယောက်ဆုံးတာ။

''အိမ်တစ်အိမ်ထဲကို တစ်ခါလောက် သေခြင်းတရားဝင်လာရင် မကြာမကြာ ထပ်ပြီးဝင်လာတတ်တယ်။ လမ်းသိသွားလို့ ဝင် ဝင်လာတတ်တဲ့ သဘောပဲ။ အခု ကျွန်တော်ပြောတဲ့ မိန်းကလေးဟာ တစ်လအတွင်း လူသုံးယောက်တောင် ဆုံးရှုံးခဲ့ရတာဆိုတော့ စိတ်ထိခိုက်ရှာတာပေါ့။ အိပ်ရာထဲက မထွက်တော့ဘူး။ စိတ်ကယောင်ချောက်ချား ဖြစ်နေလိုက်တာ သီတင်း

www.burmeseclassic.com



ခြောက်ပတ်တိတိ ကြာတယ်။ နောက်ပိုင်းမှာတော့ ပြင်းပြင်းထန်ထန် ခံစားနေရတဲ့ကာလကို လွန်မြောက်လာခဲ့ပေမယ့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲ ပင်ပန်းခြင်းဆိုတဲ့ဒဏ်ကို တစိမ့်စိမ့် ခံစားရပြန်တယ်။ သူဟာ အစားလည်း မစားဘူး။ လှုပ်လှုပ်ရှားရှားလည်း မနေတော့ဘူး။ သူ့တစ်ကိုယ်လုံးမှာ လှုပ်ရှားတာဆိုလို့ မျက်လုံးတွေပဲ ရှိတော့တယ်။

''သူ့ကို အိပ်ရာပေါ်ကထဖို့ ပြောရင်လည်း မရဘူး။ ဖွတ်အတင်း ထခိုင်းပြန်တော့လည်း အသံကုန်ဟစ်ပြီး အော်တယ်။ ဒါနဲ့ပဲ သူ့ကို ဘာမှ မလုပ်တော့ဘဲ အိပ်ရာပေါ်မှာ ပစ်ထားတယ်။ ရေချိုးပေးဖို့၊ အဝတ်အစား လဲပေးဖို့နဲ့ အိပ်ရာလဲပေးဖို့ ရှိလာမှပဲ သူ့ကို အိပ်ရာထဲကထုတ်ကြတယ်။

''သူ့ဆီမှာ အသက်ကြီးကြီး အိမ်စေတစ်ယောက်ပဲ နေတော့တယ်။ အချိန်တန်ရင် အိမ်စေကြီးက အစာကျွေးတယ်၊ ရေတိုက်တယ်၊ ဝေယျာ ဝစ္စလုပ်ပေးတယ်။ သူ့စိတ်ထဲမှာ ဘယ်လိုတွေ ဖြစ်နေပါလိမ့်၊ ဒီမေးခွန်း ကို ဖြေနိုင်တဲ့လူကတော့ တစ်ယောက်မှမရှိဘူး။ ဘာပြုလို့လဲဆိုတော့ သူက လုံးဝစကားမပြောတော့ဘဲကိုး။ သူ့အနေနဲ့ သေသွားသူတွေအကြောင်းကို တွေးနေသလား။ ဖြစ်သွားခဲ့ပြီးတဲ့ ကိစ္စတွေကိုများ ပြန်ပြီးအိပ်မက် မက်နေ သလား။ ဒီလိုနဲ့ပဲ သူဟာ ဆယ့်ငါးနှစ်တိတိ တစ်ယောက်တည်း အထီးကျန် ဘဝနဲ့ နေလာခဲ့တယ်။

''ရုတ်တရက် စစ်ဖြစ်လာတယ်။ ဒီဇင်ဘာဆန်းပိုင်းကျတော့ ဂျာမန်တွေဟာ ကော်မေးလ်ကို ဝင်လာတယ်။ ကျွန်တော် ကောင်းကောင်း ကြီး မှတ်မိနေသေးတယ်။ ရေတွေကလည်း ခဲနေတယ်။ အေးလိုက်တာ ကလည်း အလွန်ပဲ။ ကျွန်တော်ကိုယ်တိုင် အဆစ်အမြစ်တွေ ကိုက်ခဲတဲ့ ရောဂါကြောင့် ဘယ်ကိုမှ မသွားနိုင်ဘူး။ ပတ်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေရတယ်။ ဂျာမန်တွေရဲ့ ခြေသံတွေကို ကြားနေရတယ်။ ပြတင်း ပေါက်ကနေကြည့်ရင် သူတို့ ဖြတ်သွားနေတာကို မြင်နေရတယ်။

www.burmeseclassic.com



''တန်းစီပြီး ချီတက်သွားနေကြတဲ့ ဂျာမန်စစ်သားတွေဟာ အများကြီးပဲ။ လူတန်းကြီးဟာ ဆုံးနိုင်တယ်လို့ကို မရှိတော့ဘူး။ အဲဒီနောက်တော့ သူတို့အရာရှိတွေက စစ်သားတွေကို အိမ်တိုင်းက အစုလိုက်ခွဲပြီး လက်ခံကျွေးမွေးထားရမယ်ဆိုတဲ့အမိန့် ထုတ်တယ်။ ကျွန်တော့်အိမ်က စစ်သားဆယ့်ခုနစ်ယောက်ကို လက်ခံရတယ်။ ကျွန်တော့် အိမ်နားနီးချင်း ရူးနေတဲ့မိန်းမက စစ်သားတစ်ဒါဇင် လက်ခံထားရတယ်။ အဲဒီ တစ်ဒါဇင်ထဲမှာ တပ်မှူးတစ်ယောက် ပါတယ်။ တပ်မှူးက ရိုင်းစိုင်းကြမ်းတမ်းရုံ မကဘူး၊ ကြီးနိုင်ငယ်ညှဉ်းလုပ်တတ်တဲ့လူ။

''ပထမ ရက်အနည်းငယ်အတွင်းမှာတော့ အခြေအနေက ခါတိုင်းလို အေးအေးဆေးဆေးပဲ။ တစ်ဖက်အိမ်က ဂျာမန်အရာရှိတွေအနေနဲ့ သူတို့နေတဲ့အိမ်က အိမ်ရှင်မိန်းမ နေမကောင်းဘူးလို့ သိထားရတော့ ပြဿနာမရှာပါဘူး။ ဒါပေမဲ့ ရက်ကြာလာတော့ သူတို့စိတ်က တစ်မျိုးဖြစ်လာတယ်။ နေမကောင်းဘူးဆိုတာ ဘာဖြစ်တာလဲ၊ ဘယ်လိုနေမကောင်းတာလဲ စသည်ဖြင့် မေးခွန်းထုတ်လာကြတယ်။ အဲဒီတော့ ဒီမျိုးသမီးရင်ဆိုင်ခဲ့ရတဲ့ စိတ်ထိခိုက်စရာအဖြစ်တွေကို ပြောပြပြီး သူ အခုလို အိပ်ရာထဲက မထွက်တော့ဘဲနေလာတာ ဆယ့်ငါးနှစ် ရှိသွားပြီလို့ ရှင်းပြကြတယ်။ ဒီစကားကို ဂျာမန်တွေက မယုံဘူး၊ လက်မခံဘူး။ ရူးနေတယ်ဆိုတဲ့မိန်းမဟာ ဂျာမန်စစ်သားတွေနား မလာချင်လို့၊ ဂျာမန်စစ်သားတွေနဲ့ စကားမပြောချင်လို့သာ အခုလို အကြောင်းပြပြီး ရှောင်နေတာလို့ ထင်ကြတယ်။

''တပ်မှူးလုပ်တဲ့ ဂျာမန်က သူ့ကို လက်ခံတွေ့ဆုံရမယ်လို့ တောင်းဆိုလာတယ်။ အမျိုးသမီးရဲ့ အခန်းထဲကို သူကိုယ်တိုင်လိုက်လာပြီး ''ဒီမယ်မဒမ်၊ ခင်ဗျား အောက်ထပ်ကိုဆင်းပါ၊ ကျုပ်တို့ ဂျာမန်စစ်အရာရှိတွေက ခင်ဗျားကို မြင်ချင်တွေ့ချင်နေကြတယ်'' လို့ပြောတယ်။ ဒါပေမဲ့ အမျိုးသမီးက တပ်မှူးကို နားမလည်တဲ့ မျက်နှာထားနဲ့ ပြန်ကြည့်နေတယ်။ စကားလည်း တစ်ခွန်းမှမပြောဘူး။ အဲဒီတော့ တပ်မှူးက ''အခုလို လုပ်

www.burmeseclassic.com



နေတာကို ကျုပ် သည်းမခံတော့ဘူး။ ခင်ဗျားဆန္ဒအလျောက် အိပ်ရာပေါ်က မဆင်းရင် ခင်ဗျားဘာသာ ခင်ဗျားအကူအညီ မပါဘဲ လမ်းလျှောက်အောင် ကျုပ် လုပ်ပေးရလိမ့်မယ်'' လို့ ပြောတယ်။

''ဒါပေမဲ့ အမျိုးသမီးကတော့ တပ်မှူးရဲ့စကားကို မကြားသလိုပဲ။ အိပ်ရာပေါ်မှာ မလှုပ်မယှက် နေမြဲတိုင်းပဲ နေတယ်။ အဲဒီအခါမှာ တပ်မှူးဟာ အကြီးအကျယ် ဒေါသဖြစ်လာတယ်။ ''ကောင်းပြီ၊ မနက်ဖြန်ကျရင် ခင်ဗျား အောက်ကိုဆင်းရမယ်၊ မဆင်းရင်...'' လို့ပြောပြီး အခန်းထဲက ထွက်သွားတယ်။

*

''နောက်တစ်နေ့မှာ ထိတ်လန့်ကြောက်ရွံ့နေတဲ့ အိမ်စေမကြီးဟာ အမျိုးသမီးကို အဝတ်အစား လဲပေးတယ်။ အမျိုးသမီးကလည်း လုံးဝ မရဘူး။ အတင်းရုန်းကန်ပြီး ငယ်သံပါအောင် အော်ဟစ်ဆူပူနေတယ်။ ဂျာမန်အရာရှိဟာ အော်သံတွေကြားတော့ အပေါ်ထပ်ကို တက်ပြေးတယ်။ အိမ်စေမကြီးက တပ်မှူးရဲ့ရှေ့မှာ ဒူးထောက်ထိုင်လိုက်ပြီး ''သူ အောက်ထပ်ကိုဆင်းမှာ မဟုတ်ဘူး၊ လုံးဝဆင်းမှာ မဟုတ်ဘူး၊ သူ့ကို ခွင့်လွှတ်ပါရှင်၊ သူဟာ စိတ်မချမ်းမသာဖြစ်နေတဲ့ မိန်းမတစ်ယောက်ပါ'' လို့ တခတယ တောင်းပန်တယ်။

''တပ်မှူးဟာ ဒေါသထွက်နေပေမယ့် ရုတ်တရက် ဘာလုပ်ရမှန်း မသိဘူး။ စိတ်တော့ အတော်ကိုရှုပ်သွားတယ်။ အမျိုးသမီးကို ဆွဲထုတ်ဖို့လည်း ချက်ချင်း အမိန့်မပေးရဲဘူး။ ဒါပေမဲ့ သူဟာ တစ်ခဏလောက် ငိုင်ပြီးစဉ်းစားနေရာက ပြုန်းခနဲ ဟက်ဟက်ပက်ပက် ရယ်လိုက်တယ်။ ပြီးတော့ သူ့စစ်သားတွေကို ဂျာမန်စကားနဲ့ လှမ်းပြီးအမိန့်ပေးတယ်။ ချက်ချင်းပဲ စစ်သားတစ်စုဟာ လူနာထမ်းစင်တစ်ခုကို မထုတ်သလို အမျိုးသမီးရဲ့ မွေ့ရာကြီးကို ထမ်းထုတ်လာကြတယ်။

''မွေ့ရာပေါ်မှာတော့ စိတ်မနှံ့ဖြစ်နေတဲ့မိန်းမဟာ လှဲနေရက်ပဲ။

www.burmeseclassic.com



သူ့ပတ်ဝန်းကျင်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ သိပုံလည်းမရဘူး၊ စိတ်ဝင်စားပုံလည်း မရဘူး။ သူ့မွေ့ရာနောက်ကလိုက်လာတဲ့ စစ်သားရဲ့လက်ထဲမှာတော့ အထုပ်တစ်ထုပ်ကိုင်ထားတယ်။ တပ်မှူးက သူ့လက်ဖဝါးနှစ်ဖက်ကိုပွတ်လိုက်ပြီး ''ကျုပ်တို့က ခင်ဗျားဘာသာခင်ဗျား အဝတ်အစား ဝတ်နိုင်သလား၊ မဝတ်နိုင်ဘူးဆိုတာရယ်၊ တစ်ယောက်တည်း လမ်းလျှောက်နိုင်သလား၊ မလျှောက်နိုင်ဘူးလားဆိုတာ စောင့်ကြည့်မယ်'' လို့ ပြောတယ်။

''စစ်သားတွေဟာ မွေ့ရာကြီးကိုထမ်းပြီး အိုင်မောဗီးလ် တောအုပ်ဘက် သွားကြတယ်။ နောက်နှစ်နာရီလောက်ကြာတော့ စစ်သားတွေ ပြန်လာကြတယ်။ ရှူးနေတဲ့မိန်းမကိုတော့ အစအနတောင် မမြင်ရတော့ဘူး။ ဒီမိန်းမကို သူတို့ ဘာလုပ်ခဲ့ကြသလဲ၊ သူတို့ ဒီမိန်းမကို ဘယ်နေရာခေါ်သွားကြတာလဲ၊ ဘယ်သူမှ မသိကြဘူး။

*

''ဆီးနှင်းတွေဟာ နေ့ရောညပါ ကျနေတယ်။ လွင်ပြင်တွေနဲ့ တောအုပ်တွေဟာ ရေခဲပြင်တွေ လွှမ်းခြုံထားတဲ့အတွက် ဖွေးဖွေးလှုပ်နေတယ်။ ဝံပုလွေဟာ တောအုပ်တွေထဲက ထွက်လာပြီး ကျွန်တော်တို့အိမ် တံခါးဝတွေရှေ့မှာ အူနေကြတယ်။

''သနားစရာကောင်းတဲ့ ဟိုမိန်းမဟာ ကျွန်တော့်စိတ်ကို ခြောက်လှန့်နေပါတယ်။ ကျွန်တော်ဟာ အမျိုးသမီးရဲ့ သတင်းမှန်ကိုရဖို့အတွက် ဂျာမန်အာဏာပိုင်တွေဆီကို လျှောက်လွှာအစောင်ပေါင်း အများကြီးတင်ခဲ့ပါတယ်။ အဲသလို လုပ်မိတဲ့အတွက် ကျွန်တော်ဟာ သေနတ်နဲ့ပစ်သတ်ခံရလုနီးပါးဖြစ်ခဲ့ရပါတယ်။ ဒီလိုနဲ့ပဲ နွေဦးပေါက်လာတဲ့အခါမှာ ဂျာမန်တွေဟာ ဆုတ်ခွာသွားကြတယ်။ ဒါပေမဲ့ ကျွန်တော့် အိမ်နားနီးချင်းရဲ့ အိမ်တံခါးကတော့ ပိတ်ထားတုန်းပါပဲ။ ဝင်းခြံထဲမှာလည်း မြက်တွေပေါက်နေပါပြီ။

''အိမ်စေအဘွားကြီးကတော့ ဆောင်းရာသီအတွင်းမှာ သေဆုံးသွားခဲ့ပါတယ်။ ဖြစ်ခဲ့ပြီးသမျှ ကိစ္စအတွက် ဘယ်သူမှ သတိမရကြတော့

www.burmeseclassic.com



ပါဘူး။ အားလုံးမေ့မေ့ပျောက်ပျောက် ဖြစ်ကုန်ကြပါပြီ။ ကျွန်တော်လည်းပဲ ဒီကိစ္စကို မေ့လို့မရဘူး။ ဒီမိန်းမအကြောင်းကို မကြာခဏ သတိရမိပါတယ်။ သူတို့ ဒီမိန်းမကို ဘာလုပ်ခဲ့ကြသလဲ။ ဒီမိန်းမဟာ တောအုပ်ထဲက နေပြီး ထွက်ပြေးလွတ်မြောက်သွားလေသလား။ သူ့ကို လူတစ်ဦးတစ်ယောက်ကများ တွေ့သွားသလား။ တွေ့တဲ့လူက ဆေးရုံတစ်ခုကိုများ ပို့သွားသလား။ တကယ်လို့ ပို့ရင်လည်း သူ့အကြောင်းကို ဘာမှမသိရဘဲနဲ့ ပို့ထားခဲ့တာလား။ ကျွန်တော့်ရဲ့ သံသယတွေဟာ လျော့ပါးသွားတယ်လို့ မရှိပါဘူး။ ဒါပေမဲ့ သတိရဖြစ်ပြီး ထိခိုက်နေတဲ့စိတ်ကတော့ အရင်ကနဲ့စာရင် သက်သာလာခဲ့ပါတယ်။

''နောက်တစ်ကြိမ် ဆောင်းဦးပေါက်လာပြန်ပါပြီ။ တောကြက်တွေကလည်း အလွန်ကို ပေါများလာပါတယ်။ ကျွန်တော့်ရဲ့ အဆစ်အမြစ်ကိုက်ခဲတဲ့ ဝေဒနာဟာ ပျောက်သွားပြန်ပါပြီ။ ကျွန်တော်ဟာ တစ်ရက်မှာ တောအုပ်ဘက်ကို လျှောက်လာခဲ့ပါတယ်။ တောကြက် လေးငါးကောင်ကိုလည်း ပစ်လို့ရထားပါတယ်။ ကျွန်တော်ဟာ တစ်နေရာအရောက်မှာ နောက်တစ်ကောင်ကို ထပ်ပြီးပစ်လို့ရပါတယ်။ ဒါပေမဲ့ တောကြက်က သစ်ကိုင်းခြောက်တွေဖုံးနေတဲ့ မြောင်းတစ်ခုထဲကို ကျသွားတယ်။ ကျွန်တော်ဟာ မြောင်းထဲဆင်းပြီး ကြက်ကို ကောက်ယူရပါတယ်။ အဲဒီအခါကျတော့ သစ်ကိုင်းခြောက်တွေရဲ့အောက်မှာ လူသေအလောင်းတစ်လောင်း ရှိနေတာကို တွေ့ရပါတယ်။

''ချက်ချင်းပဲ ကျွန်တော်ဟာ စိတ်မနှံ့ဖြစ်နေတဲ့ မိန်းမကို သတိရလိုက်မိပြီး ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားပါတယ်။ ရာသီဥတု အင်မတန်ဆိုးတဲ့နှစ်တွေမှာ လူတွေအများကြီးပဲ ဒီတောအုပ်ထဲမှာ သေကြမှာပါ။ ဒါပေမဲ့ ဘာကြောင့်ရယ်လို့တော့ ကျွန်တော် မပြောတတ်ပါဘူး။ အခု ကျွန်တော်တွေ့ထားတဲ့အလောင်းဟာ ဟိုမိန်းမရဲ့ အလောင်းပဲလို့ စိတ်ထဲက အခိုင်အမာ ထင်နေမိပါတယ်။

www.burmeseclassic.com



''ရုတ်တရက် ကျွန်တော်ဟာ ဖြစ်နိုင်တဲ့အလားအလာတွေကို တွေးမိပါတယ်။ စစ်သားတွေဟာ ဒီမိန်းမကို မွေ့ရာပေါ်တင်လျက်ပဲ ဆီးနှင်းတောထဲမှာ ထားပစ်ခဲ့ကြပုံ ရပါတယ်။ မိန်းမကလည်း သူ့နဂိုစိတ်အတိုင်း ဘယ်ကိုမှ ထမသွားပဲ ဆီးနှင်းတွေအောက်မှာ နေခဲ့တာပါ။ သူ နေတာဟာ အသက်သေသည်အထိပဲပေါ့။

''အဲဒီနောက်တော့ ဝံပုလွေတွေက သူ့ကို ကိုက်ကြဖဲ့ကြ စားကြသောက်ကြတယ်။ ငှက်တွေကလည်း သူတို့ရဲ့အသိုက်တွေကို သူ့မွေ့ရာထဲက ဝါဂွမ်းတွေနဲ့ ဆောက်ကြတယ်။ အဲသလိုပဲ ဖြစ်ရမှာပေါ့။ ကျွန်တော်ဟာ သူ့အရိုးတွေကို တာဝန်ယူပြီး မြှုပ်နှံခဲ့ပါတယ်။ ပြီးတော့ ကျွန်တော်ဆုတောင်းမိပါတယ်။ ''ကျွန်တော်တို့ရဲ့ သားတွေဟာ စစ်ပွဲတွေနဲ့ နောက်ထပ်မတွေ့ကြပါစေနဲ့'' လို့''။

**The Mad Woman**
**by Guy De Maupassant**

www.burmeseclassic.com

## ယုန်ထောင် ကြောင်မိ

လွန်ခဲ့သောနှစ်ရာသီက ဗီယာနာလူမျိုး အထက်တန်းလွှာ အသိုင်းအဝန်းထဲမှ အသက်ငယ်ငယ် နုနယ်ပျိုမြစ် ချစ်စရာကောင်းသော အမျိုးသမီးတစ်ဦးသည် သူ့လိုအမျိုးအစား အခြားမိန်းမငယ်များ ဖက်ရှင်တစ်ခုသဖွယ် လုပ်လေ့လုပ်ထရှိသည့်အတိုင်း ဩစတီးယန်း ပင်လယ်ကမ်းခြေတစ်နေရာသို့ သူ့လင်ယောကျ်ားကိုမခေါ်ဘဲ တစ်ယောက်တည်း ခရီးထွက်လာခဲ့သည် ထိုပင်လယ်ကမ်းဆိပ်မှာ ကားလ်ဘက်ဟုခေါ်၍ အခုလို နွေရာသီကျလာလျှင် နိုင်ငံခြားသား အများအပြား အလည်လာလေ့ရှိသော နေရာတစ်နေရာ ဖြစ်လေသည်။

ဤအမျိုးသမီးသည် သူ့လို အဆင့်မြင့်မြင့်အလွှာထဲမှ အခြားအမျိုးသမီးအများစု လုပ်လေ့လုပ်ထရှိသည့်အတိုင်း မျိုးရိုးကောင်းကောင်းနှင့် ငွေကြေးချမ်းသာကြွယ်ဝသော လူတစ်ယောက်ကို ရှာဖွေရွေးချယ်ကာ လက်ထပ်ခဲ့သည်။ လူချင်းတွေ့စအချိန်တွင် ငါးရစ်တက်သလို အချိန်တစ်ခဏမျှ ချစ်စိတ်ကြိုက်စိတ်များ ပြင်းထန်ထက်ကြွခဲ့သော်လည်း မကြာခင်မှာပင် ကိုယ့်အိမ်ထောင်အပေါ်တွင် သိပ်ပြီးအလေးအနက် မရှိတော့ဘဲ သွေးအေးသွားခဲ့လေ၏။ မိသားစု အမျိုးအနွယ်၊ ရိုးရာဓလေ့ထုံးစံများနှင့်

www.burmeseclassic.com



ရာထူးဂုဏ်ထူးများ၏ အရသာကိုလည်း ကျေနပ်မှုရှိလောက်အောင် ရရှိခံစားခဲ့ပြီးပြီ။ သူမ၏ယောကျ်ား ဆန္ဒရှိနေသည့်အတိုင်း အမွေဆက်ခံနိုင်မည့် သားကလေးတစ်ယောက်ကို မွေးပေးခဲ့ပြီးပြီ၊ ဤအခြေအနေသို့ ရောက်ပြီးသွားသည့်အခါ လင်ရောမယားပါ နှစ်ဦးစလုံး ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကိုယ့်လမ်းကိုယ် လျှောက်ခဲ့ကြလေ၏။

လင်ယောကျ်ားသည် အသက်ငယ်ငယ်၊ ရုပ်ချောချောတွင် ဆွဲဆောင်မှုရှိသော ပြူမှုနေထိုင်ပုံများရှိသူ ဖြစ်၏။ သူသည် သူ၏ကလပ်များတွင်လည်းကောင်း၊ မြင်းပွဲများတွင် လည်းကောင်း၊ ကန့်လန့်ကာနောက်ကွယ်မှ ဇာတ်လမ်းများတွင် လည်းကောင်း ပါဝင်ကပြလျက်ရှိ၏။ သူ၏ အချောအလှ ဇနီးသည်ကလည်း အော်ပရာပြဇာတ်ရုံများတွင် လည်းကောင်း၊ ဆောင်းရာသီကျလာလျှင် တောင်ပိုင်းဒေသသို့ ခရီးထွက်၍ လည်းကောင်း၊ နွေရာသီကျလာလျှင် ပင်လယ်ကမ်းခြေ တစ်နေရာသို့ သွား၍လည်းကောင်း သူ့နည်းသူ့ဟန်ဖြင့် အချိန်ဖြုန်းလျက်ရှိလေ၏။

အမျိုးသမီးသည် ယခုတစ်ခေါက် ထွက်လာသည့်ခရီးတွင် သူမနှင့်အတူ ရသမျှအခွင့်အရေးများနှင့် မျက်နှာသာပေးမှုများကို ရယူတတ်သော၊ ပေးသမျှ တာဝန်ဝတ္တရားများကို ကျွန်တစ်ယောက်သဖွယ် လုပ်ကိုင်ပေးတတ်သော လူငယ်တစ်ယောက်ကို ခေါ်လာခဲ့လေ၏။

ဤသို့သော ကိစ္စရပ်မျိုးတွင် လုပ်လေ့လုပ်ထ ရှိသည့်အတိုင်း အမျိုးသမီးသည် ဗီယင်နာမြို့အပြင် ဆင်ခြေဖုံးရပ်ကွက်တစ်ခုအတွင်း၌ လှပသေသပ်သော အိမ်ငယ်တစ်လုံးကို ငှားရမ်းနေထိုင်ခဲ့သည်။ သူမ၏ ချစ်သူကိုလည်း ထိုအိမ်မှာပင် လက်ခံတွေ့ဆုံလျက်ရှိ၏။ သူမသည် ဝတ်စားဆင်ယင်ရာ၌ ဆွဲဆောင်မှုအပြည့်ရရှိအောင် ဝတ်စားဆင်ယင်တတ်သူ ဖြစ်သည့်အားလျော်စွာ တစ်ခါတစ်ရံတွင် အော်ပင်ဘာ ပြဇာတ်ထဲမှ 'လာတယ်လီ ဟင်သီနာ' မိန်းမပျိုကဲ့သို့ ဝတ်စားဆင်ယင်လေ့ရှိပြီး တစ်ခါတစ်ရံတွင်မူ ရှေးခေတ်ဟောင်း ဂရိအမျိုးသမီးတစ်ယောက်သဖွယ် ဝတ်စားဆင်

www.burmeseclassic.com



ယင်လေ့ရှိ၍ တစ်ခါတစ်ရံတွင် စူလတန်ဘုရင်၏ အဆောင်ယောင်ထဲမှ မောင်းမတစ်ယောက်သဖွယ် ဝတ်စားဆင်ယင်လေ့ရှိသည်။ ယင်းကဲ့သို့ သူ့ကိုယ်သူ ဖက်ရှင်အမျိုးမျိုးဝတ်၍ အသွင်အမျိုးမျိုး ပြောင်းလဲဝတ်ဆင်လေ့ရှိသည်မှာ သူမ၏ အလေ့အထတစ်ခု ဖြစ်လေသည်။ သို့တစေလည်း ဆောင်းရာသီတွင်မူ သူမသည် ယင်းသို့သော တွေ့ဆုံမှုမျိုးအပေါ် ငြီးငွေ့တတ်သည်ဖြစ်ရာ ဤကိစ္စမျိုးကို တစ်မျိုးတစ်ဘာသာ စီစဉ်တတ်သည်။ ထိုရာသီတွင် သူမသည် သူမ၏ချစ်သူအား သူမ၏အိမ်မှာပင် လက်ခံတွေ့ဆုံတတ်၏။ သူမ၏အိမ်တွင် သူမအနေဖြင့် ဘယ်လိုများ လက်ခံတွေ့ဆုံပါသနည်း။

မည်သို့ပင်ဖြစ်စေ သူမအဖို့တော့ ထိုကိစ္စသည် ခက်ခဲလှသည် မဟုတ်ပေ။ ဤကိစ္စကို လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည့်အခါတိုင်း အခြားမိန်းမတိုင်းကြုံတွေ့ရသကဲ့သို့ပင် ဖြစ်သည်။ ဤအရေးကိစ္စမျိုးနှင့် ရင်ဆိုင်ရသည့်အခါ မိန်းမတစ်ယောက်သည် တစ်ရက်နှစ်ရက်မျှ စဉ်းစားလေ့ရှိ၏။ ပြီးလျှင် ကြုံလာသမျှကို ရင်ဆိုင်နိုင်မည့် အစီအစဉ်တစ်ခုကို ကြိုတင်ပြုလုပ်ကာ ချိန်းထားသည့်နေရာသို့ သွားသည်။

ပိုးလစ်ရှိအမျိုးသား လူရွယ်သည် ဤလိုယောက်ျား အမျိုးအစားများ၌ တွေ့ရတတ်သည့်အတိုင်း လူချောလူလှတစ်ယောက် ဖြစ်သည်။ ဤလိုလူစား ယောက်ျားများထဲတွင် ရှားရှားပါးပါး ရခဲလှသောလူစား ဖြစ်၏။ အသားအရေနှင့် ကြန်အင်လက္ခဏာသည် မိန်းမတစ်ယောက်နှင့် တူလှသည်။ အရပ်အမောင်းမှာ မနိမ့်လွန်း၊ မမြင့်လွန်း၊ ခန္ဓာကိုယ်မှာ သေးသေးသွယ်သွယ်နှင့် အချိုးအဆက် များစွာပြေပြစ်သည်။ နှုတ်ခမ်းများကလည်း သေးသွယ်ပါးလျသည်။ အကယ်၍သာ ဆံပင်တုတပ်လိုက်မည်ဆိုပါက ထိုလူရွယ်သည် အသွင်ပြောင်းသွားမည့် အနေအထား ရှိလေသည်။

ထို့ကြောင့်လည်း ဤကိစ္စမျိုးတွင် ပရိယာယ်မာယာနှင့် တခ်ဏာပွတ္တိဉာဏ်များလှသော အမျိုးသမီးသည် လူချောလူလှ ပိုးလစ်အမျိုးသား

www.burmeseclassic.com



အား သူ့ကိုယ်သူ အလွန်ချော အလွန်လှသည့် ပိုးလစ်အမျိုးသမီးတစ်ယောက်အဖြစ် အသွင်ပြောင်းလိုက်မည်ဆိုပါက သူမထံသို့ အနှောင့်အယှက် အဟန့်အတားမရှိဘဲ ဝင်လိုဝင်၊ ထွက်လိုထွက် လုပ်နိုင်ဖွယ်ရှိသည်ဟု အကြံပြုသည်။ ထို့ပြင်လည်း အခုလို ဆောင်းဥတုတွင် အဝတ်အစားများကို ထူထူထဲထဲ များများစားစား ဝတ်ဆင်ထားရမည် ဖြစ်သဖြင့် သူတို့၏ ရုပ်ပြောင်းရုပ်လွှဲအတွက် အထောက်အကူပင် ပြုနိုင်လိမ့်မည်ဟု သူမက ဆိုသည်။

ဤသို့ဖြင့် အမျိုးသမီးသည် သူမ၏ချစ်သူအတွက် မိန်းမဝတ် အဝတ်အထည်လှလှ အမြောက်အမြားကို ဝယ်ပေးသည်။ ရက်အနည်းငယ်အတွင်းမှာပင် သူမသည် သူမ၏လင်ယောကျ်ားအား သူမ ကားလ်ဘာက် ပင်လယ်ကမ်းခြေသို့ နွေရာသီ ခရီးထွက်ခဲ့စဉ်က ခင်မင်ခဲ့သည့် ပိုးလစ်ရှိ အမျိုးသမီး သူငယ်ချင်းမတစ်ဦးသည် ယခုနှစ် ဆောင်းရာသီတွင် ဗီယင်နာသို့လာ၍ နေထိုင်လိမ့်မည်ဖြစ်ကြောင်း၊ ဗီယင်နာ၌ နေထိုင်စဉ်အတွင်း သူမထံသို့ မကြာခဏ လာ၍အိပ်လိမ့်မည်ဖြစ်ကြောင်း ပြောပြလေ၏။

သူမ၏ယောကျ်ားကလည်း သူ့မိန်းမ ပြောပြသမျှကို စိတ်မပါ တစ်ပါဖြင့် နားထောင်သည်။ သူ့အနေဖြင့် သူ့မိန်းမ၏ သူငယ်ချင်းအမျိုးသမီးများအား ဘယ်တော့မှ ပိုးခြင်းပန်းခြင်း ချစ်ရေးငင်ခြင်း မပြုဟု သူ့ကိုယ်သူ စည်းကမ်းသတ်မှတ်ထားသည် မဟုတ်ပါလား။ ထို့ကြောင့်လည်း သူသည် ညပိုင်းတွင် အိမ်၌မရှိ။ ခါတိုင်းညများကဲ့သို့ပင် သူ့ကလပ်သို့သွားမြဲတိုင်းသွား၍ အချိန်ဖြုန်းသည်။ နောက်တစ်နေ့တွင် သူ့မိန်းမ ပြောပြထားသည့် ပိုးလစ်ရှိအမျိုးသမီးအကြောင်းကို လုံးဝ သတိမရတော့ပေ။

ထိုနေ့က လင်ယောကျ်ားဖြစ်သူ အိမ်မှထွက်သွားပြီးနောက် နာရီဝက်ခန့်အကြာတွင် အရပ်မြင့်မြင့်၊ ခန္ဓာကိုယ် သွယ်လျလျနှင့် ထူထဲလေးလံသော အဝတ်အထည်များ ဝတ်ထားသည် အမျိုးသမီးတစ်ယောက် လိုက်ပါလာသည့် မြင်းရထားတစ်စီးသည် အိမ်ရှေ့၌ ရပ်သည်။ အထဲမှ ဆင်းလာ

www.burmeseclassic.com



သော အမျိုးသမီးသည် အိမ်ထဲသို့ ဝင်ရောက်လာပြီး ကော်ဇောများ ထူထပ်စွာခင်းထားသည့် လှေကားထစ်များအတိုင်း တက်လာသည်။

ပိုးလစ်ရှိလူငယ်မှာ မိန်းမအဝတ်အစားများဝတ်၍ မိန်းမတစ်ယောက်အသွင် ဟန်ဆောင်နေရသည့်အလုပ်တွင် ချက်ချင်းအသားကျကာ ချက်ချင်းပင် အဆင်ပြေသွားခဲ့လေရာ လူအများ သွားလာကျက်စားနေသည့် လမ်းများပေါ်၌ပင် ရဲရဲဝံ့ဝံ့ သွားရဲလာရဲ ဖြစ်လာသည်။ တကယ့်မိန်းမတစ်ယောက်သဖွယ် သွားလာလှုပ်ရှားနေရသည်ကိုပင် များစွာသာယာကျေနပ်လျက်ရှိနေလေပြီ။ လမ်းပေါ်၌ သွားလာနေကြသော အထက်တန်းလွှာမှ ယောကျ်ားများကလည်း သူ့အား စိတ်ဝင်တစား ကြည့်လာကြသည်။ တချို့သော ယောကျ်ားများသည် သူ့နောက်မှ တကောက်ကောက်လိုက်ကာ 'ငမ်းကြော' ထလာကြသည်။ ပိုးလစ်ရှိလူငယ်သည် မိန်းမအဖြစ် ဟန်ဆောင်နေရသည့် သူ့အလုပ်အပေါ်၌ ပို၍သဘောကျလာသည်။ ကျေနပ်အားရလာသည်။ မိမိအားကြည့်၍ 'ဏှာဘူး' ထနေကြသော ယောကျ်ားများ၏အဖြစ်ကို ကြည့်ကာ များစွာသာယာကြည်နူးလျက် ရှိလေ၏။

တဖြည်းဖြည်းနှင့် ပိုးလစ်ရှိလူငယ်သည် သူ့အလုပ်၌သာယာကာ ပို၍ ပို၍ အတင့်ရဲလာသည်။ တစ်ညတွင်မူ သူသည် မြွေပါသားမွေးအနွေးထည်ကြီးကိုဝတ်ကာ အော်ပရာပြဇာတ်ရုံသို့သွား၍ သီးသန့်အထူးတန်းမှနေပြီး ပြဇာတ်ကြည့်သည်။ နက်မှောင်သော ဆံပင်တုသည် သူ၏နဖူးထက်တွင် လှိုင်းများထနေသည့်နှယ် လှပစွာ ဝဲပုံကျနေကြလေသည်။

သူနှင့် မျက်နှာချင်းဆိုင်ရှိ အထူးသီးသန့်ခန်းမှ လူငယ်လူချောတစ်ယောက်သည် သူ့အား စ၍မြင်ကတည်းက အဆက်မပြတ် လှမ်း၍ လှမ်း၍ ကြည့်နေသည်ကို သူ သတိထားမိလာသည်။ သူကလည်း အခြေအနေကို ရိပ်စားနားလည်နေသည့်အားလျော်စွာ တစ်ဖက်မှကြည့်နေသူအနေရခက်သည်ထက် ခက်လာအောင် မိန်းမတို့မာယာ သဲကိုးဖြာ လုပ်ပြလျက်ရှိလေ၏။ ဤသို့ဖြင့် ပြဇာတ်၏ တတိယပြကွက်အပြီးတွင် ရုံစောင့်

www.burmeseclassic.com



တစ်ဦးသည် မေတ္တာရှင်နတ်သမီးလေး ဗီးနပ်သဖွယ် အလှကြွယ်နေသော ပိုးလစ်ရှိလူငယ်ထံသို့ ပန်းစည်းတစ်စီး လာပို့သွားသည်။ ပန်းစည်းထဲတွင် လျှို့ဝှက်၍ထည့်လွှတ်လိုက်သော ကတ်ကလေးတစ်ခုကို တွေ့ရသည်။ ထို ကတ်ပေါ်တွင် ခဲတံဖြင့်ရေးထားသည့်စာကိုပါ ဖတ်ရလေ၏။

“မင်းဟာလေ ကမ္ဘာပေါ်မှာ ချစ်စရာအကောင်းဆုံး အလှ
တစ်ပါးပါပဲကွယ်၊ ကိုယ့်ကို မင်းနဲ့တွေ့ခွင့်ပေးပါလားကွယ်”

ပိုးလစ်ရှိလူငယ်သည် သူ့အလှ၏ဖမ်းစားမှုကို ခံနေရသောလူ၏ နာမည်ကို ဖတ်လိုက်ရသည့်အခါ ပြုံးသည်။ သူ့အပြုံးသည် မလိုတမာပြုံး ဖြစ်၏။ ‘ပေးလ်စကား’ ဟူသောနာမည် ပုံနှိပ်ထားသည့် ကတ်ကလေးတစ်ခု အပေါ်၌ စာကြောင်းလေးတစ်ကြောင်း ရေးလိုက်ပြီး ပန်းစည်းလာပို့သော မြားနတ်မောင်၏ လက်သို့ ပြန်ပေးလိုက်လေ၏။ သူရေးလိုက်သည့် စာ တစ်ကြောင်းမှာ ‘ပြဇာတ်ပြီးသွားတဲ့အခါ . . . ’ ဟု ဖြစ်သည်။

ပြဇာတ်ပြီး၍ မြင်းရထားဆီသို့ လျှောက်လာသော ဗီးနပ်အလှမယ် သည် သူ့မြင်းလှည်းအနီး၌ရပ်နေသော လူချောလူငယ်နှင့် ဆုံမိသည်။ လူငယ်သည် ဦးထုပ်ကိုချွတ်၍ လက်တစ်ဖက်ဖြင့် ကိုင်ထားပြီး ကျန်တစ် ဖက်ဖြင့် မြင်းရထားတံခါးကို ဖွင့်ပေးသည်။ သူနှင့်အတူ မြင်းရထားထဲ၌ ထိုင်ခွင့်ကိုပါ လူငယ်အား ပေးသည်။ ချိုမြသောအပြုံး၊ သိမ်မွေ့သောလေသံ၊ ချစ်စရာကောင်းသော အမူအရာဖြင့် စကားပြောလာသည်။ သို့သော်လည်း လူငယ်အား သူ့အိမ်ထဲသို့ ဝင်ခွင့်မပြုချေ။ သူ့အိမ်သို့ မရောက်မီမှာပင် အကြင်နာကင်းမဲ့စွာဖြင့် မြင်းရထားပေါ်မှ ဆင်းခိုင်းခဲ့သည်။

ထို့နောက် သူသည် ညစဉ်ညတိုင်း ဇာတ်ရုံသို့ သွားသည်။ သွား တိုင်းလည်း ချစ်ဇောရမက် ပြင်းထန်နေသော ခံစားမှုကိုဖော်ပြသည့် စာတို ကလေးတစ်စောင်ကို ရစမြဲ။ ဇာတ်ပွဲပြီး၍ အိမ်ပြန်သည့်အခါတိုင်းလည်း ချစ်ဇောရမက် ပြင်းထန်နေသော လူငယ်အား သူ့မြင်းရထားနှင့် အိမ်နှင့် မလှမ်းမကမ်းအထိ လိုက်ခွင့်ပေးသည်။ ဘေးပတ်ဝန်းကျင်မှ ယောက်ျား

www.burmeseclassic.com



များသည် လူငယ်အပေါ်၌ မနာလိုတိုရှည် ဖြစ်လာကြသည်။ အချစ်ပွဲတွင် အောင်ပွဲရသွားသော လူငယ်အား မလိုမလားဖြစ်ကာ ငြိုငြင်လာကြသည်။ ထိုစဉ်မှာပင် ဤဇာတ်လမ်း၌ ပါဝင်ဆက်စပ်နေသူ အားလုံးအတွက် အံ့အားသင့်စေမည့် ဘေးအန္တရာယ်ကြီးတစ်ခုသည် ပေါ်ပေါက်လာလေသည်။

တစ်ရက်တွင် အမျိုးသမီး၏ လင်ယောကျ်ားသည် ပိုးလစ်ရှ်လူငယ်နှင့် သူ့ဇနီးတို့၏ တိတ်တခိုး ချစ်ဇာတ်လမ်းကို ဖမ်းမိသွားခဲ့သည်။ ဘယ်လိုနည်းနှင့်မှ သည်းခံခွင့်လွှတ်မရသော ဖောက်ပြန်မှုမျိုး ဖြစ်သည့်အားလျော်စွာ လင်ဖြစ်သူသည် မနာလိုဝန်တိုစိတ်ဖြင့် အကြီးအကျယ် ဒေါသူပုန်ထသည်။ နံရံပေါ်၌ ချိန်ထားသည့်ဓားကို ဓားအိတ်ထဲမှ ဆွဲထုတ်လိုက်သည်။ သူ့မိန်းမသည် ထိုအဖြစ်ကို မြင်လိုက်သည့်အခါ ထိတ်လန့်တကြားဖြစ်ပြီး သတိလစ်သွားသည်။ ပိုးလစ်ရှ်လူငယ်ကတော့ မိန်းမဆံပင်တုကို ကပျာကယာ ခေါင်းတွင်စွပ်လိုက်ပြီး ပိုးသားဂါဝန်အင်္ကျီကို ပြန်ဝတ်ထားလိုက်သည်။

''ဘာလဲ . . ကွ၊ ပေးလ်စကားဆိုတာ ဘာအဓိပ္ပာယ်လဲ''ဟုအမျိုးသမီး၏ ယောကျ်ားက မေးသည်။

''ဟုတ်ကဲ့ . . ခင်ဗျာ'' ဟု ပိုးလစ်ရှ်လူငယ်က ပြန်ပြောသည်။ ''ပေးလ်စကားက လူကြီးမင်းရဲ့ဇနီးကို ရည်းစားစာလေးတွေပြဖို့ ဒီကို ရောက်လာတာပါ ခင်ဗျာ၊ စာတွေက . . .''

''မပြနဲ့ . . မပြနဲ့'' ဟု အလှည့်အပတ်ခံထားရသော လင်ယောကျ်ားက သူ့တွင်လည်း အပြစ်ရှိနေသဖြင့် တားမြစ်သည်။ ''မပြပါနဲ့၊ ဒါတွေပြဖို့မလိုအပ်ပါဘူး'' သူသည် ပြောပြောဆိုဆိုပင် လက်ထဲမှဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်သည်။

''ဒီလိုဆိုရင်လည်း ကောင်းပြီလေ၊ ကျွန်တော်တို့နှစ်ယောက်ကြားမှာ ယာယီသဘောတူညီမှုတစ်ခုတော့ရပြီလို့ သတ်မှတ်ကြတာပေါ့'' ဟု ပိုးလစ်ရှ်လူငယ်က အေးအေးဆေးဆေး ပြန်ပြောသည်။ ''ဒါပေမဲ့ တစ်ခု

www.burmeseclassic.com



သတိပေးချင်တာက ကျွန်တော် ဘယ်လိုဘယ်နည်းမျိုးတွေ ပိုင်ဆိုင်ထားတယ်ဆိုတာ ခင်ဗျား မေ့မသွားဖို့ပဲ၊ ဒီလက်နက်တွေကို ကျွန်တော် အမြဲတစေ ထိန်းသိမ်းထားမှာပါ''

ထို့နောက် အမျိုးသားနှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်ရပ်ကာ တလေးတစား ဦးညွှတ်လိုက်ကြသည်။ မမျှော်လင့်သော ဆုံစည်းမှုသည် ဤတွင် ပြီးဆုံးသွားလေ၏။

ထိုအချိန်မှစ၍ ငယ်ရွယ်သူ အိမ်ထောင်သည်စုံတွဲသည် ထာဝစဉ် ငြိမ်းချမ်းမှု ရရှိရေးအတွက် တစ်ချိန်သောအခါက အမေရိကန်သမ္မတ ဂရန့်က တစ်ကမ္ဘာလုံးရှိ လူမျိုးအားလုံးထံပေးပို့ခဲ့သည့် သဝဏ်လွှာထဲ၌ ကတိပေးထားခဲ့အတိုင်း ငြိမ်းချမ်းစွာ အတူတကွ နေထိုင်ရေးမူကို ကျင့်သုံး၍ နေထိုင်သွားကြလေ၏။ မိန်းမကလည်း သူ့ချစ်သူအား မိန်းမ အဝတ်အစား ဝတ်ပေးဖို့ မလိုတော့ချေ။ လင်ဖြစ်သူကလည်း တကယ့်ပေးလ်စကားနှင့် အစဉ်အမြဲ တွဲလိုက တွဲနိုင်လေသည်။

**Colight**
**by Guy De Maupassant**

www.burmeseclassic.com

[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]

([illegible] ... )

# [illegible]

[illegible]

design: cc kyaw khaing